# &irmuc&pOiusr;

## ယေရှုကြွလာတော်မူခြင်း

*(မ ၃း၁-၁၂၊ လု ၃း၁-၉၊၁၅-၁၇၊ ယော ၁း၁၉-၂၈)*

၁ ပရောဖက်ဟေရှာယရေးထားသကဲ့သို့ ဘုရား
သခင်၏သားတော်ယေရှုခရစ်၏ ဝမ်းမြောက်
ဖွယ်ရာသတင်းဖြစ်၏။ ၂ ပရောဖက်ဟေရှာယက

"နားထောင်လော့။
ငါ *(ဘုရား)* ကိုကူမမည့်သူကို
သင်တို့ရှေ့သို့ ငါစေလွှတ်မည်၊
သူသည် သင့်အတွက်
လမ်းကိုပြင်ဆင်ပေးထားမည်"

*မာလခိ ၃း၁*

၃ "တော၌ဟစ်ကြော်နေသော သူ၏အသံမှာ
ထာဝရဘုရားကြွတော်မူရာလမ်းကို
ပြင်ဆင်ပေးကြလော့၊
လမ်းခရီးတော်ကို ဖြောင့်စေကြလော့"

*ဟေရှာယ ၄၀း၃*

ဟု ရေးထားခဲ့၏။
၄ ထို့ကြောင့် ဗတ္တိဇံဆရာယောဟန်သည် လာ၍
တော၌ လူများကို ဗတ္တိဇံပေး၏။ သူက လူတို့အား
နောင်တရပြီး ဗတ္တိဇံခံယူရန် တိုက်တွန်းလေ၏။
သို့ပြုလျှင် သူတို့အပြစ်များကို ခွင့်လွှတ်တော်မူ
လိမ့်မည်။ ၅ ယုဒနယ် ယေရုရှလင်မြို့မှလူတို့သည်
ယောဟန်ထံသို့ လာကြပြီး မိမိတို့အပြစ်များကိုဝန်ခံ
ကာ ယော်ဒန်မြစ်၌ ဗတ္တိဇံကို ခံယူကြ၏။
၆ ယောဟန်သည် ကုလားအုပ်မွေးဖြင့် ရက်
လုပ်သော အဝတ်ကို ဝတ်လျက် ခါး၌သားရေခါး
ပတ်ကို ပတ်ထားလေသည်။ သူသည် ကျိုင်းကောင်
နှင့် တောမုရသောပျားရည်ကို စား၏။
၇ ယောဟန်က "ငါ့ထက်မြင့်မြတ်တဲ့လူတစ်
ယောက် မကြာခင်လာလိမ့်မယ်။ အဲဒီလူရဲ့ဖိနပ်
ကြိုးကိုဖြည်ပေးဖို့တောင် ငါနဲ့မထိုက်ဘူး၊ ၈ ငါဟာ
သင်တို့ကို ရေမှာ ဗတ္တိဇံကို ပေးတယ်။ ဒါပေမယ့်
အဲဒီပုဂ္ဂိုလ်ကတော့ သန့်ရှင်းသောဝိညာဉ်တော်နဲ့
သင်တို့ကို ဗတ္တိဇံပေးလိမ့်မယ်"ဟု ဟောပြောလေ
၏။

## ယေရှုဗတ္တိဇံခံတော်မူခြင်း

*(မ ၃း၁၃-၁၇၊ လု ၃း၂၁-၂၂)*

၉ ထိုအချိန်တွင် ယေရှုသည် ဂါလိလဲပြည် နာဇ
ရက်မြို့မှ ယောဟန်ရှိရာသို့ ကြွလာတော်မူ၏။
ယောဟန်သည် ယေရှုအား ယော်ဒန်မြစ်၌ ဗတ္တိဇံ
ပေးလေ၏။ ၁၀ ယေရှုသည် ရေထဲမှ ထလာစဉ်တွင်
ကောင်းကင်ပွင့်လှစ်လာပြီး သန့်ရှင်းသောဝိညာဉ်
တော်သည် ချိုးငှက်ကဲ့သို့ ကိုယ်တော်အပေါ် ဆင်း
သက်တော်မူသည်ကို သူမြင်လေ၏။ ၁၁ ကောင်းကင်
မှထွက်ပေါ်လာသောအသံတော်မှာ "ဤသူသည်
ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားဖြစ်၏" ဟူသ
တည်း။

## ယေရှုစုံစမ်းခြင်းခံရန် ထွက်ကြွတော်မူခြင်း

*(မ ၄း၁-၁၁၊ လု ၄း၁-၁၃)*

၁၂ ထို့နောက် သန့်ရှင်းသောဝိညာဉ်တော်သည်
ယေရှုအားတောသို့ပို့ဆောင်၏။ ၁၃ ယေရှုသည် တော
၌ ရက်ပေါင်းလေးဆယ်နေလေ၏။ တောရိုင်း
တိရစ္ဆာန်များနှင့်အတူ ရှိခဲ့၏။ ယေရှုသည် တော၌
ရှိစဉ် စာတန်သည် စုံစမ်းသွေးဆောင်လေ၏။ ၎င်း
နောက်တွင်ကောင်းကင်တမန်တို့သည်ယေရှုအား
ကူမပြုစုကြ၏။

## ယေရှုကနောက်လိုက်အချို့ကိုရွေးချယ်တော်မူခြင်း

*(မ ၄း၁၂-၂၂၊ လု ၄း၁၄-၁၅၊ ၅း၁-၁၁)*

၁၄ ထိုနောက်တွင် ယောဟန်သည် အကျဉ်း
ကျလေ၏။ ယေရှုသည် ဂါလိလဲပြည်သို့ သွား၍
ဘုရားသခင်၏ဝမ်းမြောက်ဖွယ်သတင်းကောင်းကို
ဟောပြောတော်မူ၏။ ၁၅ ယေရှုက "အချိန်ကျပြီ၊
ဘုရားသခင်ရဲ့နိုင်ငံတော်တည် လုနီးပြီ၊ သင်တို့ရဲ့
စိတ်နှလုံးနဲ့ အသက်တာပြောင်းလဲပြီး ဝမ်းမြောက်
ဖွယ်သတင်းကို ယုံကြည်ကြပါ"ဟု မိန့်တော်မူ၏။
၁၆ ယေရှုသည် ဂါလိလဲရေအိုင်နားသို့ ကြွတော်
မူစဉ် ရှိမုန်နှင့် ရှိမုန်၏ညီ အန္ဒြေတို့ကို မြင်တော်
မူ၏။ သူတို့နှစ်ယောက်မှာ တံငါသည်များဖြစ်ပြီး
ငါးဖမ်းရန် အိုင်ထဲသို့ ပိုက်များကို ချနေကြသည်။
၁၇ ယေရှုက "ငါ့နောက်ကို လိုက် ခဲ့ကြ။ သင်တို့ကို
လူကိုဖမ်းတဲ့ တံငါသည် တွေ ဖြစ်စေမယ်"ဟု မိန့်

တော်မူ၏။ ၁၈ ထိုအခါရှိမုန်နှင့်အန္ဒြေတို့သည်သူတို့
၏ပိုက်ကွန်ကို စွန့်ကာ နောက်တော်သို့ လိုက်ကြ
လေ၏။
၁၉ ယေရှုသည်ဂါလိလဲရေအိုင်နားတွင် ဆက်၍
ကြွတော်မူစဉ် နောက်ထပ်ညီအစ်ကိုနှစ်ယောက်
ဖြစ်သောဇေဗေဒဲသားယာကုပ်နှင့်ယောဟန်တို့ကို
တွေ့မြင်တော်မူ၏။ သူတို့သည် လှေပေါ်တွင် ငါး
ဖမ်းရန်ပိုက်ကို ပြင်နေကြသည်။ ၂၀ သူတို့အဘ
ဇေဗေဒဲနှင့် အလုပ်သမားတို့သည်လည်း သူတို့
ညီအစ်ကိုနှင့်အတူ လှေပေါ်တွင်ရှိနေကြ၏။ ယေရှု
က ထိုညီအစ်ကို နှစ်ယောက်ကို တွေ့လျှင် ခေါ်
တော်မူ၏။ သူတို့သည် အဘကို ထားခဲ့ပြီး နောက်
တော်သို့ လိုက်ကြလေ၏။

**ယေရှုကနတ်ဆိုးဝင်သောလူကို ကျန်းမာစေမူခြင်း**

*(လု ၄း၃၁-၃၇)*

၂၁ ယေရှုနှင့် နောက်လိုက်တို့သည် ကပေရ
နောင်မြို့သို့သွားကြ၏။ ဥပုသ်နေ့တွင် ယေရှုသည်
တရားဇရပ်သို့သွားပြီး ဩဝါဒပေးတော်မူ၏။ ၂၂ လူ
တို့သည် ယေရှုဩဝါဒ ပေးခြင်းကို အလွန်အံ့ဩကြ
၏။ ယေရှုသည် ကျမ်းပြုဆရာများကဲ့သို့ ဩဝါဒ
မပေး။ အစိုးရ သောအာဏာရှိသူကဲ့သို့ ပေးတော်
မူ၏။ ၂၃ ယေရှုသည် တရားဇရပ်၌ရှိနေစဉ် နတ်ဆိုး
ဝင်နေသူတစ်ဦးရောက်လာ၏။ ၂၄ ထိုသူသည် ကျယ်
လောင်စွာဖြင့် "နာဇရက်မြို့သားယေရှု၊ ကိုယ်တော်
ဟာ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ၊ ကျွန် တော့်တို့ကို
ဖျက်ဆီးဖို့ လာတာလား၊ ကိုယ် တော် ဘယ်သူဆို
တာ ကျွန်တော်တို့သိပါတယ်"ဟု အော်ဟစ်၏။
၂၅ ယေရှုက "တိတ်တိတ်နေလော့၊ ထိုသူအထဲ
က ထွက်သွားပါ"ဟု အမိန့်ပေးလိုက်၏။ ၂၆ နတ်
ဆိုးသည် ထိုသူကို တစ်ကိုယ်လုံး တုန်ယင်စေ၏။
ထို့နောက် နတ်ဆိုးသည် ကျယ်လောင်စွာ အော်
ဟစ်လျက် ထိုသူအထဲမှ ထွက်သွားလေ၏။
၂၇ လူတို့သည် အံ့ဩမိန်းမောသွားကြပြီး တစ်
ယောက်နှင့်တစ်ယောက် မေးမြန်းကြလေ၏။"ဘာ
တွေဖြစ်နေတာလဲ၊ သူက ဩဝါဒအသစ်ကို သွန်
သင်တယ်။ ပြီးတော့ ဩဇာ အာဏာလည်းပါတယ်။
နတ်ဆိုးတွေတောင်သူ့အမိန့်ကိုနာခံကြပါလား"ဟု
အချင်းချင်း ပြောဆိုကြ၏။ ၂၈ ထို့ကြောင့် ယေရှု၏
သတင်းတော်သည်ဂါလိလဲပြည်တစ်လျှောက်လျင်
မြန်စွာ ပျံ့နှံ့သွားလေတော့သည်။

**ယေရှုက လူများကို ကျန်းမာစေတော်မူခြင်း**

*(မ ၈း၁-၄၊ လု ၅း၁၂-၁၆)*

၂၉ ယေရှုသည် နောက်လိုက်နှင့်အတူ တရား
ဇရပ်မှ ထွက်ခွါသွားကြ၏။ သူတို့သည် ယာကုပ်၊
ယောဟန်တို့နှင့်အတူ ရှိမုန်၊ အန္ဒြေတို့၏အိမ်သို့
သွားကြ၏။ ၃၀ ရှိမုန်၏ယောက္ခမသည် အိပ်ရာထက်
တွင်ပြင်းစွာအဖျားတက် လျက်ရှိနေသည်။ လူများ
က ယေရှုအား သူမအကြောင်းကို ပြောကြ၏။
၃၁ ယေရှုသည် သူမ၏အိပ်ရာဆီသို့သွားပြီး သူမ
မတ်တပ်ရပ် ရန် သူမ၏လက်ကို ဆွဲထူပေးတော်
မူ၏။ သူမ၏အဖျားမှာ ချက်ခြင်းပျောက်သွားပြီးသူမ
သည်ယေရှုနှင့်နောက်လိုက်တို့အားဧည့်ခံကျွေးမွေး
လေ၏။
၃၂ ထိုနေ့နေဝင်ပြီးညပိုင်းတွင် လူများတို့သည်
ရောဂါဝေဒနာအမျိုးမျိုးခံစားနေရသူများနှင့် နတ်
ဆိုးစွဲသူများကို ယေရှုထံတော်သို့ ခေါ်ဆောင်လာ
ခဲ့ကြသည်။ ၃၃ တမြို့လုံးရှိလူတို့သည် ထိုအိမ်တံခါးဝ
တွင် စုရုံးနေကြသည်။ ၃၄ ယေရှုသည် ရောဂါဝေဒနာ
အမျိုးမျိုးကို ခံစားနေရသူများအား ကျန်းမာစေတော်
မူ၏။ နတ်ဆိုးစွဲသူတို့အထဲမှ နတ်ဆိုးများကိုလည်း
နှင်ထုတ်တော်မူပြီး နတ်ဆိုးတို့အား စကားပြော
ခွင့်မပြုချေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည်
ယေရှုမည်သူဖြစ်သည်ကို သိနေကြသောကြောင့်
ဖြစ်သည်။

**ယေရှုသည်ဝမ်းမြောက်ဖွယ်သတင်းကိုဟောပြောရန်**
**ပြင်ဆင်တော်မူခြင်း**

*(လု ၄း၄၂-၄၄)*

၃၅ နောက်တစ်နေ့ မနက်စောစောမိုးမလင်းမီ
ယေရှုသည် ဆိတ်ငြိမ်ရာအရပ်တွင် ဆုတောင်းရန်
ထသွားတော်မူ၏။ ၃၆ ထို့နောက် ရှိမုန်နှင့်သူ၏
မိတ်ဆွေများသည် ယေရှုကို ရှာ ကြ၏။ ၃၇ ယေရှုကို
တွေ့ကြလျှင် "ကိုယ်တော့်ကို လူတွေရှာနေကြပါ
တယ်"ဟု လျှောက်ကြ၏။
၃၈ ယေရှုက"ဒီအနီးအနားဝန်းကျင်ကို တရား
သွားဟောကြစို့။ ဒီအတွက် ငါကြွလာတာဖြစ်တယ်"
ဟု မိန့်တော်မူ၏။ ၃၉ ထို့နောက် ယေရှုသည် ဂါလိ
လဲပြည်အရပ်ရပ်သို့ ဒေသစာရီ ကြွတော်မူလေ၏။
ယေရှုသည် တရားဇရပ်တို့၌ တရားဟောပြီး နတ်
ဆိုးစွဲသောသူများအထဲမှ နတ်ဆိုးများကိုလည်း
နှင်ထုတ်တော်မူ၏။

**ယေရှုသည် ရောဂါသည်တစ်ယောက်ကို ကျန်းမာစေတော်မူခြင်း**

*(မ ၈း၁-၄၊ လု ၅း၁၂-၁၆)*

[၄၀] နူနာစွဲနေသောလူတစ်ယောက်သည် ယေရှု
ထံတော်သို့ ရောက်လာ၏။ ထိုသူသည် ဒူးထောက်
လျက်“သခင်အလိုရှိရင် ကျွန်တော့်ကို ကျန်းမာ
စေနိုင်ပါတယ်”ဟု တောင်းပန်လေ၏။

[၄၁]ယေရှုသည် ထိုသူကို သနားသွားပြီး “ငါ
အလိုရှိတယ်၊ ကျန်းမာခြင်းသို့ရောက်စေ”ဟု မိန့်
တော်မူ၏။ [၄၂] ထို့နောက် ထိုသူသည် ချက်ခြင်းပင်
နူနာပျောက်ကင်းလေ၏။

[၄၃]ယေရှုသည် ထိုသူကို သေချာစွာသတိပေး
လျက် လွှတ်လိုက်တော်မူ၏။ [၄၄] “သင့်ကို ငါဘာ
လုပ်ပေးလိုက်တယ်ဆိုတာ ဘယ်သူ့ကိုမှ ပြောမပြ
ပါနဲ့။ ဒါပေမယ့် ယဇ်ပုရောဟိတ်တွေဆီသွားပြီး
ကိုယ်ကိုပြပါ။ပြီးရင်သင့်ရောဂါပျောက်တဲ့အတွက်
မောရှေပညတ်တဲ့အတိုင်း ပူဇော်သက္ကာကို ဆက်
သပါ”ဟု မိန့်တော်မူ၏။ [၄၅] ထိုသူသည် ထိုနေရာမှ
ထွက်သွားပြီး သူ၏ရောဂါကို ယေရှုပျောက်ကင်း
စေကြောင်း လူတို့အား ပြောပြ၏။ ထို့ကြောင့် ယေရှု
၏သတင်း သည် ပြန့်နှံ့သွားလေ၏။ ထိုအခါ ယေရှု
သည် လူများနှင့်ဝေးရာအရပ်တွင် တိမ်းရှောင်နေ
တော်မူ၏။ သို့သော်လည်း အရပ်ရပ်တို့မှ လာကြ
သောလူတို့သည် ယေရှုရှိသည့် အရပ်တွင် ရောက်
လာကြလေသည်။

**ယေရှုသည် ခြေလက်သေသူတစ်ယောက်ကို ကျန်းမာစေတော်မူခြင်း**

*(မ ၉း၁-၈၊ လု ၅း၁၇-၂၆)*

၂ ရက်အနည်းငယ်ကြာသော် ယေရှုသည်
ကပေရနောင်မြို့သို့ ပြန်ကြွလာ၏။ ယေရှု ပြန်
ရောက်နေကြောင်း သတင်းတော်သည် ပျံ့နှံ့သွား
၏။ [၂] လူများစွာတို့သည် ယေရှု၏ တရားတော်ကို
ကြားနာရန် စုရုံးလာကြရာ အိမ်တွင် လူများပြည့်
ကြပ်နေ၏။ အိမ်ပြင်ဘက်တွင်ပင် မတ်တပ်ရပ်
ရန် နေရာမရှိပေ။ ထိုသူများကို ယေရှုဟောပြော
တော်မူစဉ်[၃]လူတစ်ချို့တို့သည်ခြေလက်သေနေသူ
ကို အထံတော်သို့ ယူဆောင်လာကြ၏။ ထိုသူကို
လူလေးယောက်တို့က သယ်လာကြ၏။ [၄] သို့သော်
အိမ်ထဲတွင် လူများဖြင့်ပြည့်ကြပ်နေသောကြောင့်
ယေရှုထံသို့ မရောက်နိုင်ကြ။ ထိုအခါ သူတို့သည်
ယေရှုအပေါ်တည့်တည့် ရှိ ခေါင်မိုးကို ဖောက် ပြီး
အိပ်ရာနှင့်တကွ ခြေလက်သေသောသူကို လျော
ချကြ၏။ [၅] ယေရှုသည် ထိုသူတို့၏ ယုံကြည်ခြင်း
ကြီးမားပုံကို မြင်တော်မူ၏။ ထို့နောက် ခြေလက်
သေနေသော သူအား“လူကလေး၊ သင့်အပြစ်တွေ
ကို ခွင့်လွှတ်ပြီ”ဟု မိန့်တော်မူ၏။

[၆]ထိုနေရာတွင် ကျမ်းပြုဆရာအချို့လည်းထိုင်
နေကြ၏။ ယေရှု ပြောသောစကားကို သူတို့ကြား
သော်၊ [၇] “ဒီလူ ဘာကြောင့်ဒီလိုပြောရတာလဲ။ သူ
ဟာ ဘုရားကို ဆန့်ကျင်တဲ့စကားကို ပြောတာပဲ။
ဘုရားကသာ အပြစ်လွှတ်နိုင်တယ်”ဟု အချင်းချင်း
ပြောဆိုကြ၏။

[၈] ယေရှုက ဤကျမ်းပြုဆရာများစိတ်ထဲ၌ ဖြစ်
နေသည့်အရာကိုသိတော်မူ၏။ ထို့ကြောင့် “သင်တို့
စိတ်ထဲမှာ ဘာကြောင့် ဒီလိုထင်ကြရတာလဲ”ဟု
မေးတော်မူ၏။ [၉-၁၀] “လူသားဟာ မြေကြီးပေါ်မှာ
အပြစ်လွှတ်ပိုင်ခွင့်ရှိတယ်၊ ခြေလက်သေနေတဲ့လူ
ကိုသင့်အပြစ်ကိုခွင့်လွှတ်ပြီလို့ ပြောဖို့ ဒါမှမဟုတ်
သင့်အိပ်ရာကို သယ်ပြီးထွက်သွားပါလို့ ပြောဖို့
ဘယ်စကား ကို ပြောရတာလွယ်သလဲ၊ ဒါပေမယ့်
လူသားဟာ မြေကြီးပေါ်မှာ အပြစ်စီရင်ပိုင်ခွင့်ရှိ
တယ်ဆိုတာ သင်တို့ကို ငါပြမယ်” ဟု မိန့်တော်မူ
၏။ [၁၁] ထို့နောက် ယေရှုက ခြေလက်သေနေသော
သူအား “ထလော့၊ ကိုယ်အိပ်ရာကိုသယ်ပြီး အိမ်ကို
ပြန်ပါ”ဟု မိန့်တော်မူ၏။ [၁၂] ထိုအခါ ထိုသူသည် ထ
လျက် သူ့အိပ်ရာကို ယူပြီး အခန်းထဲမှ ထွက်သွား
၏။ လူတို့သည် သူ့ကိုမြင်သောအခါ အံ့ဩလျက်
ဘုရားသခင်ကို ချီးမွမ်းကြ၏။ “ငါတို့ မြင်ဖူးသမျှ
ထဲမှာ အံ့ဩစရာအကောင်းဆုံးပဲ”ဟုပြောကြ၏။

**မဿဲ ယေရှုနောက်တော်သို့လိုက်ခြင်း**

*(မ ၉း၉-၁၃၊ လု ၅း၂၇-၃၂)*

[၁၃] ယေရှုသည် အိုင်သို့တစ်ဖန်ကြွတော်မူရာ
လူတို့သည် နောက်တော်သို့ လိုက်လာကြ၏။ ထို
အခါ ယေရှုသည် ဩဝါဒပေးတော်မူ၏။ [၁၄] ယေရှု
သည်အိုင်နားသို့ကြွတော်မူစဉ်လေဝိအမည်ရှိသော
အခွန်ခံတစ်ဦးကို တွေ့လေ၏။ သူသည် အာလဖဲ
၏ သားဖြစ်၏။ လေဝိသည် အခွန်ခံရုံးခန်း၌ထိုင်
နေ၏။ ယေရှုက သူ့အား “ငါ့နောက်လိုက်ခဲ့”ဟု
မိန့်တော်မူ၏။ ထိုအခါ လေဝိသည် ထိုင်ရာမှထပြီး
နောက်တော်သို့လိုက်လေ၏။

[၁၅] ထို့နောက် ယေရှုသည် လေဝိ၏အိမ်တွင်
နောက်လိုက်များနှင့်စားသောက်လျက်နေကြ၏။
အခွန်ခံသူများနှင့် ဆိုးသောသူတို့သည်လည်း
သူတို့နှင့်အတူ စားသောက်နေကြ၏။ ယေရှု

နောက်တော်သို့ လိုက်လာသူများစွာတို့လည်း ရှိ
ကြ၏။ ၁၆ ကျမ်းပြုဆရာဖာရိရှဲတို့က ယေရှုသည်
အခွန်ခံများ၊ ဆိုးသောသူများနှင့်အတူစားသောက်
နေသည်ကို မြင်ကြ၏။ သူတို့က "ယေရှုဟာ ဘာ
ကြောင့် အခွန်ခံတွေ၊ ဆိုးတဲ့သူတွေနဲ့အတူ စား
သောက်နေရတာလဲ"ဟု နောက်လိုက်တို့အား မေး
မြန်းကြ၏။

၁၇ ထိုစကားကို ယေရှုကြားတော်မူလျှင် "ကျန်း
မာနေတဲ့သူဟာ ဆေးဆရာကို မလိုဘူး။ ဖျားနာ
နေတဲ့သူကသာ ဆေးဆရာကို အလိုရှိတယ်။ လူ
ကောင်းတွေအတွက် ငါလာတာမဟုတ်ဘူး။ လူဆိုး
တွေကို ခေါ်ဖို့ ငါလာတာဖြစ်တယ်"ဟု မိန့်တော်
မူ၏။

## ယေရှုသည် အခြားဘာသာရေးခေါင်းဆောင် များနှင့်မတူခြင်း

*(မ ၉း၁၄-၁၇၊ လု ၅း၃၃-၃၉)*

၁၈ ယောဟန်၏ နောက်လိုက်များနှင့် ဖာရိရှဲ
တို့သည် အစာရှောင်တတ်ကြ၏။ လူအချို့တို့သည်
ယေရှုထံတော်သို့လာကြပြီး "ယောဟန်ရဲ့ တပည့်
တွေနဲ့ ဖာရိရှဲတို့ကျတော့ အစာရှောင်ကြပြီး ကိုယ်
တော့်နောက်လိုက်တွေက ဘာလို့ အစာမရှောင်ကြ
တာလဲ"ဟု မေးလျှောက်ကြ၏။

၁၉ ယေရှုက "မင်္ဂလာဆောင်ပွဲမှာ သတို့သားနဲ့
သူ့မိတ်ဆွေတွေအတူပျော်ရွှင်နေကြတဲ့အချိန်မှာ
သူတို့ဟာ အစာမရှောင်ကြပါဘူး။ ၂၀ ဒါပေမယ့်
သတို့သားဟာ သူတို့နဲ့ ခွဲခွာချိန်ရောက်လာလိမ့်
မယ်၊ သတို့သားရဲ့မိတ်ဆွေတွေဟာ ဝမ်းနည်းကြ
ရလိမ့်မယ်။ အဲဒီ အခါကျရင် သူတို့တတွေဟာ
အစာရှောင်ကြလိမ့်မယ်"

၂၁ "အင်္ကျီအဟောင်းကို ပိတ်စအသစ်နဲ့ မဖာ
ကြဘူး။ အဲဒီလို ဖာခဲ့ရင် ဖာတဲ့ပိတ်စအသစ်က
အင်္ကျီဟောင်းကိုစားပြီး ပိုစုတ်ပြီးပြဲလာတတ်တယ်"
၂၂ "အဲဒီလိုပဲ၊ ဟောင်းနေတဲ့ စပျစ်ရည်အိတ်မှာ
စပျစ်ရည်အသစ် မထည့်တတ်ကြဘူး။ အဲဒီလိုထည့်
ခဲ့ရင်စပျစ်ရည်အသစ်ကစပျစ်ရည်အိတ်အဟောင်း
ကို စုတ်စေပြီး စပျစ်ရည်ယိုဖိတ်တတ်တယ်။ စပျစ်
ရည်အသစ်ကို စပျစ်ရည်အိတ်အသစ်ထဲ ထည့်ရ
တယ်"ဟု မိန့်တော်မူ၏။

## အချို့ဂျူးများက ယေရှုအား ဝေဖန်ကြခြင်း

၂၃ ဥပုသ်နေ့၌ ယေရှုသည် နောက်လိုက်တို့
နှင့်အတူ ဂျုံစပါးခင်းကို ဖြတ်လျှောက်သွားကြ၏။
နောက်လိုက်တို့က ဂျုံစပါးနှံကို ဆွတ်၍ စားကြ၏။
၂၄ ဖာရိရှဲတို့သည်မြင်လျှင် "သင့်နောက်လိုက်တွေ
ဘာကြောင့် ဒီလိုလုပ်ကြရတာလဲ၊ ဒါဟာ ပညတ်
တော် ကိုဆန့်ကျင်တာပဲ"ဟု ဆိုကြ၏။

၂၅ ယေရှုက "ဒါဝိဒ်နဲ့ သူ့အပေါင်းအဖော်တ
တွေဟာဆာလွန်းလို့မတတ်နိုင်တဲ့အခါ ဒါဝိဒ်ဘာ
လုပ်ခဲ့တယ်ဆိုတာကို တစ်ခါမှ မဖတ်ဖူးကြဘူး
လား။ ၂၆ ယဇ်ပုရောဟိတ်အဗျာသာ လက်ထက်က
ဒါဝိဒ်ဟာဘုရားသခင်ရဲ့အိမ်တော်ကိုဝင်ပြီး ဘုရား
သခင်ကို ပူဇော်ထားတဲ့ မုန့်ကို ယူစားခဲ့တယ်။
မောရှေရဲ့ပညတ်အရ အဲဒီမုန့်ကို ယဇ်ပုရောဟိတ်
မင်းကသာ စားခွင့်ရှိတယ်။ ဒါပေမယ့် ဒါဝိဒ်က
သူ့ရဲ့အပေါင်း အဖော်တွေကိုလည်း ပေးခဲ့တယ်"
ဟု မိန့်တော်မူ၏။

၂၇ ထို့နောက် ယေရှုက ဖာရိရှဲတို့အား "ဥပုသ်
နေ့ဟာ လူတွေကို ကူမဖို့အတွက်ဖြစ်တယ်။ လူကို
ဥပုသ်နေ့အတွက်လုပ်ထားတာမဟုတ်ဘူး။ ၂၈ ဒါ
ကြောင့် လူသားဟာ ဥပုသ်နေ့ရဲ့အရှင်သခင်ဖြစ်
တယ်"ဟုမိန့်တော် မူ၏။

## ယေရှုသည် လူနာကို ဥပုသ်နေ့၌ ကျန်းမာစေတော်မူခြင်း

*(မ ၁၂း၉-၁၄၊ လု ၆း၆-၁၁)*

၃ ယေရှုသည် တရားဇရပ်သို့ နောက်တစ်ဖန်ဝင်
လေ၏။ ထိုဇရပ်၌ လက်တစ်ဖက်သေသော
လူတစ်ယောက်ရှိ၏။ ၂ ယုဒလူအချို့တို့သည် ယေရှု
အား စောင့်ကြည့်နေကြ၏။ သူတို့က ယေရှုသည်
ဥပုသ်နေ့၌လူနာကို ကုသပေးမည့်အချင်းအရာကို
မြင်နိုင်ရန် စောင့်နေကြခြင်းဖြစ်သည်။ သူတို့သည်
ယေရှုထိုသို့ပြုခြင်းဖြင့် အပြစ်တင်စွပ်စွဲလိုကြသည်။
၃ ယေရှုကလက်တစ်ဖက်သေသောသူအား "သင့်ကို
လူအားလုံးမြင်နိုင်အောင် ဒီနေရာမှာ မတ်တပ်ရပ်
နေပါ"ဟု မိန့်တော်မူ၏။

၄ ထို့နောက် ယေရှုက လူတို့အား "ဥပုသ်နေ့
မှာ ဘာကိုလုပ်သင့်သလဲ။ ကောင်းမှုလုပ်မလား၊
မကောင်းမှုကိုလုပ်မလား၊ အသက်ကို ကယ်သင့်
သလား၊ သတ်သင့်သလား"ဟု မေးတော်မူလျှင်
ထိုလူတို့သည် ဘာမှပြန် မပြောကြ။

၅ ယေရှုသည် လူတို့ကိုကြည့်ပြီး အမျက်တော်
ထွက်နေ၏။ သို့ရာတွင် ကိုယ်တော်သည် ထိုသူတို့
၏ခေါင်းမာခြင်းအတွက်ဝမ်းနည်းတော်မူ၏။ ယေရှု
က လက်တစ်ဖက်သေနေ သောသူအား "သင့်
လက်ကို ဆန့်လော့" ဟု မိန့်တော်မူလျှင် ထိုသူ

သည် လက်ကို ဆန့်လိုက်သောအခါ ပကတိ ပြန်
ကောင်းသွားလေ၏။ ၆ ထိုနောက် ဖာရိရှဲတို့သည်
ဟေရုဒ်၏ တပည့်တို့နှင့် ယေရှုကိုသတ်ရန် စီစဉ်
ကြ၏။

**လူအများအပြား ယေရှုနောက်တော်သို့ လိုက်ကြခြင်း**

၇ယေရှုသည် နောက်လိုက်တို့နှင့်အတူ အိုင်သို့
ကြွလာတော်မူ၏။ ဂါလိလဲပြည်မှလူအုပ်ကြီးသည်
နောက်တော်သို့ လိုက်လာကြ၏။ ၈ ယုဒပြည် ယေရု
ရှလင်မြို့မှစ၍ ဣဒုမဲပြည်၊ ယော်ဒန်မြစ်တဘက်
ကမ်းနှင့် တုရုမြို့၊ ဇိဒုန်မြို့ပတ်ဝန်းကျင်မှလာကြ
သောလူများတို့သည် ယေရှုပြုတော်မူသမျှတို့ကို
ကြားသိကြသော် အထံတော်သို့ လာကြ၏။
၉ ယေရှုသည် လူအုပ်ကြီးကို မြင်တော်မူလျှင်
နောက်လိုက်တို့အား လှေငယ်တစ်စီးရှာပြီး အသင့်
ပြင်ထားစေ၏။ ထိုသို့ပြင်ဆင် ထားရစေခြင်းမှာ
လူအုပ်ကြီးက မိမိအားမတွန်း မတိုက်မိစေရန်ဖြစ်
၏၊ ၁၀ ယေရှုက လူများစွာတို့အား ကျန်းမာစေတော်
မူ၏။ ထို့ကြောင့် ဝေဒနာသည်တို့သည် ယေရှုအား
တို့ထိရန် တိုးကပ်လာကြ၏။ ၁၁ အချို့တို့မှာ ညစ်ညူး
သောနတ်စွဲကပ်နေကြ၏။ညစ်ညူးသောနတ်တို့သည်
ယေရှုကို တွေ့ကြသောအခါ ရှေ့တော်၌ ဒူးထောက်
လျက် "ကိုယ်တော်ဟာ ဘုရား သခင်ရဲ့သားတော်
ဖြစ်ပါတယ်"ဟု အော်ဟစ်ကြ၏။ ၁၂ သို့ရာတွင် ယေရှု
က မိမိမည်သူဖြစ် ကြောင်းကို လူများအား မပြော
ရန် ညစ်ညူး သောနတ်တို့အား ကျပ်တည်းစွာ သတိ
ပေးတော်မူ၏။

**တမန်တော်ဆယ့်နှစ်ပါးကို ရွေးချယ်တော်မူခြင်း**

*(မ ၁၀း၁-၄၊ လု ၆း၁၂-၁၆)*

၁၃ ထို့နောက် ယေရှုသည် တောင်ပေါ်သို့ တက်
ကြွတော်မူ၏။ ယေရှုက သူအလိုရှိသောလူအချို့ကို
သူ့ထံသို့ လာရန်မိန့်တော်မူ၏။ ထိုသူတို့သည် အထံ
တော်သို့ လာကြ၏။ ၁၄ ယေရှုသည် လူတစ်ဆယ့်
နှစ်ယောက်တို့ကို ရွေးချယ်ပြီး တမန်တော်အရာ၌
ခန့်အပ်လေ၏။ ယေရှုက ထိုသူတစ်ဆယ့်နှစ်ယောက်
တို့ကို သူနှင့်အတူရှိရန်နှင့် ထိုနောက်မှ အခြား
အရပ်များသို့စေလွှတ်ကာ တရားဟောရန် အလို
တော်ရှိ၏။ ၁၅ ထို့အပြင် ယေရှုသည် သူတို့အား နတ်
ဆိုးကို နှင်ထုတ်နိုင်သောအခွင့် အာဏာကို ပေးရန်
အလိုတော်ရှိ၏။ ၁၆ ယေရှု ရွေးချယ်တော်မူသော
တမန်တော် တစ်ဆယ့်နှစ်ပါးတို့မှာ ပေတရုဟု
ယေရှုအမည်သစ်ပေးတော်မူသော ရှိမုန်၊ ၁၇ ဇေဗေ
ဒဲ၏သား ယာကုပ်နှင့်ယောဟန်(အဓိပ္ပာယ်မှာ
မိုးကြိုး၏သားများဟု ဆိုလိုသည်)။ ၁၈ အန္ဒြေ၊ ဖိလိပ္ပု၊ မဿဲ၊ သောမ၊
အာလဖဲသားယာကုပ်၊ သဒ္ဒဲ၊ ကာနနိတ် လူရှိမုန်နှင့်
၁၉ ယုဒရှကာရုတ်တို့ဖြစ်ကြ၏။ ယုဒသည် ယေရှု
အား ရန်သူများလက်သို့ အပ်နှံသောသူဖြစ်၏။

**ယေရှု၏တန်ခိုးတော်သည် ဘုရားသခင်ထံမှဖြစ်ခြင်း**

*(မ ၁၂း၂၂-၃၂၊ လု ၁၁း၁၄-၂၃၊ ၁၂း၁၀)*

၂၀ ထို့နောက် ယေရှုသည် အိမ်သို့ပြန်လာတော်
မူ၏။ လူအုပ်ကြီးသည်လည်း ကိုယ်တော်ရှိရာသို့
စုဝေးလာကြ၏။ လူများလွန်းသောကြောင့် ယေရှု
နှင့်နောက်လိုက်တို့မှာ အစာကိုပင် မစားနိုင်ကြ။
၂၁ ယေရှု၏မိသားစုသည် ဤအကြောင်း အားလုံးကို
ကြားရ၏။ ထိုလူများက ယေရှုကို အရူးဟု ဆိုကြ
ခြင်းကြောင့် သူတို့သည် ယေရှုကို ထိန်းသိမ်းရန်
သွားကြ၏။
၂၂ ထိုနောက် ယေရုရှလင်မြို့မှလာသော ကျမ်းပြု
ဆရာတို့က "သူ့အထဲမှာ စာတန်ဝင်နေပြီ။ သူဟာ
နတ်ဆိုးမင်းရဲ့အခွင့်အာဏာနဲ့ လူတွေထဲက နတ်
ဆိုးတွေကို မောင်းထုတ်နေ တယ်"ဟု ဆိုကြ၏။
၂၃ ထို့ကြောင့် ယေရှုက ထိုသူတို့ကို ခေါ်ပြီး
ပုံဥပမာဖြင့် မိန့်တော်မူ၏။ "ဘယ်လိုလုပ် စာတန်
က သူ့ငယ်သားတွေကို လူတွေအထဲ က နှင်ထုတ်
ဖို့ ဖြစ်နိုင်မှာလဲ။ ၂၄ နိုင်ငံတစ်ခုအတွင်းမှာ အချင်း
ချင်းတိုက်ခိုက်နေကြရင် မတည်တံ့နိုင်ဘူး" ၂၅ "မိ
သားစုအတွင်းမှာ အချင်းချင်းဆန့်ကျင်ကွဲပြားနေ
ရင်လည်း မအောင်မြင်နိုင်ဘူး၊ ၂၆ စာတန်ဟာ သူ့
ကိုယ်သူ ဆန့်ကျင်ပြီး၊ သူ့လူတွေကို တိုက်ခိုက်
နေ ရင် သူဟာ ဆက်ပြီးတိုးတက်လာမှာမဟုတ်
ဘူး၊ ဒါဟာ သူ့ရဲ့နိဂုံးဖြစ်လိမ့်မယ်"
၂၇ "ခွန်အားတောင့်တင်းတဲ့သူရဲ့ ဥစ္စာပစ္စည်း
တွေကို လုယူချင်ရင် သူ့ကို အရင်ချည်တုတ်ရ
မယ်။ ပြီးမှ အဲဒီအိမ်ကို လုယူနိုင်မှာ ဖြစ်တယ်"
၂၈ "ငါအမှန်အကန်ပြောမယ်။ မိမိကျူးလွန်သမျှ
အပြစ်တွေအတွက် ခွင့်လွှတ်ခြင်းရနိုင် တယ်၊ ဘုရား
ကိုပြစ်တင်ဆန့်ကျင်တဲ့ အပြစ်တွေအတွက်လည်း
ခွင့်လွှတ်ခြင်းရနိုင်တယ်။ ၂၉ ဒါပေမယ့် သန့်ရှင်း
သောဝိညာဉ်တော်ကို ကဲ့ရဲ့ပြောဆိုတဲ့သူ ဘယ်သူ
မဆို အပြစ်လွှတ် ခြင်းအခွင့် ဘယ်တော့မှမရနိုင်
ဘူး၊ အမြဲတမ်း အပြစ်ရှိနေတဲ့သူဖြစ်မှာပဲ"ဟု မိန့်
တော်မူ၏။

၃၀ ယေရှုသည် ထိုသို့မိန့်တော်မူရခြင်းမှာ ကိုယ်
တော်ကို ညစ်ညူးသောနတ်စွဲနေသည်ဟု ကျမ်းပြု
ဆရာများက စွပ်စွဲကြသောကြောင့်ဖြစ်သည်။

**ယေရှု၏နောက်လိုက်များသည် သူ၏မိသားစုအမှန်ဖြစ်ခြင်း**

*(မ ၁၂း၄၆-၅၀၊ လု ၈း၁၉-၂၁)*

၃၁ ထို့နောက် ယေရှု၏မယ်တော်နှင့် ညီတော်
တို့ ရောက်လာကြသည်။ သူတို့သည် အပြင်တွင်
ရပ်လျက် ယေရှုအပြင်သို့ထွက်လာရန် တစ်စုံတစ်
ယောက်ကို အခေါ်ခိုင်းကြ၏။ ၃၂ ယေရှုပတ်ပတ်
လည်တွင် လူများထိုင်နေကြ၏။ ထိုသူတို့က "ကိုယ်
တော် အပြင်မှာ မယ်တော်နဲ့ ညီတော်တို့ ကိုယ်
တော့်ကို စောင့်နေကြပါတယ်"ဟု လျှောက်ကြ၏။
၃၃ ယေရှုက "ငါ့အမိက ဘယ်သူလဲ၊ ငါ့ညီအစ်
ကိုတွေက ဘယ်သူတွေလဲ"ဟု ဆိုကာ၊ ၃၄ မိမိပတ်
ပတ်လည်တွင် ထိုင်နေကြသော သူတို့ကို ကြည့်ပြီး
"ဒီမှာရှိနေတဲ့သူတွေဟာ ငါ့အမိ၊ ငါ့ညီအစ်ကိုများ
ဖြစ်ကြတယ်၊ ဘုရားသခင်အလိုတော်ကို ဆောင်
ရွက်သူမှန်သမျှ ငါ့ညီ၊ ငါ့နှမနဲ့ ငါ့အမိဖြစ်ကြတယ်"
ဟု မိန့်တော်မူ၏။

**လယ်သမားတစ်ယောက်အကြောင်း**

*(မ ၁၃း-၁၉၊ လု ၈း၄-၈)*

၄ နောက်တစ်ဖန်ယေရှုသည် အိုင်နားမှာ လူများ
ကို ဆုံးမဩဝါဒပေးတော်မူ၏။ လူစုလူဝေး
ကြီးသည် အထံတော်သို့ စုဝေးလာကြ၏။ ထိုအခါ
ကိုယ်တော်သည် လှေပေါ်သို့ တက်တော်မူ၏။
လူပရိသတ်ကြီးသည် ကမ်းပေါ်တွင် ထိုင်နေကြ၏။
၂ ယေရှုက လှေထဲမှနေ၍ ဆုံးမဩဝါဒပေးတော်
မူ၏။ ယေရှုသည် ဩဝါဒပေးရာတွင် ပုံဥပမာများ
ကို အသုံးပြုတော်မူ၏။
၃ ယေရှုက "နားထောင်ကြပါ။ လယ်သမား
တစ်ယောက်ဟာ စပါးစိုက်ဖို့ ထွက်သွားတယ်။
၄ မျိုးစေ့ကို ကြဲတဲ့အခါ တစ်ချို့မျိုးစေ့က လမ်း
ပေါ်မှာကျတာကြောင့် ငှက်များလာပြီး ကောက်
စားကြတယ်။ ၅ တစ်ချို့မျိုးစေ့ကျတော့ ကျောက်
ပေါတဲ့နေရာမှာ ကျတယ်။ အဲဒီနေရာမှာ မြေနည်းပြီး
တိမ်တဲ့အတွက်ကြောင့် အပင်လည်း ပေါက်လွယ်
တယ်။ ၆ ဒါပေမယ့် နေထွက်လာတဲ့အခါ အပင်
တွေဟာ အမြစ်မစွဲတဲ့အတွက်ကြောင့် နေလောင်
ပြီး သေကုန်တယ်။ ၇ တစ်ချို့မျိုးစေ့ကျပြန်တော့
ဆူးခြုံကြားထဲမှာကျ ပြီး ဆူးပင်တွေကြီးထွားလာတဲ့
အခါ မျိုးစေ့ပင် များကြီးထွားလာမှာကို ဟန့်တား
ကြတယ်။ ဒါ့ကြောင့် အသီးမသီးနိုင်ဘူး။ ၈ တစ်
ချို့မျိုးစေ့တွေကတော့ ကောင်းတဲ့မြေမှာ ကျလို့
အပင် ပေါက်လာတယ်။ ပေါက်လာတဲ့ အပင်တွေ
ဟာ အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်
ရာအထိ ပွားပြီးအသီးသီးကြတယ်"ဟု မိန့်တော်
မူ၏။
၉ ထို့နောက် ယေရှုက "ငါပြောတာကို ကြားရင်
နားထောင်ကြပါ"ဟု မိန့်တော်မူ၏။

**ယေရှုကအဘယ်ကြောင့် ပုံဥပမာကိုအသုံးပြုသည်ကို ပြောပြတော်မူခြင်း**

*(မ ၁၃း၁၀-၁၇၊ လု ၈း၉-၁၀)*

၁၀ ထိုနောက်တွင် ယေရှုသည် လူအစု အဝေး
ထံမှ ထွက်ကွာတော်မူ၏။ တမန်တော် တစ်ဆယ့်
နှစ်ပါးနှင့်အခြားသောနောက်လိုက်တို့က ပုံဥပမာ
၏အဓိပ္ပာယ်ကို မေးကြ၏။
၁၁ ထိုအခါ ယေရှုက "ဘုရားသခင်ရဲ့ လျှို့ဝှက်
နက်နဲတဲ့ နိုင်ငံတော်အကြောင်းကို သင်တို့သိနိုင်
ကြတယ်၊ ဒါပေမယ့်တခြားလူတွေကိုတော့ ဘာကို
ပဲပြောပြော ပုံဥပမာ သုံးပြီး ငါပြောရတယ်" ၁၂ ဘာ
ကြောင့်လည်းဆိုရင်

'သူတို့ဟာ ကြည့်လျက်နှင့်မမြင်
နားထောင်လျက်ပင် နားမလည်
သူတို့ဟာ မြင်ပြီးနားလည်ကြရင်
ပြောင်းလဲပြီး အပြစ်လွှတ်ခြင်း ခံရလိမ့်မယ်'

*ဟေရှာယ၆း၉-၁၀*

လို့ ကျမ်းစာထဲမှာ ရေးထားတဲ့အတိုင်း ပြည့်
စုံစေဖို့ဖြစ်တယ်" ဟုမိန့်တော်မူ၏။

**မျိုးစေ့ပုံဥပမာကို ယေရှုရှင်းပြတော်မူခြင်း**

*(မ ၁၃း၁၈-၂၃၊ လု ၈း၁၁-၁၅)*

၁၃ ထို့နောက် ယေရှုက နောက်လိုက်များအား
"သင်တို့ ဒီပုံဥပမာရဲ့အဓိပ္ပာယ်ကို နားမလည်ကြ
ဘူးလား၊ ဒါကို နားမလည်ကြရင် တခြားဥပမာ
တွေကို ဘယ်လိုလုပ်ပြီး နားလည်ကြမှာလဲ"။
၁၄ လယ်သမားဟာ လူတွေအကြား ဘုရားသခင်ရဲ့
တရားကို ကြဲတဲ့သူနဲ့တူတယ်၊ ၁၅ တစ်ခါတစ်လေ
တရားစကားဟာ လမ်းမှာ ကျတယ်၊ လူတစ်ချို့က
အဲဒီလိုပဲ၊ သူတို့ဟာ ဘုရားသခင်ရဲ့တရားစကားကို
ကြားရကြတယ်။ ဒါပေမယ့် စာတန်လာပြီး သူတို့
အထဲက တရားစကားတွေကို နှုတ်ယူသွားတယ်"
၁၆ "တစ်ချို့လူတွေကျပြန်တော့ ကျောက်ပေါ
တဲ့အရပ်မှာ ပေါက်တဲ့ မျိုးစေ့နဲ့တူကြတယ်၊ သူတို့

ဟာ တရားစကားကို ကြားရတဲ့အခါ ဝမ်းမြောက်
စွာနဲ့ ချက်ခြင်းလက်ခံတတ်ကြတယ်၊ ၁၇ ဒါပေမယ့်
သူတို့ဟာ တရားစကားကို သူတို့စိတ်ထဲ နက်နက်
ရှိုင်းရှိုင်း လက်ခံမထားကြဘူး၊ ခဏလေးပဲ လက်ခံ
ထားတတ်ကြတယ်၊ ဒီတရားစကားကြောင့် ဒုက္ခ
ပြဿနာနဲ့ ညှဉ်းဆဲခြင်းတွေ ကြုံရတဲ့အခါ ချက်
ခြင်းဖောက်ပြန်သွားတတ်ကြတယ်”

၁၈ “လူတစ်ချို့ကျတော့ ဆူးပင်ကြားထဲမှာ
ပေါက်တဲ့ မျိုးစေ့ပင်နဲ့ တူကြတယ်။ သူတို့ဟာ ဘုရား
သခင်ရဲ့သတင်းစကားကို ကြားပေမယ့်၊ ၁၉ လူတို့
အသက်တာမှာ လောကီအရာတွေဖြစ်တဲ့ ပူပန်ခြင်း၊
ငွေကိုတပ်မက်ခြင်း၊ အရာခပ်သိမ်းကို တပ်မက်
ခြင်းတို့နဲ့ ပြည့်နေတယ်၊ ဒီအရာတွေက တရား
စကား ဆက်လက်ရှင်သန်စေဖို့ ဆီးတားတယ်။ ဒါ
ကြောင့် အဲဒီလူတွေရဲ့အသက်တာမှာ အသီး မသီး
နိုင်ဘူး”

၂၀ “လူတစ်ချို့ကျတော့ ကောင်းတဲ့ မြေ မှာကျ
တဲ့ မျိုးစေ့နဲ့တူတယ်၊ သူတို့က တရားစကားကို
ကြားပြီး လက်ခံတယ်၊ ဒါကြောင့် သူတို့ဟာ အဆ
သုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာအသီး
သီးကြတယ်”

## သင်၌ရှိသမျှကို အသုံးပြုရမည်

*(လု ၈း၁၆-၁၈)*

၂၁ ထို့နောက် ယေရှုက သူတို့အား “သင်တို့ဟာ
မီးအိမ်ကို ယူလာပြီး ခွက်နဲ့အုပ်ထား မလား၊ ဒါမှ မ
ဟုတ် ကုတင်အောက်မှာ ထားကြမလား။ မီးအိမ်ကို
မီးခုံပေါ်မှာ ထွန်းထားလေ့ရှိတယ်၊ ၂၂ ဖွက်ထား
တဲ့အရာမှန်သမျှ ဖော်ထုတ်လိမ့်မယ်။ လျှို့ဝှက်
ထားတာမှန်သမျှ ပွင့်လှစ်လိမ့်မယ်။ ၂၃ ငါပြောတာ
ကို ကြားရင် နားထောင်ကြပါ”ဟု မိန့်တော်မူ၏။

၂၄ “သင်တို့သည် ကြားသမျှသောအရာကို
သတိပြုကြပါ။ သင်ပေးကမ်းသလို ဘုရားသခင်က
သင့်ကိုပြန်ပေးလိမ့်မယ်။ ဒါပေမယ့် ဘုရားသခင်
က သင်ပေးကမ်းတာထက် ပိုပြီး ပေးလိမ့်မယ်။
၂၅ ရှိတဲ့သူဟာ ပိုရလိမ့်မယ်။ ဒါပေမယ့် မရှိတဲ့သူ
ဟာ ရှိတာလေးကိုတောင် ဆုံးရှုံးရလိမ့်မယ်”ဟု
မိန့်တော်မူ၏။

## ယေရှုက မျိုးစေ့အကြောင်းကို ပြောပြတော်မူခြင်း

၂၆ ထို့နောက် ယေရှုက “ဘုရားသခင်ရဲ့နိုင်ငံ
တော်ဟာ မျိုးစေ့ကြဲတဲ့သူနဲ့ တူတယ်။ ၂၇ မျိုးစေ့ကြဲ
သူ အိပ်လို့ပဲနေနေ၊ နိုးလို့ပဲနေနေ မျိုးစေ့ကတော့
အပင်ပေါက်ပြီး ကြီးထွားနေတယ်၊ မျိုးကြဲသူဟာ
အပင် ဘယ်လိုပေါက်တယ်ဆိုတာကို မသိဘူး၊
၂၈ မြေကြီးဟာ အလိုအလျောက် အပင်ပေါက်စေ
တယ်။ ဦးဆုံးအပင်ပေါက်ပြီးတဲ့နောက် အညှောက်
ထွက် လာတယ်။ အဲဒီနောက် အနှံ၊ နောက်မှ အနှံ
ထဲမှ အဆံကို ဖြစ်စေတယ်၊ ၂၉ အသီးမှည့်ပြီး ရိတ်
သိမ်းချိန်ရောက်တဲ့အခါ လယ်သမားက ရိတ်သိမ်း
လိုက်တယ်”ဟု ရှင်းပြတော်မူ၏။

## နိုင်ငံတော်သည် မုန်ညှင်းစေ့နှင့် တူခြင်း

*(မ ၁၃း၃၁-၃၂၊ လု ၁၃း၁၈-၁၉)*

၃၀ ထို့နောက် ယေရှုက “ဘုရားသခင်ရဲ့နိုင်ငံ
ကိုဘာနဲ့ဥပမာပေးခိုင်းနှိုင်းရမလဲ၊သင်တို့ကိုဘယ်
ဥပမာပေးပြီး ရှင်းပြရမလဲဆိုရင်၊ ၃၁ ဘုရားသခင်ရဲ့
နိုင်ငံတော်ဟာ မုန်ညှင်းစေ့ နဲ့တူတယ်။ မုန်ညှင်း
စေ့ဟာ မြေပေါ်မှာရှိရှိသမျှအပင်တွေရဲ့ အစေ့တွေ
ထဲမှာ အသေးငယ်ဆုံးဖြစ်တယ်၊ ၃၂ ဒါပေမယ့် အပင်
ကို ပျိုးလိုက်တဲ့အခါ သင့်ခြံထဲမှာ ရှိသမျှအပင်
တွေထက် အကြီးဆုံးဖြစ်လာတယ်။ အကိုင်းခက်
တွေဟာ ကြီးထွားလာတယ်၊ ငှက်တွေဟာ အသိုက်
လုပ်ပြီး အပင်မှာ အရိပ်ကိုခိုနိုင်ကြတယ်”ဟု မိန့်
တော်မူ၏။

၃၃ ယေရှုသည် သူတို့အား ပုံဥပမာများကို အသုံး
ပြု၍ ဆုံးမဩဝါဒပေးတော်မူ၏။ သူတို့နားလည်
နိုင်သည့်အတိုင်းဩဝါဒပေးလေ၏။ ၃၄ ယေရှုသည်
ပုံဥပမာကို အသုံးပြုလျက်ဩဝါဒပေးလေ့ရှိသည်။
သို့ရာတွင် ယေရှုသည် နောက်လိုက်များနှင့်သာရှိ
သောအခါ အလုံးစုံကို သူတို့အား ရှင်းပြတော်မူ၏။

## နောက်လိုက်တို့သည် ယေရှု၏တန်ခိုးတော်ကို မြင်ရကြခြင်း

*(မ ၈း၂၃-၂၇၊ လု ၈း၂၂-၂၅)*

၃၅ ထိုနေ့ ညနေပိုင်းတွင် ယေရှုက နောက်
လိုက်တို့အား “အိုင်တဘက်ကမ်းကို ကူးကြရအောင်”
ဟု ဆို၏။ ၃၆ နောက်လိုက်များသည် လူအစုအဝေး
ထဲက ထွက်လာကြပြီး ယေရှုထိုင်နှင့်နေသော လှေ
ထဲ သို့လာကြ၏။ သူတို့ အနီး၌ အခြားလှေများ
လည်း ရှိ၏။ ၃၇ ထိုစဉ် လေမုန်တိုင်းသည် အိုင်ပေါ်
သို့ ရုတ်တရက် တိုက်ခတ်လာလေသည်။ လှိုင်းလုံး
များသည် လှေနံဘေးမှ ဝင်လာကြသဖြင့် လှေထဲ၌
ရေ ပြည့်လုလုဖြစ်လာသည်။ ၃၈ ယေရှုသည် လှေ
အတွင်း၌ ခေါင်းအုံးကိုအုံးကာ အိပ်ပျော်နေလေ
၏။ နောက်လိုက်တို့သည် ကိုယ်တော်ကို သွားနှိုး
ကြ၏။ သူတို့က “သခင်၊ ကျွန်တော်တို့ကို ဂရုမစိုက်
တော့ဘူးလား၊ ကျွန်တော်တို့ ရေနစ်တော့မယ်”ဟု

ပြောကြ၏။
၃၉ ယေရှုသည် ထ၍ လေနှင့်လှိုင်းငြိမ်ရန် အမိန့်
ပေးလေ၏။ ယေရှုက “တိတ်ဆိတ်ငြိမ်ဝပ်လော့”ဟု
ဆိုလျှင် လေသည် ရပ်သွားပြီး ရေပြင်မှာ ငြိမ်သက်
သွားလေတော့သည်။
၄၀ ယေရှုက နောက်လိုက်တို့အား “ဘာလို့
ကြောက်ကြတာလဲ၊ သင်တို့မှာ အခုထိ ယုံကြည်
ခြင်း မရှိကြသေးဘူးလား”ဟု ဆိုလေ၏။
၄၁ သူတို့သည် အလွန်ကြောက်သွားကြပြီး “ဘယ်
လိုလူစားမျိုးပါလိမ့်၊ လေမုန်တိုင်းနဲ့ ရေလှိုင်းက
တောင် သူ့စကားကိုနားထောင်ကြတယ်”ဟု အချင်း
ချင်းတီးတိုးပြောဆိုကြ၏။

## ယေရှုသည် လူတစ်ယောက်အား ညစ်ညူးသောနတ်မှ လွတ်မြောက်စေခြင်း

*(မ ၈း၂၈-၃၄၊ လု ၈း၂၆-၃၉)*

၅ ယေရှုနှင့် နောက်လိုက်တို့သည် အိုင်ကို
ဖြတ်ကျော်ပြီး ဂါဒရလူများနေသော ပြည်သို့
ရောက်လာကြ၏။ ၂ ယေရှုသည် လှေပေါ်မှ အဆင်း
တွင် လူတစ်ယောက်သည် သင်္ချိုင်းပြင်ထဲမှ
ထွက်လာ၏။ ထိုသူသည် ညစ်ညူးသောနတ်စွဲ
သောသူဖြစ်၏။ ၃ ထိုသူသည် သင်္ချိုင်းဂူထဲ၌နေ၏။
မည်သူကမှသူ့ကို မချည်နှောင်နိုင်ကြ။ သံကြိုး
များနှင့်ပင် မချုပ်ထားနိုင်ကြ။ ၄ လူတို့သည် ထို
သူ၏ခြေလက်တို့ကို သံကြိုးဖြင့် အကြိမ်ကြိမ် ချည်
နှောင်ကြသော်လည်း ထိုသူက သံကြိုးများဆွဲဖြတ်
ပစ်လိုက်၏။ ထိုသူကို ထိန်းချုပ်ရန် မည်သူတစ်
ယောက်မျှ မတတ်နိုင်ကြ။ ၅ ထိုသူသည် နေ့နေ့ည
ညသင်္ချိုင်းတစပြင်နှင့်တောင်ကုန်းပေါ်တွင် လျှောက်
သွားနေတတ်၏။ တစ်ခါတစ်ရံ သူသည် အော်ဟစ်
ပြီး မိမိကိုယ်ကို ကျောက်စွန်းများနှင့် အရေပြား
စုတ်သည်အထိ ပြုမူတတ်၏။
၆ ထိုသူသည် ယေရှုကို အဝေးကပင် လှမ်းမြင်
လေ၏။ သူသည် ယေရှုရှိရာသို့ ပြေးလာပြီး ရှေ့
တော်၌ ဒူးထောက်လေ၏။ ၇-၈ ယေရှုက “အချင်း
ဝိညာဉ်ဆိုး၊ ထိုသူအထဲက ထွက်လော့” ဟု မိန့်
တော်မူ၏။ ထိုသူက “အမြင့်ဆုံးသော ဘုရားသခင်
၏သားတော်ယေရှု၊ ကိုယ်တော် ကျွန်တော်ကို
ဘာလုပ်လိုပါသလဲ။ ကျွန်တော့်ကို မညှဉ်းဆဲဖို့
ဘုရားသခင်၌ ကတိပြုတော်မူပါ”ဟု အော်ဟစ်
တောင်းပန်လေ၏။
၉ ယေရှုက “သင့်နာမည်ဘာလဲ”ဟု မေးတော်
မူ၏။
ထိုသူက “ကျွန်တော့်နာမည် လေဂေါင်ပါ၊
ဘာကြောင့်လည်းဆိုရင် ကျွန်တော့်အထဲမှာ
ဝိညာဉ်ဆိုးတွေအများကြီးရှိလို့ဖြစ်ပါတယ်”ဟုပြော
လေ၏။ ၁၀ ထိုသူအထဲမှ ဝိညာဉ်ဆိုးများက သူတို့
အား ဤနယ်မြေမှ အခြားသို့ မနှင်ထုတ်ရန် ယေရှု
ထံ အကြိမ်ကြိမ်တောင်းပန်လေ၏။
၁၁ ထိုနေရာအနီးရှိတောင်ကုန်းပေါ်တွင် ဝက်
အုပ်တို့ရှိ၏။ ၁၂ ဝိညာဉ်ဆိုးများက ယေရှုထံ “ဝက်
အထဲသို့ စေလွှတ်တော်မူပါ။ ဝက်များအထဲ ဝင်
ခွင့်ပေးပါ”ဟု အခွင့်တောင်းကြ၏။ ၁၃ ထိုအခါ
ယေရှုအခွင့်ပေးတော်မူ၏။ ညစ် ညူးသောနတ်တို့
သည် လူအထဲမှထွက်ပြီး ဝက်အုပ်ထဲသို့ ဝင်ကြ၏။
ထိုအခါဝက်အုပ်ကြီးမှာ တောင်စောင်းမှနေ၍ အိုင်
ထဲသို့ ပြေးဆင်းကြ၏။ ဝက်အုပ်ကြီးမှာ ရေနစ်၍
သေဆုံးကုန်၏။ ထိုဝက်အုပ်တွင်ကောင်ရေနှစ်ထောင်
ခန့်ရှိ၏။
၁၄ ဝက်ကျောင်းသောလူတို့သည် ထွက်ပြေး
ကြ၏။ သူတို့သည် လယ်ကွင်းများနှင့် မြို့တွင်းသို့
ပြေးသွားကြပြီး ဖြစ်ပျက်ပုံအလုံးစုံကို လူတို့အား
ပြောပြကြ၏။ လူတို့သည် ထိုအချင်းအရာကိုကြည့်ရှု
ရန် ထွက်လာကြ၏။ ၁၅ သူတို့သည် ယေရှုထံသို့
ရောက်လာကြ၏။ သူတို့သည် ညစ်ညူးသောနတ်
ဆိုးစွဲ သူကို အဝတ်ဝတ်ဆင်လျက် ထိုင်နေသည်
ကို တွေ့ကြ၏။ ထိုသူ၏စိတ်မှာ မှန်နေပြီဖြစ်သည်။
လူများတို့သည် ကြောက်ရွံ့နေကြ၏။ ၁၆ လူအချို့
တို့က ယေရှုပြုခဲ့သည့်အရာကို တွေ့မြင်ကြ၏။ သူ
တို့က ထိုသူအထဲ၌ ဝိညာဉ်ဆိုးများရှိနေသည့်
အကြောင်းကို အခြားသူတို့အား ပြောပြနေကြသည်။
ထို့အပြင် ဝက်များအ ကြောင်းကိုလည်း ပြောပြနေ
ကြ၏။ ၁၇ ထို့နောက် လူတို့က ယေရှုအား မိမိတို့နယ်
မြေမှ ထွက်ခွာသွားရန် တောင်းပန်ကြလေသည်။
၁၈ ယေရှုသည် လှေထဲသို့ ပြန်သွားမည် ပြုစဉ်
ထိုနတ်ဆိုးစွဲသူက ကိုယ်တော်နှင့်အတူ လိုက်လို
ကြောင်း ခွင့်တောင်းလေ၏။
၁၉ သို့ရာတွင် ယေရှုက ခွင့်မပြုချေ။ ယေရှုက
“အိမ်ပြန်ပြီး သင့်မိသားစုနဲ့ မိတ်ဆွေတွေဆီကို
သွားပြီး ဘုရားသခင် သင့်အပေါ်ပြုခဲ့သမျှအားလုံး
ကိုပြန်ပြောပြပါ။ ဘုရားသခင်သင့်အပေါ် ကောင်း
မြတ်ကြောင်းကို ပြောပြ ပါ။” ၂၀ ထို့ကြောင့် ထိုသူ
သည် ထွက်သွားပြီး ယေရှုသည် သူ့အပေါ်ကြီးစွာ
သောကျေးဇူး ပြုခဲ့သည့်အကြောင်းကို မြို့ဆယ်မြို့ရှိ

လူတို့ အားပြောပြလေ၏။ လူအားလုံးတို့သည် အံ့ဩ
မိန်းမောကြ၏။

### ယေရှုသည် သေလွန်သောမိန်းကလေးကို ထမြောက်စေခြင်းနှင့်ရောဂါသည် အမျိုးသမီး ကို ကျန်းမာစေတော်မူခြင်း

*(မ ၉း၁၈-၂၆၊ လု ၈း၄၀-၅၆)*

၂၁ ယေရှုသည် လှေပေါ်တက်၍ အိုင်တဘက်
ကမ်းသို့ ကြွတော်မူ၏။ များစွာသောလူတို့သည်
ကိုယ်တော်ထံသို့ စုဝေးလာကြ၏။ ၂၂ တရားဇရပ်
မှူးသည်လည်း ထိုနေရာသို့ ရောက်လာ၏။ သူ၏
အမည်မှာ ယာဣရုဖြစ်၏။ ထိုသူသည် ယေရှု
ရှေ့တော်သို့လာပြီး ဦးညွတ်လိုက်၏။ ၂၃ ထိုသူက
"ကျွန်တော့်သမီးလေး သေခါနီးဖြစ်နေပါတယ်။
သမီးလေးအပေါ် ကိုယ်တော့်လက်တင်ပေးမယ်
ဆိုရင် သမီးလေး ကျန်းမာလာပြီး အသက်ရှင်ပါ
လိမ့်မယ်"ဟု ယေရှုအား ထပ်တလဲလဲတောင်းပန်
လေ၏။

၂၄ ယေရှုသည် ယာဣရုနှင့်လိုက်သွား၏။
လူများစွာတို့သည် ယေရှုနောက်သို့ လိုက်လာကြ
သောကြောင့် တွန်းမိတိုက်မိကြ၏။

၂၅ ထိုလူအုပ်ကြီးထဲတွင် အမျိုးသမီးတစ်ဦး
ရှိ၏။ ထိုအမျိုးသမီးသည် သွေးဆင်းခြင်း ရောဂါကို
ခံစားနေရသည်မှာ တစ်ဆယ့်နှစ်နှစ်ရှိ၏။ ၂၆ သူမ
သည် ဝေဒနာကို ပြင်းစွာခံစား နေရ၏။ ဆေးဆရာ
များစွာတို့ကလည်းကြိုးစားကုသပေးကြသော်လည်း
သူမသည် ငွေသာကုန်ခဲ့သည်။ တိုးတက်ကောင်းမွန်
လာခြင်းမရှိ။ သူမ၏ဝေဒနာသည် ပို၍ဆိုးရွားလာ
လေသည်။

၂၇ ထိုအမျိုးသမီးသည် ယေရှု၏သတင်းကိုကြား
သိရသောအခါ လူအုပ်ကြီးနှင့်အတူ နောက်တော်
သို့ လိုက်လာပြီး ယေရှု၏ ဝတ်ရုံ ကို တို့ထိလေ၏။
၂၈ သူမက "ကိုယ်တော့်ရဲ့ အဝတ်တော်ကိုသာ တို့
ထိရရင် ငါကျန်းမာ ခွင့်ရမှာပဲ"ဟု ထင်မှတ်လေ
၏။ ၂၉ သူမသည် ယေရှု၏ဝတ်ရုံကို တို့ထိလိုက်မိ
သည်နှင့်တပြိုင်နက် သူမ၌ သွေးဆင်းခြင်း ရပ်
သွားလေ၏။ သူမသည်ဝေဒနာမှ ကင်းလွတ်ကြောင်း
ကို ခံစားရ၏။ ၃၀ ယေရှုသည် မိမိကိုယ်မှ တန်ခိုး
ထွက်သွားသည်ကို ခံစားရသဖြင့် နောက်တော်သို့
လှည့်ပြီး "ငါ့ရဲ့အင်္ကျီကို ဘယ်သူ တို့တာလဲ"ဟု
မေးတော်မူ၏။

၃၁ နောက်လိုက်တို့က "ဒီလောက်လူအများကြီး
က တိုးမိတိုက်မိတာကို ငါ့ကိုဘယ်သူ တို့ထိသလဲ
လို့ ကိုယ်တော်မေးတယ်"ဟု ယေရှုအားပြောကြ၏။
၃၂ သို့ရာတွင် ယေရှုသည် မိမိအားတို့ထိသူကို
လှည့်ပတ်ရှာလေ၏။ ၃၃ အမျိုးသမီးသည် သူမ၏
ရောဂါပျောက်ကြောင်း သိတော်မူ၏။ ထို့ကြောင့်
သူမသည် ထွက်လာပြီး ယေရှု၏ ခြေတော်ရင်းတွင်
ဒူးထောက်လေ၏။ သူမသည် ကြောက်ရွံ့တုန်လှုပ်
နေ၏။ သူမသည်ယေရှုအားဖြစ်ကြောင်းကုန်စင်ကို
ပြောပြလေ၏။ ၃၄ ယေရှုက သူမအား "ချစ်သမီး၊
သင့် ယုံကြည်ခြင်းက သင့်ကို ကျန်းမာစေပြီ၊ စိတ်
အေးအေးနေပါ၊ သင် ဝေဒနာခံစားရခြင်းက လွတ်
ပြီ"ဟု မိန့်တော်မူ၏။

၃၅ ထိုနေရာတွင် ယေရှုမိန့်တော်မူစဉ် တရား
ဇရပ်မှူးအိမ်မှ လူအချို့ရောက်လာကြ၏။ သူတို့က
"သင့်သမီး သေသွားပြီ။ ဆရာကိုခေါ်ဖို့လည်း မလို
တော့ဘူး"ဟု တရားဇရပ်မှူးအား ဆိုကြ၏။

၃၆ သို့ရာတွင် ယေရှုသည် ထိုသူတို့ပြောသော
အရာကိုဂရုမထားဘဲ တရားဇရပ်မှူးအား"မကြောက်
နဲ့။ ယုံကြည်ခြင်းတစ်ခုသာရှိပါ"ဟု မိန့်ဆို၏။

၃၇ ယေရှုသည်ပေတရု၊ယာကုပ်နှင့်ယာကုပ်၏
ညီယောဟန်တို့ကိုသာ ခေါ်သွားသည်။ ၃၈ ယေရှု
နှင့်ထိုနောက်လိုက်တို့သည် တရားဇရပ်မှူးအိမ်
သို့ သွားကြ၏။ ထိုနေရာတွင် လူများရုတ်ရုတ်သဲသဲ
ဖြစ်နေပြီး အော်ဟစ်ငိုကြွေးနေကြသည်ကို ယေရှု
မြင်လေ၏။ ၃၉ ကိုယ်တော်သည် အိမ်ထဲသို့ဝင်သွား
ပြီး "ဘာကြောင့် ငိုယိုဆူညံနေကြရတာလဲ၊ သူငယ်
မလေးမသေဘူး၊ အိပ်ပျော်နေတာ"ဟု လူတို့အား
မိန့်တော်မူ၏။ ၄၀ ထိုသူတို့က ယေရှုအားပြက်ရယ်ပြု
ကြ၏။

ယေရှုက အိမ်ထဲမှလူတို့အား ထွက်စေပြီး
သူငယ်မရှိရာအခန်းတွင်းသို့ ဝင်သွားလေ၏။ ကိုယ်
တော်သည် သူနှင့်အတူ သူငယ်မ၏ မိဘနှစ်ပါး
နှင့် နောက်လိုက်သုံးဦးအား ခေါ် သွား၏။ ၄၁ ထို
နောက် ယေရှုသည် သူငယ်မ၏ လက်ကို ကိုင်
လျက် "*တလိတကုမိ*"ဟုဆိုလေ၏ (အဓိပ္ပာယ်မှာ
"သူငယ်မ၊ ငါပြောမယ် ထလော့"ဖြစ်၏) ၄၂ သူ
ငယ်မသည် ထပြီး လမ်းလျှောက်လေ၏။ (သူမ၏
အသက်မှာ တစ်ဆယ့်နှစ်နှစ်ဖြစ်၏)။ မိဘနှစ်ပါး
နှင့်အတူနောက်လိုက်သုံးဦးတို့သည် အံ့ဩကြလေ
၏။ ၄၃ ယေရှုက သူငယ်မ၏ မိဘနှစ်ပါးတို့အား
ဤအကြောင်းကို မည်သူ့အားမျှ မပြောရန် တင်း
ကျပ်စွာ မိန့်လေ၏။ ထို့နောက် ယေရှုက သူတို့
အား သူငယ်မကို စားစရာကျွေးရန် မိန့်တော်မူ၏။

## ယေရှု မိမိဇာတိမြို့သို့ ကြွလာတော်မူခြင်း

*(မ ၁၃း၅၃-၅၈၊ လု ၄း၁၆-၃၀)*

၆ ယေရှုသည် ထိုနေရာမှ ထွက်ခွါပြီး မိမိဇာတိ
မြို့သို့ ပြန်ကြွလာ၏။ တပည့်တော်တို့လည်းပါ
လာကြ၏။ ၂ ဥပုသ်နေ့၌ ယေရှုသည် တရားဇရပ်
တွင် ဆုံးမဩဝါဒပေးတော်မူ၏။ ထိုဆုံးမဩဝါဒ
ကို ကြားသော လူတို့သည် အံ့ဩကြ၏။ သူတို့က
"ဒီလူ ဒီဆုံးမဩဝါဒတွေ ကို ဘယ်ကရလာတာလဲ၊
ဒီပညာကို ဘယ်လိုရတာလဲ၊ ပြီးတော့ အံ့ဩစရာ
နမိတ်ပြနိုင်တဲ့ တန်ခိုးတွေကို ဘယ်ကရတာလဲ၊"
၃ "သူလက်သမားမဟုတ်လား၊ သူ့အမေက မာရိ
မဟုတ် လား၊ သူဟာ ယာကုပ်၊ ယောသေ၊ ယုဒနဲ့ ရှိ
မုန်တို့ရဲ့အကို မဟုတ်လား၊ သူ့ညီမတွေလည်း ငါ
တို့ အနီးအနားမှာပဲ ရှိနေကြတယ်မဟုတ် လား"ဟု
ပြောဆိုကြ၏။

၄ ယေရှုက "တခြားလူတွေက ပရောဖက် တွေ
ကို ချီးမြှောက်ကြတယ်၊ ဒါပေမယ့် အဲဒီ ပရောဖက်
ဟာ သူ့မြို့၊ သူ့လူများနဲ့ သူ့အိမ်မှာ ချီးမြှောက် မခံရ
ဘူး"ဟု မိန့်တော်မူ၏။ ၅ ယေရှုသည် ဖျားနာသော
သူများအပေါ် လက်တင်လျက် အနာရောဂါပျောက်
ကင်းစေသည့် နိမိတ်လက္ခဏာမှလွဲ၍ ထိုမြို့တွင်
နိမိတ်လက္ခဏာတစ်ခုမျှပြတော်မမူနိုင်ခဲ့။ ၆ ကိုယ်
တော်သည် ထိုသူတို့၏ ယုံကြည်ခြင်း ကင်းမဲ့ကြ
ခြင်း ကို အံ့အားသင့်လေ၏။ ထို့နောက် ကိုယ်တော်
သည် ထိုနယ်ရှိ အခြားရွာများသို့ သွားကာ ဆုံးမ
ဩဝါဒ ပေးတော်မူ၏။

## ယေရှုသည် တမန်တော်တို့အား သာသနာပြုရန် စေလွှတ်တော်မူခြင်း

*(မ ၁၀း၁၊ ၅၊ လု ၉း၁-၆)*

၇ ယေရှုသည် နောက်လိုက်တစ်ဆယ့်နှစ်ဦးတို့
အားခေါ်ပြီး နှစ်ယောက်တစ်တွဲ စေလွှတ်လေ၏။
ကိုယ်တော်သည် သူတို့အား ညစ်ညူးသောနတ်တို့
ကို အောင်နိုင်သောအခွင့်တန်ခိုးကို ပေးတော်
မူ၏။ ၈ ယေရှုကသူတို့အား "သင်တို့ခရီးစဉ်အတွက်
တောင်ဝှေးကလွဲလို့ ဘာမှယူမသွားကြပါနဲ့၊ မုန့်၊
လွယ်အိတ်နဲ့ ငွေကြေးတို့ကိုလည်း ယူမသွားကြနဲ့၊
၉ ဖိနပ်ကို စီးပါ၊ အင်္ကျီအပိုယူမသွားကြပါနဲ့၊ ၁၀ အိမ်
တစ်အိမ်မှာတည်းခိုတဲ့အခါ အဲဒီမြို့က မထွက်မ
ချင်းအဲဒီအိမ်မှာနေပါ၊ ၁၁ မြို့တစ်မြို့မြို့ကသင်တို့ကို
လက်မခံ၊ နား မထောင်ခဲ့ရင် သင်တို့ခြေထောက်
မှာ ကပ်နေတဲ့ ဖုန်မှုန့်တွေကို ခါချပြီးမှ အဲဒီမြို့က
ထွက်သွားပါ၊ ဒါဟာ သူတို့ကို သတိပေးဖို့ ဖြစ်
တယ်" ဟု မိန့်မှာတော်မူ၏။

၁၂ နောက်လိုက်တို့သည်လည်း ထိုနေရာမှ
အခြားနေရာသို့ ထွက်သွားကြလေ၏။ သူတို့ကလူတို့
အား နောင်တရကြရန် ဟောပြောကြ လေသည်။
၁၃ သူတို့သည် လူတို့မှ နတ်ဆိုးများကို နှင်ထုတ်
ကြ၏။ ဖျားနာသောသူတို့အား သံလွင်ဆီကို လူး
ပေးပြီး ကျန်းမာစေကြ၏။

## ဟေရုဒ်က ယေရှုအား နှစ်ခြင်းဆရာယောဟန် ဟု ထင်မှတ်ခြင်း

*(မ ၁၄း၁-၁၂၊ လု ၉း၇-၉)*

၁၄ ဟေရုဒ်မင်းသည် ကျော်ကြားလာသောယေရှု
အကြောင်းကို ကြားလေ၏။ လူအချို့တို့က
သူဟာနှစ်ခြင်းဆရာယောဟန်ဖြစ်တယ်၊ သူသေရာ
က ထမြောက်လာတာ၊ ဒါကြောင့်သူနိမိတ်လက္ခဏာ
တွေ လုပ်ပြနိုင်တာပေါ့"ဟု ဆိုကြ၏။

၁၅ အခြားလူများက "သူဟာ ဧလိယဖြစ် တယ်"
ဟု ဆိုကြ၏။

အချို့လူများကမူ "သူဟာ ပရောဖက်ဖြစ်တယ်၊
ရှေးတုန်းက ပရောဖက်နဲ့တူတယ်" ဟု ဆိုကြ၏။

၁၆ ဟေရုဒ်သည် ဤသို့ယေရှုအကြောင်းကို
ကြားသိလေ၏။ သူက "ငါ ယောဟန်ကို ခေါင်းဖြတ်
သတ်ခဲ့တယ်၊ အခုသူပြန်ရှင်လာ ပြီ"ဟု ပြောလေ
၏။

## နှစ်ခြင်းဆရာယောဟန် အသတ်ခံရခြင်း

၁၇ ယောဟန်ကို ဖမ်းဆီးရန် စစ်သားများကို
ဟေရုဒ်မင်းကိုယ်တိုင်အမိန့်ပေးခဲ့သည်။ ထို့နောက်
ယောဟန်ကို အကျဉ်းချလေ၏။ ဟေရုဒ် ထိုသို့
ပြုရခြင်းမှာ သူ၏ဇနီးဟေရောဒိ ကျေနပ်စေရန်ဖြစ်
သည်။ သူမသည် ဟေရုဒ်၏ညီ ဖိလိပ္ပု၏မယား
ဖြစ်၏။ သို့ရာတွင် ဟေရုဒ်က သူမအား သိမ်းပိုက်
လေ၏။ ၁၈ ထိုအခါ ယောဟန်က ဟေရုဒ်အား ညီ၏
မယားကို သိမ်းပိုက်ခြင်းသည် မှားယွင်းကြောင်း
ပြော၏။ ၁၉ ထို့ကြောင့် ဟေရောဒိက ယောဟန်ကို
မုန်းတီးပြီး သေစေလို၏။ သို့ရာတွင် သူမသည်
ဟေရုဒ်မင်းအား ယောဟန်ကို သတ်စေရန် မသွေး
ဆောင်နိုင်ချေ။ ၂၀ ယောဟန်အားဟေရုဒ်မင်း မသတ်
ဝံ့ချေ။ လူတို့က ယောဟန်အား ကောင်းမြတ်သူ
နှင့် သန့်ရှင်းသူဖြစ်သည် ဟု ယူဆထားကြသည်ကို
သူသိထားသောကြောင့်ဖြစ်၏။ ထို့ကြောင့် ဟေရုဒ်
မင်းက ယောဟန်အား အကာအကွယ်ပေးထား၏။
ဟေရုဒ်သည်ယောဟန်၏တရားစကားကိုနားထောင်
ခြင်း၌ ပျော်မွေ့ခြင်းရှိ၏။ သို့ရာတွင် ယောဟန်၏

တရားစကားများကသူ့အားအမြဲအနှောင့်အယှက်
ဖြစ်စေ၏။
၂၁ ထိုနောက်တွင်ဟေရောဒ်အတွက်ယောဟန်
ကိုသတ်ရန်အခွင့်အရေးတစ်ခုပေါ်လာ၏။ ဟေရုဒ်
မင်း၏မွေးနေ့ပွဲတွင်ဖြစ်၏။ ဟေရုဒ်မင်းသည်
အစိုးရအရာရှိများ၊ စစ်သူကြီးများနှင့် ဂါလိလဲနယ်မှ
အခြားအထင်ကရ လူများကို ဖိတ်ကြားကာ ညစာ
စားပွဲကျင်းပလေ၏။ ၂၂ ထိုညစာစားပွဲတွင် ဟေ
ရောဒိ၏သမီးသည် လာပြီးအကဖြင့် ဖျော်ဖြေ၏။
ဟေရုဒ်မင်းနှင့်အတူ စားသောက်ကြသူများသည်
အလွန်ကျေနပ်နှစ်သက်ကြ၏။
ထိုအခါဟေရုဒ်မင်းကသူမအား “မင်းလိုချင်
တာ ဘာမဆိုငါပေးမယ်” ဟု ဆိုလေ၏။ ၂၃ ထပ်ပြီး
“မင်းတောင်းတာ ဘာမဆို ငါပေးမယ်၊ ကုန်ကုန်
ပြောရရင် ငါ့တိုင်းပြည်တစ်ဝက်ကို တောင်ပေး
မယ်” ဟု သူမအား ကတိပြုလေ၏။
၂၄ သူမသည် မိခင်ရှိရာသို့သွားပြီး “ဟေရုဒ်
မင်းဆီက ကျွန်မ ဘာတောင်းရရင်ကောင်း မလဲ”
ဟု မေးလေ၏။
သူမ၏မိခင်က “နှစ်ခြင်းဆရာ ယောဟန်ရဲ့
ခေါင်း ကို တောင်းပါ” ဟု ဖြေ၏။
၂၅ သူမသည် ဟေရုဒ်မင်းထံသို့ပြန်သွားပြီး
ဟေရုဒ်မင်းအား “နှစ်ခြင်းဆရာယောဟန်ရဲ့ခေါင်း
ကို လိုချင်ပါတယ်။ အခုပဲ လင်ပန်းထဲ ထည့်ယူ
လာပေးပါ” ဟု တောင်းဆိုလေ၏။
၂၆ ဟေရုဒ်မင်းသည် အလွန်စိတ်ထိခိုက်သွား
လေသည်။ သို့သော် သူမအလိုရှိရာမည်သည့်အရာ
မဆိုပေးမည်ဟု ကတိပြုထားပြီးဖြစ်၏။ သူနှင့်အတူ
စားသောက်ကြသူများကလည်း ထိုကတိကို ကြား
ပြီးဖြစ်သည်။ ထို့ကြောင့် သူသည် သူမ၏ တောင်း
ဆိုချက်ကို မငြင်းနိုင်တော့ချေ။ ၂၇ ထို့နောက်
ဟေရုဒ်မင်းသည် စစ်သားတစ်ဦးကို စေလွှတ်ပြီး
ယောဟန်၏ ခေါင်းကိုဖြတ်ယူလာရန် အမိန့်ပေး
လိုက်၏။ ထိုအခါ စစ်သားသည် အကျဉ်းခန်းတွင်း
၌ယောဟန်၏ခေါင်းကိုဖြတ်လိုက်၏။ ၂၈ ထို့နောက်
စစ်သားသည်ယောဟန်၏ခေါင်းကိုလင်ပန်း၌ထည့်
ပြီး မိန်းမငယ်အား ပေးလိုက်၏။ မိန်းမငယ်က
ထိုခေါင်းပြတ်ကို မိခင်အားပေးလိုက်၏။ ၂၉ ယော
ဟန်၏နောက်လိုက်တို့သည် ထိုအကြောင်းကိုကြား
သိကာ လာ၍ ယောဟန်၏ အလောင်းကို ယူပြီး
သင်္ချိုင်း၌ သင်္ဂြိုဟ်ကြ၏။

## လူငါးထောင်ကျော်အား ကျွေးမွေးခြင်း

*(မ ၁၄:၁၃-၂၁၊ လု ၉:၁၀-၁၇၊ ယော ၆:၁-၁၄)*

၃၀ ယေရှုစေလွှတ်လိုက်သော တမန်တော်တို့
သည် ပြန်လည်ရောက်ရှိလာကြ၏။ သူတို့သည်
ယေရှုအပါး၌ စုဝေးကြပြီးလျှင် မိမိတို့ပြုခဲ့သမျှ၊ သွန်
သင်သမျှအကြောင်းတို့ကို ပြန်ပြောပြကြ၏။ ၃၁ ယေရှု
နှင့်နောက်လိုက်တို့သည် အလွန်အလုပ်များသော
နေရာ၌ ရှိနေကြ၏။ လူများလွန်းသောကြောင့်
ကိုယ်တော်နှင့် နောက်လိုက်များသည် အစာစားရန်
ပင်အချိန် မရကြ။ ယေရှုက တပည့်တော်တို့အား
“လိုက်ခဲ့ကြ၊ တိတ်ဆိတ်တဲ့နေရာကိုသွားပြီး အနား
ယူကြစို့” ဟု မိန့်တော်မူ၏။
၃၂ ယေရှုနှင့်နောက်လိုက်တို့သာ ထွက်လာကြ
၏။ မည်သူမျှမရှိသည့်နေရာသို့ လှေတစ်စင်းနှင့်
ထွက်လာကြ၏။ ၃၃ သို့ရာတွင် သူတို့ထွက်သွားကြ
သည်ကို လူများစွာတို့သည် မြင်ကြပြီး ယေရှုဖြစ်
ကြောင်းကို သိကြ၏။ ထို့ကြောင့် မြို့အားလုံးမှ ရှိ
သမျှလူတို့သည် ယေရှုသွားရာနောက်သို့ အပြေး
လိုက်ကြ၏။ ယေရှုမရောက်မီ အရောက် သွားကြ၏။
၃၄ ထိုနေရာသို့ ယေရှုရောက်သောအခါ လူများစွာ
တို့သည် သူ့အားစောင့်ဆိုင်းနေကြသည်ကို တွေ့
မြင်လေ၏။ ယေရှုသည် အလွန်ဝမ်းနည်းသွားလေ
သည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် ထိန်း
ကျောင်းသူမဲ့သော သိုးများကဲ့သို့ ဖြစ်၏။ ထို့ကြောင့်
ယေရှုသည် ထိုသူတို့အား များစွာသွန်သင်တော်မူ
သည်။
၃၅ ညနေစောင်းသောအခါ နောက်လိုက်တို့သည်
ယေရှုထံသို့ လာကြ၏။ သူတို့က “ဒီ အနီးအနားမှာ
ဘယ်သူမှမနေကြဘူး။ အခု သိပ်နောက်ကျနေပြီ၊
၃၆ ဒါကြောင့် သူတို့ကို ပြန်လွှတ်ပြီး သူတို့အတွက်
အစာကို မြို့ထဲ၊ လယ်ထဲတို့မှာ သွားဝယ်ကြသင့်ပြီ”
ဟု ပြောကြ၏။
၃၇ သို့ရာတွင် ယေရှုက “သူတို့ကို စားစရာပေး
ကြပါ” ဟု မိန့်တော်မူ၏။ သူတို့က “ဒီလူတွေအတွက်
ကျွန်တော်တို့ မုန့်အလုံအလောက်မဝယ်နိုင်ဘူး၊
ကျွန်တော်တို့အားလုံး တစ်လလုံးလုပ်တဲ့ လုပ်အားခ
ဝင်ငွေနဲ့ဝယ်မှ မုန့်လုံလောက်နိုင်မယ်” ဟုပြန်ပြော
ကြ၏။
၃၈ ယေရှုက သူတို့အား “မုန့်ဘယ်နှစ်လုံးရှိတယ်
ဆိုတာ သွားရှာကြပါ” ဟု မိန့်တော်မူ၏။
သူတို့သည် သူတို့၌ရှိသော မုန့်များကိုရေတွက်
လျက် ကိုယ်တော့်အား “မုန့် ငါးလုံးနဲ့ ငါးနှစ်ကောင်

ရှိပါတယ်”ဟု လျှောက်ကြ၏။
၃၉ ယေရှုက သူတို့အား “လူတွေကို မြက်ခင်း
ပြင်ပေါ်မှာ အဖွဲ့လိုက် ထိုင်ခိုင်းပါ”ဟု မိန့်ရာ၊
၄၀ လူတို့သည် အဖွဲ့လိုက်ထိုင်ကြ၏။ တစ်ဖွဲ့တွင်
လူပေါင်း ငါးဆယ်မှ တစ်ရာအထိ ရှိလေ၏။
၄၁ ယေရှုသည် မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ကို
ယူပြီး ကောင်းကင်သို့ကြည့်ကာ မုန့်အတွက် ဘုရား
သခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပြီး ထိုမုန့်အား
ဖဲ့၍ နောက်လိုက်တို့ကို ပေးကာ လူတို့အား မုန့်ကို
ဝေပေးရန် မိန့်တော်မူ၏။ ထို့နောက် ငါးနှစ်ကောင်
ကိုလည်း ဖဲ့၍ လူတို့အား ဝေငှတော်မူ၏။
၄၂ လူအားလုံးတို့သည် ဝစွာစားရကြ၏။ ၄၃ စား
သောက်ပြီးသောအခါ နောက်လိုက်တို့သည် မုန့်
အကျန်အကြွင်းများကို ကောက်သိမ်းရာ တစ်ဆယ့်
နှစ်တောင်းအပြည့်ရလေ၏။ ၄၄ စားသောသူယောကျ်ား
ဦးရေငါးထောင် ရှိလေ၏။

### ယေရှုရေပေါ်တွင် လမ်းလျှောက်ခြင်း

*(မ ၁၄:၂၂-၃၃၊ ယော ၆:၁၅-၂၁)*

၄၅ ထို့နောက် ယေရှုက နောက်လိုက်များအား
လှေထဲသို့ဝင်ပြီး အိုင်တဘက်ကမ်းရှိ ဗက်ဇဲဒမြို့
သို့ ကူးရန် မိန့်တော်မူ၏။ ယေရှုက နောက်မှလိုက်
လာမည်ဟု ပြောပြီး ထိုနေရာရှိလူတို့အား အိမ်ပြန်
နိုင်ပြီဖြစ်ကြောင်း မိန့်တော်မူ၏။ ၄၆ ထိုလူတို့အား
နှုတ်ဆက်ပြီးနောက် ကိုယ်တော်သည် တောင်ပေါ်
သို့ ဆုတောင်းရန် တက်ကြွသွားတော်မူ၏။
၄၇ ထိုညတွင် လှေသည် အိုင်အလယ်၌ ရှိနေ
ပြီး ယေရှုသည် ကုန်းပေါ်တွင် တစ်ယောက်တည်းရှိ
တော်မူ၏။ ၄၈ ကိုယ်တော်သည် အလှမ်း ဝေးဝေးသို့
ရောက်နေသည့် အိုင်ပေါ်မှ လှေကို မြင်နေရ၏။
ကိုယ်တော်၏ နောက်လိုက်တို့သည် လေကိုဆန်
လျက် လှေကို ခက်ခဲစွာ လှော်ခတ်နေကြရသည်။
နံနက်သုံးနာရီနှင့် ခြောက်နာရီအကြား ယေရှုသည်
ရေပေါ်တွင် လမ်းလျှောက်လျက် လှေရှိရာသို့ကြွ
တော်မူ၏။ ယေရှုသည် လှေကိုကျော်လုနီးနီး လျှောက်
လာတော်မူ၏။ ၄၉ သို့ရာတွင် နောက်လိုက်တို့သည်
ယေရှုရေပေါ်တွင်လမ်းလျှောက်လာသည်ကိုတွေ့
ကြ၏။ ထိုအခါ သူတို့သည် တစ္ဆေဟု ထင်ကြပြီး
လန့်အော်ကြ၏။ ၅၀ နောက်လိုက်တို့သည် ယေရှုကို
မြင်ကြသောအခါ အလွန်ထိတ်လန့်ကြ၏။ သို့ရာတွင်
ယေရှုက “မစိုးရိမ်ကြနဲ့၊ ငါကိုယ်တိုင်ဖြစ်တယ်၊
မကြောက်ကြနဲ့”ဟု မိန့်တော်မူ၏။ ၅၁ ထို့နောက်
ယေရှုသည် လှေထဲသို့ဝင်တော်မူ၏။ ထိုအခါ လေ
သည် ငြိမ်သက်သွားလေ၏။ နောက်လိုက်တို့သည်
လွန်စွာအံ့ဩကြ၏။ ၅၂ သူတို့သည် ကိုယ်တော်၏
တန်ခိုးတော်ကို နားမလည်ကြသေး။ သူတို့သည်
မုန့်ကို တိုးပွားစေသော နိမိတ်လက္ခဏာကို မြင်ခဲ့
ကြ၏။ သို့သော် အဓိပ္ပာယ်မည်သို့ရှိသည်ကို သူတို့
နားမလည်ကြ။

### ယေရှုက လူများစွာတို့ကို ကျန်းမာစေတော်မူခြင်း

*(မ ၁၄:၃၄-၃၆)*

၅၃ ယေရှုသည် နောက်လိုက်တို့နှင့်အတူ ကမ်း
တဘက်ကူးသွားကြပြီး ဂနေသရက်ကမ်းခြေသို့
ရောက်လာကြ၏။ ထိုနေရာတွင် လှေကို ဆိုက်ကပ်
ထားကြ၏။ ၅၄ လှေပေါ်မှဆင်းလာသော ကိုယ်တော့်
အား ထိုနေရာမှ လူတို့သည် မြင်ကြ၏။ ကိုယ်တော်
မည်သူဖြစ်သည်ကိုလည်း သူတို့သိကြ၏။ ၅၅ သူတို့
သည် ထိုနေရာရှိ လူတို့အား ပြေးသွား၍ ကြားပြော
ကြ၏။ သူတို့သည် လူနာများကို ယေရှုရှိသည့်နေရာ
များသို့ ထမ်းခေါ်လာကြ၏။ ၅၆ ယေရှုသည် မြို့ထဲ
ရွာထဲနှင့် ယာထဲအထိ နေရာအနှံ့သွားလာတော်
မူ၏။ ယေရှုရောက်သည့်နေရာတိုင်းတွင် လူများ
တို့သည် လူနာများကို ဈေးများအထိ ခေါ်ဆောင်
လာကြသည်။ သူတို့က ယေရှု၏အဝတ်တော်အနား
စကလေးကို တို့ထိကိုင်ခွင့်ပြုရန် တောင်းပန်ကြ
၏။ တို့ထိသမျှသောသူတို့သည် ကျန်းမာခြင်းသို့
ရောက်ကြ၏။

### ဘုရားသခင်၏ပညတ်တော်နှင့် လူတို့၏စည်းမျဉ်းများ

*(မ ၁၅:၁-၂၀)*

၇ ဖာရိရှဲအချို့နှင့် ကျမ်းပြုဆရာအချို့တို့သည်
ယေရုရှလင်မြို့မှလာကြကာ ယေရှု အထံတော်
၌ စုဝေးကြ၏။ ၂ သူတို့က ယေရှု၏ နောက်လိုက်
အချို့တို့သည် မသန့်ရှင်းသော လက်ဖြင့် အစာစား
နေကြသည်ကိုမြင်ကြ၏။ မသန့်ရှင်းခြင်း၏အဓိပ္ပာယ်
မှာ လက်မဆေးဘဲ အစာစားခြင်းဖြစ်သည်။ ၃ ဖာရိရှဲ
များနှင့် ယုဒလူတို့သည် လက်ကို သေချာစွာမဆေး
ဘဲ အစာစားလေ့မရှိကြ။ ဤသည်မှာ သူတို့သည်
ရှေးလူကြီးများ၏ သွန်သင်ချက်များကို လိုက်နာ
ကြခြင်းသည်။ ၄ ၎င်းအပြင် ဂျူးတို့သည် ဈေးမှစား
စရာ တစ်စုံတစ်ရာဝယ်လာလျှင် သေချာစွာ ဆေး
ကြောခြင်းမပြုဘဲ စားသောက်လေ့မရှိ။ သူတို့သည်
ခွက်များ၊ ဖလားများနှင့်အိုးများကို ဆေးကြောရာ
၌လည်း ရှေးလူကြီးများ၏ ထုံးတမ်းများကို လိုက်

လျှောက် ကြသည်။
၅ ဖာရိရှဲများနှင့် ကျမ်းပြုဆရာတို့က ယေရှုအား
“သင့်နောက်လိုက်တွေက ရှေးလူကြီးများရဲ့ ထုံး
တမ်းတွေကို မလိုက်လျှောက်ကြပါလား၊ သူတို့ရဲ့
မသန့်ရှင်းတဲ့လက်တွေနဲ့ အစာစားနေကြတယ်၊ ဘာ
ကြောင့် သူတို့ဒီလိုလုပ်ကြတာလဲ”ဟု မေးလျှောက်
ကြ၏။
၆ ယေရှုက “သင်တို့ဟာ သူတော်ကောင်းယောင်
ဆောင်နေကြတဲ့သူတွေပဲ၊ ဟေရှာယ ရေးထားတဲ့
သင်တို့အကြောင်းဟာ မှန်တယ်”

‘ဤလူမျိုးသည် ငါ့ကို နှုတ်ဖြင့်
ချီးမွမ်း ဂုဏ်ပြုတတ်ကြ၏၊
သို့သော် စိတ်နှလုံးသည် ငါနှင့်ဝေးလှ၏။
၇ သူတို့သည် ငါ့ကို အချည်းနှီး
ကိုးကွယ်ကြ၏၊
သူတို့၏ သွန်သင်ချက်များသည်
လူပေးသောစီရင်ထုံးများသာဖြစ်၏’

၈ “သင်တို့ဟာ ဘုရားသခင်ရဲ့ပညတ်တော်
ကို မလိုက်နာကြဘဲ၊ လူတို့ရဲ့ထုံးတမ်းတွေကိုလိုက်
လျှောက်ကြတယ်”ဟု မိန့်တော်မူ၏။
၉ ထို့နောက် ယေရှုက သူတို့အား “သင်တို့ဟာ
ကိုယ့်ကိုယ်ကို ဟုတ်လှပြီလို့ ထင်နေကြတယ်၊ သင်
တို့ဟာ ဘုရားသခင်ရဲ့ ပညတ်တော်ကို ပယ်ကြပြီး
သင်တို့ရဲ့ ကိုယ်ပိုင်သွန်သင်ချက်တွေကို ကိုယ်
တိုင်လိုက်လျှောက်ကြတယ်”ဟု မိန့်တော်မူ၏။”
၁၀ “မောရှေက သင်တို့ဟာ မိဘကို ရိုသေမှုရှိရ
မယ်၊ ပြီးတော့ ‘ဘယ်သူမဆို မိဘကို ပြစ်မှားတဲ့
စကားပြော ရင် အသေသတ်ခံရမယ်လို့ ပြောထား
တယ်’ ၁၁ ဒါပေမယ့် သင်တို့ဟာ မိဘတွေကို
‘သင်တို့ကို ကူညီပေးစရာတွေရှိပါတယ်၊ ဒါပေမယ့်
သင်တို့ကို ကူညီဖို့မသုံးနိုင်ဘူး၊ ဘာလို့လည်းဆို
ရင် ဘုရားကို ဆက်ကပ်ထားပြီးဖြစ်တယ်လို့ပြော
ဖို့ သွန်သင်တတ်ကြတယ် မဟုတ်လား၊ ၁၂ မိဘ
တွေအတွက် လုပ်ပေးဖို့ ဘာမှမရှိဘူးလို့ပြောတတ်
ကြတယ်မဟုတ်လား၊ ၁၃ ဒါကြောင့် သင်တို့က ဘုရား
သခင်ရဲ့နှုတ်တော်ထွက် စကားကို အရေးမကြီးဘူး
လို့ သွန်သင်ပြီး လူတွေရဲ့ထုံးတမ်းတွေက ပိုပြီး
အရေးကြီးတယ်လို့ထင်ကြတယ်။ ထင်တဲ့အတိုင်း
လည်း လုပ်ကြတယ် မဟုတ်လား”ဟု မိန့်တော်
မူ၏။
၁၄ ယေရှုသည် ထိုလူများကို အထံတော်သို့
ခေါ်ပြီး “ငါ့စကားကို လူတိုင်းနားထောင်ကြပါ၊ နား
လည်သဘောပေါက်ကြပါ၊ ၁၅ အပြင်ကနေ လူအထဲ
ကိုဝင်ပြီး လူကို ညစ်ညူးစေနိုင်တဲ့အရာမရှိဘူး၊
လူအထဲက ထွက်တဲ့အရာကသာ လူကို ညစ်ညူး
စေနိုင်တယ်”ဟု မိန့်တော်မူ၏။
၁၇ ထို့နောက် ယေရှုသည် ထိုလူများထံမှ ထွက်
လာပြီး အိမ်သို့ဝင်တော်မူ၏။ နောက်လိုက်တို့က
ထိုဥပမာ၏ ဆိုလိုရင်းကို မေးမြန်းကြ၏။ ၁၈ ယေရှု
က “သင်တို့ နားလည်ဖို့ခက်နေကြသလား၊ အပြင်
ကနေ လူအထဲကိုဝင်တဲ့အရာက လူကိုမညစ်ညူး
စေနိုင်ဘူးဆိုတာ သင်တို့ သိကြတယ်၊ ၁၉ သူစား
တာတွေဟာ စိတ်နှလုံးထဲကို မဝင်ဘဲအစာအိမ်ထဲ
ကို ဝင်သွားတယ်၊ အဲဒီအစာတွေဟာ ကိုယ်ခန္ဓာ
ထဲက ပြန်ထွက်သွားကြတယ်”ဟု မိန့်တော်မူ၏။
(ယေရှုထိုသို့ မိန့်တော်မူရခြင်းမှာ မည်သည့် အစား
အစာမှ လူတို့အတွက် ညစ်ညူးခြင်း မရှိကြောင်း
ကို ဆိုလို၏)
၂၀ ဆက်လက်ပြီး ယေရှုက “လူအထဲက ထွက်
လာတဲ့အရာကသာ လူကိုညစ်ညူးစေတယ်၊ ၂၁ ဒီ
ဆိုးညစ်တဲ့အရာတွေဟာ လူ့နှလုံးအတွင်းက
မကောင်းတဲ့အကြံအစည်ရှိခြင်း၊ ကာမဂုဏ်လိုက်
စားခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ လူ့အသက်ကို သတ်
ခြင်း၊ ၂၂ သူ့မယားကို ပြစ်မှားခြင်း၊ လောဘလွန်
ကျူးခြင်း၊ ဆိုးသောအမှုကို ပြုခြင်း၊ မုသာပြောခြင်း၊
ကိုယ်ကျင့်တရားပျက်ပြားခြင်း၊ မနာလိုခြင်း၊ သူ့
အသရေ ပျက်အောင်ပြောခြင်း၊ မောက်မာကြွားဝါ
ခြင်းနှင့် မိုက်မဲစွာနေထိုင်ခြင်းတို့ဖြစ်တယ်၊ ၂၃ ဒီ
အရာအားလုံးဟာ လူအထဲက ထွက်လာပြီး အဲဒီဟာ
တွေက လူကို ညစ်ညူးစေတာဖြစ်တယ်” ဟု မိန့်
တော်မူ၏။

### ယေရှုက ဂျူးမဟုတ်သောအမျိုးသမီးကို ကူညီခြင်း

*(မ ၁၅:၂၁-၂၈)*

၂၄ ယေရှုသည် ထိုနေရာမှ ထွက်ခွါကာ တုရုမြို့
ဝန်းကျင်သို့ သွားလေ၏။ ယေရှုသည် အိမ်ထဲသို့
ဝင်တော်မူ၏။ အိမ်၌ရှိနေကြောင်းကို အနီးဝန်းကျင်
မှ လူများအား မသိစေလိုပါ။ သို့ရာတွင် ယေရှု
သည် ပုန်းရှောင်၍မလွတ်နိုင်။ ၂၅ အမျိုးသမီးသည်
ကိုယ်တော်ထိုနေရာ ၌ ရှိနေကြောင်းကို သိလေ၏။
သူမ၏ သမီးငယ်မှာ ညစ်ညူးသောနတ်စွဲကပ်နေ
၏။ ထိုအမျိုးသမီးသည် ကိုယ်တော့်ခြေတော်ရင်း
သို့လာပြီး ဦးညွှတ်လေ၏။ ၂၆ သူမသည် ဂျူးလူမျိုး
မဟုတ်ပါ။ ရှုရိဖိနိတ်ပြည်သူ၊ ဂရိလူမျိုးဖြစ်၏။ သူမ
က သူမ၏သမီး၌ စွဲကပ်နေသော ညစ်ညူးသော

နတ်ကို နှင်ထုတ်ပေးရန် ယေရှုအား တောင်းပန်
လေ၏။
²⁷ယေရှုက “သားသမီးတွေရဲ့မုန့်ကို ခွေးမကျွေး
သင့်ဘူး၊ သားသမီးတွေ အရင်စားကြပါစေ”ဟု ထို
အမျိုးသမီးအား မိန့်တော်မူ၏။
²⁸ ထိုအမျိုးသမီးက “မှန်ပါတယ်သခင်၊ သား
သမီးတွေရဲ့ စားကြွင်းစားကျန်တွေကို စားပွဲအောက်
က ခွေးက စားလေ့ရှိပါတယ်”ဟု ပြန်ဖြေလေ၏။
²⁹ ထိုအခါ ယေရှုက “သင့်ရဲ့အဖြေဟာ သိပ်
ကောင်းပါတယ်၊ သင်သွားနိုင်ပြီ၊ သင့်သမီးအထဲ
က ညစ်ညူးတဲ့နတ်ထွက်သွားပါပြီ”ဟု ထိုအမျိုး
သမီးအား မိန့်တော်မူ၏။
³⁰ ထိုအမျိုးသမီးသည် အိမ်ရောက်သောအခါ
သူ့သမီးသည် အိပ်ရာထက်၌ အိပ်နေသည်ကို တွေ့
ရ၏။ ညစ်ညူးသောနတ်လည်း ထွက်သွားလေပြီ။

**ယေရှုက နားထိုင်းနေသူ တစ်ဦးအား ကုသပေးခြင်း**

³¹ထို့နောက် ယေရှုသည် တုရုမြို့ဝန်းကျင်မှ
ထွက်လာခဲ့ပြီး ဇိဒုန်မြို့ကိုဖြတ်သွား၏။ လမ်းခရီး
တစ်လျှောက် မြို့ဆယ်မြို့ကို ဖြတ်ကျော်လာခဲ့၏။
³²ထိုနေရာတွင် ရှိနေစဉ် လူအချို့တို့သည် နား
လေးပြီး စကားလုံးကွဲအောင် မပြောနိုင်သူ လူတစ်
ယောက်ကို ခေါ်ဆောင် လာ၏။ ထိုသူတို့က ယေရှု
အား ထိုလူအပေါ် လက်တော်တင်လျက် ကုသ
ပေးပါမည်အ ကြောင်း တောင်းပန်ကြ၏။
³³ ယေရှုသည် ထိုလူကို လူအုပ်ကြီးထဲမှ ခေါ်
ထုတ်လာခဲ့၏။ ကိုယ်တော်သည် ထိုသူ၏နားပေါက်
ထဲသို့ မိမိလက်ချောင်းကို သွင်းလိုက်၏။ ထို့နောက်
တံတွေးထွေး၍ ထိုသူ၏ လျှာကို တို့ထိလေ၏။
³⁴ယေရှုသည် ကောင်းကင်သို့ မျှော်ကြည့်ပြီး တိုး
ညှင်းသောအသံဖြင့် ‘ဧဖသ’ ဟု မိန့်တော်မူ၏။
(အဓိပ္ပာယ်မှာ ပွင့်စေဖြစ်၏)။ ³⁵ ယေရှု ထိုသို့ပြုပြီး
သောအခါ ထိုသူသည် နားကြားပြီး၊ စကားလည်း
ပီပီသသ ပြောနိုင်လေသည်။
³⁶ယေရှုက ဤအကြောင်းနှင့်ပတ်သက်၍ မည်
သူ့ကိုမျှ မပြောရန် ပညတ်လေ၏။ ကိုယ်တော်
သည် လူတို့အား မိမိအကြောင်းကို ပြန်မပြောရန်
အစဉ်ပညတ်လေ့ရှိသည်။သို့ရာတွင် လူတို့သည်
ပို၍ပင် ပြောကြလေ၏။ ³⁷ လူတို့သည် အမှန်ပင်
အံ့သြကြ၏။ သူတို့က “ယေရှုဟာ အရာရာကိုကောင်း
စွာ ပြုတော်မူတယ်၊ နားထိုင်းတဲ့သူတွေ နားပြန်
ကြားရတယ်၊ စကားမပြောနိုင်တဲ့သူတွေ ပြောနိုင်
တယ်”ဟု ပြောဆိုကြ၏။

**ယေရှုက လူလေးထောင်ကျော်ကို ကျွေးမွေးတော်မူခြင်း**

*(မ ၁၅း၃၂-၃၉)*

၈ နောက်တစ်ဖန်လူများစွာတို့သည် ကိုယ်တော်
အပါးတွင် စုဝေးလာကြသည်။ သူတို့၌ စားစရာ
မရှိ။ ထို့ကြောင့် နောက်လိုက်တို့အား ခေါ်ပြီး၊ ² “ဒီ
လူတွေအတွက် ငါစိတ်မကောင်းဘူး၊ သူတို့တွေ
ဟာ ငါနဲ့အတူ သုံးရက်လုံးလုံးအတူရှိခဲ့ကြတယ်။
အခု သူတို့ မှာ စားစရာမရှိဘူး၊ ³ သူတို့ကို ဗိုက်ဆာ
ဆာ နဲ့ အိမ်ပြန်မလွှတ်ချင်ဘူး။ အစာမစားဘဲ အိမ်
ပြန်သွားကြရင် အားပြတ်ကုန်လိမ့်မယ်။ တစ်ချို့
က ဒီကနေ တော်တော်ဝေးတဲ့နေရာမှာ နေကြ
တယ်”ဟု ဆိုလေ၏။
⁴ နောက်လိုက်တို့က “အခု ကျွန်တော်တို့
ရောက်နေတဲ့နေရာကမြို့နဲ့တော်တော် လှမ်းတယ်။
ဒီလူအုပ်ကြီးကို ဘယ်ကမုန့်နဲ့ ဘယ်လိုလုပ်ပြီး
ကျွေးရမှာလဲ”ဟု ဖြေကြ၏။
⁵ ယေရှုက “သင်တို့မှာ မုန့်ဘယ်နှစ်လုံးရှိသ
လဲ” ဟု မေးတော်မူလျှင်၊
သူတို့က “မုန့်ခုနှစ်လုံးရှိပါတယ်”ဟုဖြေကြ၏။
⁶ ယေရှုက လူတို့အား မြက်ခင်းပြင်တွင် ထိုင်
ကြရန် မိန့်တော်မူ၏။ ထို့နောက် မုန့်ခုနှစ်လုံးကို
ယူပြီး ကျေးဇူးတော်ကို ချီးမွမ်း၏။ ထို့နောက် မုန့်ကို
ဖဲ့၍ တပည့်တော်တို့အားပေးကာ လူတို့ထံ ဝေငှ
စေတော်မူ၏။ သူတို့သည် ကိုယ်တော်ပြောသည့်
အတိုင်းပြုကြ၏။ ⁷နောက်လိုက်တို့၌ ငါးအနည်းငယ်
ရှိသေး၏။ ကိုယ်တော်သည် ထိုငါးကိုယူပြီး ကျေးဇူး
တော်ကို ချီးမွမ်းကာ ဝေငှစေတော်မူ၏။
⁸ လူအားလုံးတို့သည် ဝစွာစားရကြ၏။ နောက်
လိုက်များက စားပြီးအကျန်အကြွင်းများကို စုသိမ်း
ရာ တောင်းခုနှစ်လုံး အပြည့်ရ၏။ ⁹ စားသောသူ
ယောကျ်ားဦးရေလေးထောင်ရှိ၏။ စားသောက်ကြ
ပြီးသောအခါ ယေရှုက သူတို့အား အိမ်ပြန်ကြရန်
မိန့်တော်မူ၏။ ¹⁰ ထို့နောက် ကိုယ်တော်သည်နောက်
လိုက်တို့နှင့်အတူ လှေတစ်စင်းဖြင့် ဒါလမနုသ
နယ်သို့ သွားတော်မူ၏။

**ဖာရိရှဲတို့က ယေရှုကို စစ်ဆေးရန်ကြိုးစားခြင်း**

*(မ ၁၆း၁-၄)*

¹¹ ဖာရိရှဲတို့သည် ယေရှုထံ လာရောက်ကာ
မေးခွန်းထုတ်ကြ၏။ သူတို့သည် ကိုယ်တော်အား
စုံစမ်းလိုသောကြောင့်ဖြစ်၏။ သူတို့က ကိုယ်တော့်
အား ဘုရားသခင်ထံမှ ကြွလာသောသူဖြစ်လျှင်

နိမိတ်လက္ခဏာများပြရန် တောင်းဆိုကြ၏။ ¹² ထို
အခါ ယေရှုသည် ညည်းတွားလျက်“သင်တို့ ဘာ
ကြောင့် ငါ့ကို နိမိတ်လက္ခဏာကိုပြခိုင်းကြတာလဲ၊
ငါအမှန်အကန်ပြောမယ်၊သင်တို့ကိုနိမိတ်လက္ခဏာ
မပြရဘူး” ¹³ ထို့နောက် ကိုယ်တော်သည် ဖာရိရှဲ
တို့ထံမှ ထွက်ပြီး လှေဖြင့်အိုင်တဘက်သို့ ကူးသွား
တော်မူ၏။

**နောက်လိုက်တို့သည် ယေရှုကို အထင်မှားကြခြင်း**

*(မ ၁၆း၅-၁၂)*

¹⁴ လှေပေါ်တွင်နောက်လိုက်တို့၌ မုန့်တစ်လုံး
တည်းသာရှိ၏။ သူတို့သည် နောက်ထပ်မုန့်ယူလာ
ရန် မေ့နေကြသည်။ ¹⁵ ထိုအခါ ယေရှုက“ဖာရိရှဲနဲ့
ဟေရုဒ်တို့ရဲ့ တဆေးကို သတိထားကြပါ”ဟု မိန့်
တော်မူ၏။

¹⁶ ထိုအခါ နောက်လိုက်တို့သည် ယေရှုဆိုလို
သော အဓိပ္ပာယ်ကို ဆွေးနွေးကြ၏။“ငါတို့မှာ မုန့်
မရှိလို့ ဒီလိုပြောတာထင်တယ်”ဟု အချင်းချင်း
ပြောဆိုကြ၏။

¹⁷ ယေရှုသည် နောက်လိုက်များ ပြောနေကြ
သည့်အကြောင်းအရာကို သိတော်မူ၏။ ထို့ကြောင့်
ကိုယ်တော်က “သင်တို့ဘာကြောင့် မုန့်မရှိတဲ့
အကြောင်းကိုပြောနေကြတာလဲ၊သင်တို့ အခုထက်
ထိ မသိမမြင်ကြသေးဘူး၊ နားမလည်နိုင်ကြသေး
ဘူး၊ ¹⁸ သင်တို့မှာ မြင်နိုင်တဲ့မျက်စိနဲ့ ကြားနိုင်တဲ့
နားမရှိကြဘူးလား၊ ငါတို့မှာ မုန့်အလုံအလောက်
မရှိတုန်းက ငါဘာလုပ်ခဲ့တယ်ဆိုတာကို မမှတ်မိ
ကြဘူးလား၊ ¹⁹ မုန့်ငါးလုံးကိုဖဲ့ပြီး လူငါးထောင်ကို
ကျွေးတာ၊စားပြီးမုန့်ဘယ်နှစ်တောင်းပိုသလဲဆိုတာ
ကို မှတ်မိကြသလား”ဟု မေးတော်မူ၏။

သူတို့က “တစ်ဆယ့်နှစ်တောင်းအပြည့်ရပါ
တယ်”ဟု ပြန်ဖြေကြ၏။

²⁰ နောက်ပြီး မုန့်ခုနှစ်လုံးကို ဖဲ့ပြီး လူလေး
ထောင်ကို ကျွေးခဲ့တယ်။ အဲဒီတုန်းက စားပြီး မုန့်
ဘယ်နှစ်တောင်းပိုသလဲဆိုတာကိုရော မှတ်မိကြ
သလား”ဟု မေးတော်မူလျှင်၊

သူတို့က “ခုနှစ်တောင်း ပိုပါတယ်”ဟု ဖြေ
ကြ၏။

²⁰ ထို့နောက် ကိုယ်တော်က “သင်တို့ဟာ ငါ
လုပ်ခဲ့တာတွေကို မှတ်မိကြတယ်၊ ဒါပေမယ့် သင်
တို့တတွေ ခုထိနားမလည်ကြ သေးဘူးလား”ဟု
မိန့်တော်၏။

**ယေရှုက ဗက်ဇဲဒမြို့၌ မျက်မမြင်တစ်ဦးကို မြင်စေတော်မူခြင်း**

²² ကိုယ်တော်သည် နောက်လိုက်တို့နှင့်အတူ
ဗက်ဇဲဒမြို့သို့ ရောက်လာကြ၏။ လူအချို့တို့က
မျက်စိကန်းနေသောလူတစ် ယောက်ကို ယေရှုထံ
သို့ ခေါ်လာကြပြီး ထိုသူအား တို့ထိရန် ကိုယ်တော့်
ကို တောင်းပန်ကြ၏။²³ ထို့ကြောင့် ကိုယ်တော်
သည် ထိုသူ၏ လက်ကို ကိုင်ဆွဲလျက် ရွာအပြင်သို့
ခေါ်ဆောင်လာ၏။ ထို့နောက် ကိုယ်တော်သည် ထို
သူ၏မျက်စိကို တံတွေးထွေးပြီး ထိုသူအပေါ် လက်
တင်ကာ“အခုသင်မြင်ရပြီလား”ဟု မေးတော်မူ၏။

²⁴ ထိုသူက လှမ်းကြည့်ပြီး”မြင်ရပြီ၊ လူတွေကို
ကြည့်ရတာ သစ်ပင်တွေ လမ်းလျှောက်နေသလို
ပဲ”ဟု လျှောက်လေ၏။

²⁵ ယေရှုက နောက်တစ်ခါ ထိုသူ၏မျက်စိပေါ်
သို့ လက်ကိုတင်တော်မူ၏။ ထို့နောက် ထိုသူသည်
မျက်စိကိုဖွင့်ကြည့်ရာ အရာခပ်သိမ်းကို ရှင်းလင်း
စွာမြင်ရ၏။ ²⁶ ယေရှုက“မြို့ထဲကိုပြန်မသွားနဲ့၊ အိမ်
ပြန်ပါ”ဟု မိန့်တော်မူ၏။

**ယေရှုအား ခရစ်တော်ဖြစ်ကြောင်းပေတရုပြောခြင်း**

*(မ ၁၆း၁၃-၂၀၊ လု ၉း၁၈-၂၁)*

²⁷ယေရှုသည်နောက်လိုက်တို့နှင့်အတူ ဖိလိပ္ပု
ကဲသရိမြို့ဝန်းကျင်သို့ သွားကြ၏။ ထိုသို့ ခရီးသွား
စဉ် ယေရှုက နောက်လိုက်တို့အား“လူတွေက ငါ့
ကို ဘယ်သူဖြစ်တယ်လို့ ပြောကြသလဲ”ဟု မေး
တော်မူလျှင်

²⁸ နောက်လိုက်တို့က “လူတစ်ချို့က နှစ်ခြင်း
ဆရာယောဟန်လို့ ပြောကြတယ်၊ တစ်ချို့ကလည်း
ဧလိယလို့ ပြောကြတယ်၊ တစ်ချို့ကျတော့ ပရော
ဖက်တစ်ပါးပါးဖြစ်တယ်လို့ ပြောကြပါတယ်”ဟု
ပြန်ဖြေကြ၏။

²⁹ ထိုအခါ ယေရှုက “သင်တို့ကရော ဘယ်လို
ထင်ကြသလဲ”ဟု မေးတော်မူလျှင်

ပေတရုက “ကိုယ်တော်သည် ခရစ်တော် ဖြစ်
တော်မူပါတယ်” ဟု ဖြေလေ၏။

³⁰ယေရှုက နောက်လိုက်တို့အား မိမိမည်သူ
ဖြစ်ကြောင်းကို မည်သူ့ကိုမျှ မပြောရန် တားမြစ်
တော်မူ၏။

**ယေရှုက မိမိအသေခံရမည်အကြောင်း မိန့်တော်မူခြင်း**

*(မ ၁၆း၂၁-၂၈၊ လု ၉း၂၂-၂၇)*

³¹ ထို့နောက် ယေရှုက လူသားသည် နာကျင်

ခြင်း ဝေဒနာပြင်းစွာ ခံရမည်ဖြစ်ကြောင်း စတင်၍
မိန့်တော်မူ၏။ ကိုယ်တော်က ယုဒအကြီးအကဲတို့
သည်လည်းကောင်း၊ ယဇ်ပုရောဟိတ်တို့သည်လည်း
ကောင်း၊ ကျမ်းပြုဆရာတို့သည်လည်းကောင်း လူ
သားကို လက်ခံကြလိမ့်မည်မဟုတ်ဟု မိန့်တော်
မူ၏။ ထို့နောက် အသေသတ်ခြင်းကို ခံရပြီး သုံး
ရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်လိမ့်
မည်ဟု မိန့်တော်မူ၏။ ၃၂ ယေရှုက နောင်ဖြစ်ပျက်
မည့်အကြောင်းအရာများကို လျှို့ဝှက်မထားဘဲ ပြော
ပြတော်မူ၏။

ပေတရုသည် ယေရှုနှင့်နှစ်ဦးတည်း တွေ့ဆုံ
ပြီး ကိုယ်တော် ဤသို့ဖွင့်ပြတော်မူခြင်းကို အပြစ်
တင်လေ၏။ ၃၃ ကိုယ်တော်သည် နောက်လိုက်တို့
ကို လှည့်ကြည့်ပြီး ပေတရုအား အပြစ်တင်လေ၏။
ကိုယ်တော်က “အချင်းစာတန် ဒီနေရာက ထွက်
သွား လော့၊ သင်ဟာ ဘုရားသခင်နဲ့ဆိုင်တဲ့အရာ
ကို ဂရုမထား၊ လူတို့က အရေးကြီးတယ်လို့ထင်တဲ့
အရာတွေကိုပဲ ဂရုထားတယ်”ဟု မိန့်တော်မူ၏။

၃၄ ထို့နောက် ကိုယ်တော်သည် နောက်လိုက်
တို့အား ခေါ်တော်မူပြီး “ငါ့နောက်ကို လိုက်လိုတဲ့
သူဟာ မိမိကိုယ်ကိုလည်းကောင်း၊ မိမိအလိုဆန္ဒ
ကိုလည်းကောင်း ငြင်းပယ်ရမယ်၊ ကိုယ်လက်ဝါး
ကားတိုင်ကိုထမ်းပြီး ငါ့ နောက်ကို လိုက်ရမယ်၊
၃၅ ကိုယ့်အသက်ကို ကယ်တင်လိုတဲ့သူဟာ ဆုံးရှုံး
လိမ့်မယ်။ အကြင်သူဟာ ငါ့အတွက်ဖြစ်စေ၊ ဘုရား
သခင်ရဲ့ သတင်းကောင်းအတွက်ဖြစ်စေ ကိုယ့်
အသက်ကို စွန့်တယ်ဆိုရင် အဲဒီလူဟာ ကယ်တင်
ခြင်းကို ခံရလိမ့်မယ်၊ ၃၆ လူသည် တလောကလုံး
ကို စိုးပိုင်ထားပြီး ကိုယ့်ကိုယ်ကို ဆုံးရှုံးရင် အကျိုး
မရှိဘူး။ ၃၇ သင်ဟာ သင့်အသက်ကို ဘာနဲ့မှ မရွေး
နိုင်ဘူး။ ၃၈ အခု အသက်ရှင်နေကြတဲ့ လူတွေဟာ
အပြစ်တွေကျူးလွန်နေကြပြီး ငါနဲ့ ငါ့ရဲ့ဩဝါဒကို
ရှက်ရင် ငါဟာခမည်းတော်ရဲ့ဘုန်းတန်ခိုးကိုဆောင်
ပြီး ကောင်းကင်တမန်တွေနဲ့အတူ ပြန်ကြွလာတဲ့
အခါ အဲဒီလူကို ငါရှက်မယ်”ဟု မိန့်တော်မူ၏။

၉ ထိုနောက်ယေရှုက “ငါအမှန်အကန်ပြောမယ်၊
ဒီနေရာမှာ ရပ်နေတဲ့သူအချို့ဟာ ဘုရားသ
ခင်နိုင်ငံတော်သည် တန်ခိုးတော်နှင့်အတူရောက်
လာတာကို သူတို့မသေခင် တွေ့ရကြလိမ့်မယ်”
ဟု မိန့်တော်မူ၏။

## ယေရှုသည် မောရှေ၊ ဧလိယတို့နှင့် အတူရှိ တော်မူခြင်း

*(မ ၁၇း၁-၁၃၊ လု ၉း၂၈-၃၆)*

၂ ခြောက်ရက်လွန်သော် ယေရှုသည် ပေတရု၊
ယာကုပ်၊ ယောဟန်တို့နှင့်အတူ တောင်ပေါ်သို့
တက်ကြွတော်မူ၏။ တောင်ပေါ်တွင် သူတို့လေးဦး
သာရှိ၏။ ထိုစဉ် ယေရှုသည် သဏ္ဌာန်တော်ပြောင်း
လေ၏။ ၃ ကိုယ်တော်၏ အဝတ်တော်သည် ဖြူဝင်း
လာပြီး လူများလုပ်နိုင်သည်ထက် သာ၍ဖြူဖွေး
လျက်ရှိ၏။ ၄ ထို့နောက် လူနှစ်ဦးပေါ်လာပြီး ကိုယ်
တော်နှင့် စကားပြောကြ၏။ ထိုသူနှစ်ဦးမှာ မောရှေ
နှင့် ဧလိယတို့ဖြစ်ကြ၏။

၅ ပေတရုက ကိုယ်တော့်အား “ကိုယ်တော်
ဒီနေရာလေးက အလွန်ကောင်းပါတယ်။ ကိုယ်တော့်
အတွက် တဲတစ်ဆောင်၊ မောရှေအတွက် တဲတစ်
ဆောင်နဲ့ ဧလိယအတွက် တဲတစ်ဆောင်ကို ဆောက်
လုပ်ခွင့်ပြုပါ”ဟု လျှောက်လေ၏။ ၆ ပေတရုက မိမိ
ဘာပြောနေသည်ကို မသိ၊ အကြောင်းမှာ သူသည်
ကျန်နောက်လိုက်နှစ်ယောက်နှင့်အတူ အလွန်
ကြောက်ရွံ့နေကြသောကြောင့်ဖြစ်၏။

၇ ထိုနောက် မိုးတိမ်များသည် သူတို့အား လွှမ်း
ခြုံထား လေ၏။ မိုးတိမ်ထဲမှ “ဤသူသည် ငါ
ချစ်မြတ်နိုးသော ငါ၏ သားဖြစ်၏။ သူ့စကားကို
နားထောင်ကြလော့”ဟူသော အသံထွက် ပေါ်လာ
၏။

၈ နောက်လိုက်တို့သည် ယေရှုတစ်ပါးတည်း
သာ မိမိတို့နှင့်အတူရှိနေသည်ကို တွေ့ရကြ၏။

၉ ယေရှုသည်နောက်လိုက်တို့နှင့်အတူ တောင်
အောက်သို့ ပြန်ဆင်းလာကြ၏။ ယေရှုက “သင်တို့
မြင်တွေ့ရတဲ့ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ
မပြောကြနဲ့။ လူသားဟာ သေခြင်းက ထမြောက်တဲ့
အထိ စောင့်ကြပါ။ နောက်မှ လူတို့ကို ဒီအကြောင်း
တွေကို ပြောပြကြပါ”ဟု မိန့်တော်မူ၏။

၁၀ ထို့ကြောင့် ထိုနောက်လိုက်တို့သည် ယေရှု
မှာတော်မူသည်အတိုင်း မိမိတို့မြင်ခဲ့သမျှအရာတို့
ကို မည်သူ့ကိုမျှ မပြောကြပါ။ သို့ရာတွင် သူတို့
သည် ရှင်ပြန်ထမြောက်ခြင်းဆိုသည်မှာ မည်သည်
ကိုဆိုလိုကြောင်း ဆွေးနွေးပြောဆိုကြ၏။ ၁၁ ထို့
နောက် နောက်လိုက်တို့က “ဧလိယ အရင်လာ
မယ်လို့ ဘာကြောင့် ကျမ်းပြုဆရာတွေက ပြောရ
သလဲ”ဟု မေးမြန်းကြ၏။

၁၂ ယေရှုက “ဧလိယအရင်လာမယ်လို့ သူတို့

ပြောတာမှန်တယ်။ ဧလိယက အရာအားလုံးကိုလုပ်
ဆောင်လိမ့်မယ်၊ ကျမ်းစာမှာ လူသားသည် အလွန်
ဆင်းရဲခြင်းဝေဒနာကို ခံစားရလိမ့်မယ်၊ လူတို့ရဲ့
ငြင်းပယ်ခြင်းကိုလည်းခံရမယ်လို့ ဘာကြောင့်ဖော်
ပြထားရသလဲ၊ ၁၃ ငါပြောမယ်၊ ဧလိယလာခဲ့ပြီးဖြစ်
တယ်၊ ကျမ်းစာမှာ ဖော်ပြထားတဲ့အတိုင်း လူတွေ
က သူ့ကို လုပ်ချင်သလို လုပ်ကြပြီ”ဟု မိန့်တော်
မူ၏။

**ယေရှုသည် သူငယ်တစ်ယောက်ကို ကျန်းမာစေတော်မူခြင်း**

၁၄ ထို့နောက် ယေရှုသည် ပေတရု၊ ယာကုပ်၊
ယောဟန်တို့နှင့်အတူ ကျန်နောက်လိုက်များထံသို့
ပြန်လာကြ၏။ သူတို့ပတ်ပတ်လည် ၌ လူများစွာ
တို့ စုရုံးနေကြသည်။ ကျမ်းပြု ဆရာများနှင့်နောက်
လိုက်တို့သည် ငြင်းခုံနေကြသည်။ ၁၅ လူအုပ်ကြီး
သည် ယေရှုကိုမြင်တွေ့ကြသောအခါ အလွန်အံ့သြ
ဝမ်းသာကြပြီး ကိုယ်တော့်အား အပြေးကြိုကြ၏။
၁၆ ကိုယ်တော်က “သင်တို့တတွေ ကျမ်းပြု
ဆရာတို့နဲ့ ဘာတွေ ငြင်းခုံနေကြတာလဲ”ဟု မေး
တော် မူ၏။
၁၇ လူတစ်ယောက်က “ဆရာ၊ ကျွန်တော်ရဲ့
သားကို ခေါ်လာခဲ့ပါတယ်၊ သူ့အထဲမှာ ညစ်ညူး
သော နတ်ဆိုးစွဲကပ်နေပါတယ်၊ အဲဒီနတ်ဆိုးက
သူ့ကိုစကားမပြောနိုင်အောင်နှောင့်ယှက်ပါတယ်၊
၁၈ အဲဒီနတ်ဆိုးက ကျွန်တော့်သားကို မြေကြီးပေါ်
တွန်းလှဲတတ်ပါတယ်၊ အဲဒီအခါ ကျွန်တော့်သားရဲ့
ပါးစပ်က အမြှုပ်တွေထွက်၊ အံသွားတွေကိုကြိတ်
ပြီး တစ်ကိုယ်လုံးလည်း မာတောင့်သွားပါတယ်၊
ဒါကြောင့် ကိုယ်တော်ရဲ့နောက်လိုက်တို့ဆီ ဒီနတ်
ဆိုး ကို နှင်ထုတ်ပေးဖို့တောင်းပန်ပါ တယ်၊ ဒါပေ
မယ့် သူတို့မတတ်နိုင်ကြဘူး” ဟုလျှောက်လေ၏။
၁၉ ယေရှုက “ယုံကြည်ခြင်းကင်းမဲ့သူတို့၊ ငါ
သည် သင်တို့နဲ့ ဘယ်လောက်ကြာအောင်နေရဦး
မလဲ၊ သင်တို့ကို ဘယ်အထိ သည်းခံရဦးမှာလဲ၊
သူငယ်ကို ငါ့ဆီ ခေါ်လာခဲ့ကြ” ဟု မိန့်တော်မူ၏။
၂၀ ထို့ကြောင့်နောက်လိုက်တို့သည်သူငယ်ကို
အထံတော်သို့ ဆောင်လာခဲ့ကြ၏။ နတ်ဆိုးသည်
ကိုယ်တော်ကို မြင်သောအခါ သူငယ်ကို နှောင့်
ယှက်လေ၏။ သူငယ်သည် မြေသို့လဲကျပြီး လူး
လိမ့်နေလေသည်။ ပါးစပ်မှလည်း အမြှုပ်များ
ထွက်လာ၏။
၂၁ ယေရှုက သူငယ်၏အဘအား “သူငယ် ဒီလို
ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ”ဟု မေးတော်
မူလျှင်၊
သူငယ်၏အဘက “သူငယ်စဉ်ကတည်းက
ဖြစ်တာပါ၊ ၂၂ နတ်ဆိုးက သူငယ်ကို မီးထဲနဲ့ရေထဲ
ကို ခဏခဏဆွဲချပြီး သေကြောင်း ကြံတတ်ပါ
တယ်။ ကိုယ်တော်မစနိုင်ရင် ကျွန်တော်တို့ကို
သနားပြီး ကူမတော်မူပါ”ဟု လျှောက်လေ၏။
၂၃ ယေရှုက သူငယ်၏ အဘအား“မစနိုင်ရင်
ကူမတော်မူပါလို့ သင်ပြောတယ်၊ ယုံကြည်ခြင်းရှိ
တဲ့သူအတွက် အရာအားလုံးဖြစ်နိုင်တယ်”ဟု မိန့်
တော်မူ၏။
၂၄ ထိုအခါ သူငယ်၏အဘက “ကျွန်တော်
ယုံကြည်ပါတယ်၊ ကျွန်တော့်ကို ပိုပြီးယုံကြည်နိုင်
အောင် ကူမတော်မူပါ” ဟု တောင်းပန်လေ၏။
၂၅ လူအားလုံးတို့သည် အဖြစ်အပျက်ကို မြင်
ချင်ကြသောကြောင့် ထိုနေရာသို့ အပြေးလာကြသည်
ကို ယေရှုမြင်တော်မူ၏။ ထို့နောက် ကိုယ်တော်က
ညစ်ညူးသောနတ်ဆိုးအား “သူငယ်ကို နားလေး
စေပြီး၊ စကားအစေသော သင့်အား ငါအမိန့်ပေး
တယ်၊ သူငယ်အထဲကထွက်သွားလော့၊ ဘယ်တော့
မှ ပြန်မဝင်နဲ့” ဟု မိန့်တော်မူ၏။
၂၆ ညစ်ညူးသောနတ်ဆိုးသည်အော်ဟစ်လျက်
သူငယ်အထဲကထွက်လေ၏။ သူငယ်ကို မြေပေါ်
သို့လဲကျစေသဖြင့် သူငယ်သည် လူသေကဲ့သို့ ဖြစ်
လေ၏။ လူတို့ကလည်း သူသေပြီဟု ပြောကြ၏။
၂၇ သို့ရာတွင် ကိုယ်တော်သည် သူငယ်၏လက်ကို
ကိုင်ကာ မတ်တပ် ရပ်နိုင်ရန် ထူမတော်မူ၏။
၂၈ ထို့နောက် ယေရှုသည် အိမ်ထဲသို့ ဝင်တော်
မူပြီး နောက်လိုက်များနှင့်သာ ရှိနေ၏။ တပည့်
တော်တို့က“ညစ်ညူးသောနတ်ကို ဘာကြောင့်
ကျွန်တော်တို့ မနှင်ထုတ်နိုင်တာလဲ”ဟုမေးကြရာ၊
၂၉ ယေရှုက“အဲဒီနတ်ဆိုးမျိုးကို ဆုတောင်း
ခြင်းနဲ့ပဲ နှင်ထုတ်နိုင်တယ်”ဟု မိန့်တော်မူ၏။

**ယေရှုက မိမိသေခြင်းအကြောင်းကို ပြောတော်မူခြင်း**

*(မ ၁၇:၂၂-၂၃၊ လု ၉:၄၃-၄၅)*

၃၀ ထို့နောက် ယေရှုသည် နောက်လိုက်များ
နှင့် ထိုနေရာမှ ထွက်ခွါပြီး ဂါလိလဲပြည်ကို ဖြတ်
သွားကြ၏။ ယေရှုက သူတို့ရှိနေသည့် နေရာကို လူ
များ မသိစေလိုပေ။ ၃၁ ကိုယ်တော်သည် နောက်
လိုက်တို့ကို သီးသန့်သွန်သင်လို၏။ ယေရှုက “လူ
သားဟာ အသတ်ခံဖို့ လူတို့လက်ထဲ အပ်နှံတာကို

ခံရလိမ့်မယ်။ သုံးရက်အကြာမှာ သေခြင်းကထမြောက်
လိမ့် မယ်”ဟု မိန့်တော်မူ၏။ ၃၂ သို့ရာတွင် နောက်
လိုက်တို့သည် ယေရှု ဘာကိုဆိုလိုကြောင်း နားမ
လည်ကြသေး။ ထို့ကြောင့် ကိုယ်တော့်အား မမေး
လျှောက်ဝံ့ကြ။

**ယေရှုက မည်သူသည်အမြတ်ဆုံးဖြစ်သည်ကို ပြောပြတော်မူခြင်း**

*(မ ၁၈း၁-၅၊ လု ၉း၄၆-၄၈)*

၃၃ ကိုယ်တော်နှင့်အတူနောက်လိုက်တို့သည်
ကပေရနောင်မြို့သို့ သွားကြ၏။ အိမ်တစ်အိမ်သို့
ဝင်ကြပြီး၊ ကိုယ်တော်က “ဒီနေ့ လမ်းမှာ သင်တို့
ငြင်းခုံနေကြတာကို ငါကြားတယ်၊ ဘာကို ငြင်းခုံ
နေကြတာလဲ”ဟု မေးတော်မူ၏။ ၃၄ သို့ရာတွင်
နောက်လိုက်တို့က မဖြေ။ အဘယ်ကြောင့်ဆိုသော်
သူတို့သည် သူတို့ထဲ၌ မည်သူသည် အမြတ်ဆုံး
ဖြစ်သည်ကို ငြင်းခုံနေကြသောကြောင့်ဖြစ်၏။
၃၅ ယေရှုသည် ထိုင်တော်မူပြီး တမန်တော်တစ်
ဆယ့်နှစ်ပါးကို ခေါ်က “အရေးအပါဆုံး ပုဂ္ဂိုလ်
ဖြစ်လိုသူဟာ လူတွေအားလုံးကို ကိုယ့်ထက် အရေး
ပါတယ်လို့ မှတ်ယူရမယ်၊ သူဟာ လူတိုင်းကို အစေခံ
ရမယ်”ဟု မိန့်တော်မူ၏။
၃၆ ထို့နောက် ကိုယ်တော်သည် ကလေးငယ်
တစ်ယောက်ကိုနောက်လိုက်တို့အလယ်၌မတ်တတ်
ရပ်စေပြီး ကလေးငယ်၏လက်ကို ကိုင်တော်မူကာ၊
၃၇“ဘယ်သူမဆို ငါ့နာမကြောင့် သူငယ်တစ်စုံတစ်
ယောက်ကို လက်ခံရင် ငါ့ကို လက်ခံတယ်၊ ငါ့ကို
လက်ခံတဲ့သူဟာ ငါ့ကို စေလွှတ်တော်မူတဲ့သူကို
လည်း လက်ခံသူဖြစ်တယ်”ဟု မိန့်တော်မူ၏။

**ငါတို့ကို မဆန့်ကျင်သောသူသည် ငါတို့ဘက်၌ရှိခြင်း**

*(လု ၉း၄၉-၅၀)*

၃၈ ထို့နောက် ယောဟန်က “သခင်၊ လူတစ်ဦး
ဟာ သခင့်နာမကိုအမှီပြုပြီး နတ်ဆိုးကို မောင်း
ထုတ်နေတာကို ကျွန်ုပ်တို့တွေ့ကြပါတယ်၊ သူဟာ
ကျွန်တော်တို့ထဲကမဟုတ်ဘူး၊ ကျွန်တော်တို့ လူစု
နဲ့ပတ်သက်တဲ့သူလည်း မဟုတ်ဘူး၊ ဒါကြောင့်
ကျွန်တော်တို့သူ့ကိုဆီးတားကြပါတယ်”ဟုလျှောက်
၏။
၃၉ ယေရှုက “သူ့ကို မဆီးတားကြနဲ့။ ငါ့နာမကို
အသုံးပြုပြီး တန်ခိုးပြနိုင်တဲ့သူဟာ ငါ့ကို မကောင်း
တာ ပြောမှာမဟုတ်ဘူး။ ၄၀ ငါတို့ကို မဆန့်ကျင်
တဲ့သူဟာ ငါတို့ဘက်မှာရှိတယ်။ ၄၁ ငါအမှန်အကန်
ပြောမယ်။ သင်တို့ကို ခရစ်တော်နဲ့အတူရှိနေတာ
ကိုထောက်ပြီး ရေတစ်ခွက်တိုက်တဲ့သူသည် အကျိုး
ကိုရမှာ အမှန်ဖြစ်တယ်”ဟု မိန့်တော်မူ၏။

**ယေရှုက အပြစ်ကျူးလွန်စေခြင်းအကြောင်း သတိပေးတော်မူခြင်း**

*(မ ၁၈း၆-၉၊ လု ၁၇း၁-၂)*

၄၂“ငါ့ကို ယုံကြည်တဲ့သူငယ်တစ်ယောက်ကို
တစ်စုံတစ်ယောက်က အပြစ်ပြုစေရင် အလွန်ဆိုးဝါး
တဲ့အမှုကို ပြုတာဖြစ်တယ်၊ အဲဒီလူရဲ့လည်ပင်းမှာ
ကြိတ်ဆုံကိုဆွဲပြီး ပင်လယ်ထဲပစ်ချရင် ပိုပြီးကောင်း
တယ်၊ ၄၃ သင်ရဲ့လက်က သင့်ကို အပြစ်ပြုစေရင်
အဲဒီလက်ကိုဖြတ်ပစ်လိုက်ပါ၊ ငရဲထဲကို လက်အစုံ
နှင့်ပစ်ချခံရတာထက် ကိုယ်အင်္ဂါချို့တဲ့ပြီး ထာဝရ
အသက်ကိုရတာက ပိုပြီးကောင်းတယ်။ အဲဒီ မီးက
ဘယ်တော့မှမငြိမ်းဘူး။ ၄၄-၄၅ သင်ရဲ့ခြေက သင့်
ကိုအပြစ်ပြုစေရင် အဲဒီခြေကို ဖြတ်ပစ်လိုက်ပါ၊ ငရဲ
ထဲသို့ ခြေအစုံနဲ့ပစ်ချခံရတာထက် ကိုယ်အင်္ဂါချို့
တဲ့ပြီး ထာဝရအသက်ကိုရတာက ပိုပြီးကောင်းတယ်၊
၄၆၊ ၄၇ သင်ရဲ့ မျက်စိက သင့်ကိုအပြစ်ပြုစေရင် ထို
မျက်စိကို ထုတ်ပစ်လိုက်ပါ၊ ထာဝရလောင်သော
ငရဲထဲသို့ မျက်လုံးအစုံနဲ့ ပစ်ချခံရတာထက် မျက်စိ
တစ်ဘက်တည်းနဲ့ ထာဝရအသက်ရှင်ရတာက ပိုပြီး
ကောင်းတယ်၊ ၄၈ အဲဒီငရဲက လူသားစားတဲ့ပိုးဟာ
ဘယ်တော့မသေဘူး၊ ထိုငရဲက မီးဟာလည်း ဘယ်
တော့မှမငြိမ်းဘူး၊ ၄၉ ထိုနေရာကို ရောက်တဲ့သူ
တိုင်း မီးနဲ့ စီရင်တာကို ခံရမယ်”
၅၀ “ဆားဟာ ကောင်းတယ်၊ ဒါပေမယ့် ဆားရဲ့
အငန်ဓာတ်ပျောက်သွားရင် ငန်တဲ့အရသာကို သင်
တို့ မလုပ်နိုင်ဘူး။ ဒါကြောင့် ကောင်းမြတ်ခြင်းနဲ့
ပြည့်စုံကြပြီး လူတိုင်းနဲ့ငြိမ်းချမ်းစွာနေကြပါ”ဟု မိန့်
တော်မူ၏။

**ယေရှုက ကွာရှင်းခြင်းအကြောင်း ဩဝါဒပေး တော်မူခြင်း**

*(မ ၁၉း၁-၁၂)*

၁၀ ထို့နောက် ယေရှုသည် ထိုနေရာမှ ထွက်ခွါ
တော်မူ၏။ ယုဒနယ်သို့ဝင်ပြီး ယော်ဒန်မြစ်
ကို ဖြတ်၏။ လူများတို့သည် ကိုယ်တော်ထံပါးသို့
လာကြပြန်၏။ ယေရှုက ပြုနေကျအတိုင်း ထိုသူတို့
အား ဩဝါဒကို ပေးတော်မူ၏။
၂ ဖာရိရှဲအချို့ရောက်လာကြပြီး ယေရှုကိုစကား
မှားစေရန် ကြိုးစားကြ၏။ သူတို့က ယေရှုအား

"ယောကျ်ားဟာ မိမိမယားကို ကွာရှင်း နိုင်သလား"
ဟု မေးရာ၊
၃ ယေရှုက"သင်တို့ကို မောရှေက ဘယ်လို
ပညတ်ခဲ့သလဲ"ဟု ပြန်မေးတော်မူ၏။
၄ ဖာရိရှဲတို့က "မောရှေက ယောကျ်ားဟာ မိမိ
မယားကို စာရေးပြီး ကွာရှင်းခွင့်ပြုပါတယ်"ဟု ဖြေ
ကြ၏။
၅ ယေရှုက "သင်တို့ဟာ ဘုရားသခင်ရဲ့စကား
တော်ကို လက်ခံဖို့ ငြင်းဆိုကြတာ ကြောင့် မောရှေ
က ဒီပညတ်ကို ပေးခဲ့တာဖြစ်တယ်။ ၆ ဒါပေမယ့်
ဘုရားသခင် ကမ္ဘာကြီးကို ဖန်ဆင်းတုန်းက လူ
ယောကျ်ားနဲ့ လူမိန်းမကို ဖန်ဆင်းခဲ့တယ်၊ ၇ လူ
ယောကျ်ားက မိဘနှစ်ဦးကို ထားခဲ့ပြီး ဇနီးမယား
နဲ့ပေါင်းသင်းလိမ့်မယ်၊" ၈ အဲဒီလူနှစ်ဦးတို့ဟာ တစ်
ဦးတည်းဖြစ်လာလိမ့်မယ်၊ ဒါကြောင့် သူတို့ဟာ
နှစ်ဦးမဟုတ်၊ တစ်ဦးတည်း ဖြစ်တယ်၊ ၉ ဘုရား
သခင်ဟာထိုသူနှစ်ယောက်ကိုပေါင်းဖက်စေတယ်။
ဒါကြောင့် ဘယ်သူကမှ သူတို့နှစ်ဦးကို မကွဲကွာ
စေနဲ့"ဟု မိန့်တော်မူ၏။
၁၀ ယေရှုနှင့်နောက်လိုက်တို့သည် အိမ်ထဲသို့
ဝင်ကြ၏။ နောက်လိုက်တို့ကလည်း လင်မယား ကွာ
ခြင်းနှင့်ပတ်သက်၍ ထပ်မေးကြ ရာ၊ ၁၁ ယေရှုက
"လူတစ်ယောက်ဟာ မိမိမယားကိုကွာပြီး နောက်
အိမ်ထောင်ပြုခြင်းဟာ မိမိမယားကိုပြစ်မှားရာရောက်
တယ်၊ ၁၂ မိန်းမကလည်း မိမိခင်ပွန်းကို ကွာပြီး
နောက်အိမ် ထောင်ပြုရင် မိမိခင်ပွန်းကိုပြစ်မှားရာ
ရောက်တယ်"ဟု မိန့်တော်မူ၏။

**ယေရှုသည် ကလေးသူငယ်များကို
လက်ခံ တော်မူခြင်း**

*(မ ၁၉း၁၃-၁၅၊ လု ၁၈း၁၅-၁၇)*

၁၃ လူအချို့တို့သည် မိမိတို့၏ကလေးငယ်များ
အားလက်တင်ကောင်းချီးပေးစေရန် ယေရှုထံတော်
သို့ ခေါ်ဆောင်လာကြ၏။ သို့သော် နောက်လိုက်
တို့က နောက်ထပ်ခေါ်မလာကြရန် တားမြစ်ကြ၏။
၁၄ ယေရှုသည် ထိုအရာကို မြင်တော်မူ၏။ နောက်
လိုက်များက ကလေးသူငယ်များကို ခေါ်မလာရန်
တားနေခြင်းကို ယေရှု မနှစ်သက်ပေ။ ထို့ကြောင့်
ကိုယ်တော်သည် နောက်လိုက်တို့အား "ကလေး
တွေ ငါ့ဆီလာကြပါစေ၊ မဆီးတားကြပါနဲ့၊ ဘုရား
သခင်ရဲ့နိုင်ငံတော်ဟာ ဒီကလေးများ နဲ့တူတဲ့သူ
တွေအတွက်ဖြစ်တယ်၊ ၁၅ ငါအမှန် အကန် ပြောမယ်၊
ကလေးသူငယ်တွေ ခံယူသလိုသင်တို့လည်းဘုရား
သခင်ရဲ့နိုင်ငံကို ခံယူ ကြရမယ်၊ ဒီလိုမှမဟုတ်ရင်
သင်တို့ဟာ ဘုရားသခင်ရဲ့နိုင်ငံတော်ကို မဝင်ရ
ဘူး"ဟု မိန့်တော်မူ၏။ ၁၆ ထို့နောက် ကိုယ်တော်
သည် ကလေးသူငယ်များကို ထွေးပိုက်တော်မူပြီး
သူတို့အပေါ်လက်တင်ကာ ကောင်းချီးပေးလေ၏။

**ကိုယ်တော့်နောက်လိုက်ရန်ငြင်းသောသူဌေးတစ်ဦး**

*(မ ၁၉း၁၆-၃၀၊ လု ၁၈း၁၈-၃၀)*

၁၇ ယေရှုသည် ထိုနေရာမှထွက်ခွါရန် ပြင်ဆင်
စဉ် လူတစ်ဦးသည် အပြေးလာပြီး ကိုယ်တော်၏
ရှေ့တော်မှောက်တွင် ဒူးထောက် ဦးညွှတ်လျက်၊
"ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ရဖို့
ကျွန်တော် ဘာလုပ်ရမ လဲ"ဟု မေးလျှောက်၏။
၁၈ ယေရှုက "ငါ့ကို ဘာကြောင့် ကောင်းမြတ်
တယ်လို့ ဆိုရသလဲ၊ ဘုရားသခင်တပါး တည်းသာ
ကောင်းမြတ်တော်မူတယ်၊ ၁၉ သင်ဘုရားသခင်
ရဲ့ပညတ်တော်တွေကို သိတယ်မဟုတ်လား၊ လူအ
သက်ကိုမသတ်ရ၊ သူ့မယားကိုမပြစ်မှားရ၊ သူ့
ဥစ္စာကိုမခိုးရ၊ မုသာ မပြောရ၊ မလှည့်ဖြားရ၊ မိဘကို
ရိုသေစွာပြုရမယ်"ဟု မိန့်တော်မူရာ၊
၂၀ ထိုလူက "ဆရာ၊ ဒီပညတ်တွေကို ကျွန်တော်
ငယ်စဉ်ကတည်းက လိုက်လျှောက် ခဲ့ပါ တယ်"ဟု
ပြန်ဖြေ၏။
၂၁ ယေရှုသည် ထိုသူကိုကြည့်ပြီး ချစ်ခင်သော
စိတ်ဖြစ်လေ၏။ ကိုယ်တော်က"သင်လုပ်ဆောင်ဖို့
တစ်ခုပဲလိုတော့တယ်၊ သင်ပိုင်ဆိုင်တဲ့ဥစ္စာရှိသမျှ
ကိုရောင်းပြီး ရတဲ့ငွေကို ဆင်းရဲသားတွေကို ဝေ
ပေးလိုက်ပါ၊ ဒါဆိုရင် သင်သည် ကောင်းကင်ဘုံ
မှာဘဏ္ဍာရလိမ့် မယ်၊ပြီးမှငါ့နောက်ကိုလိုက်ပါ"ဟု
မိန့်တော်မူ၏။
၂၂ ယေရှု၏ စကားကို ကြားရသောအခါ ထိုသူ
သည် စိတ်ပျက်သွား၏။ သူသည် အလွန်ချမ်းသာ
ကြွယ်ဝသဖြင့် မိမိပိုင်ဆိုင်သမျှကို သူတပါးအား
မပေးလို။ ထို့ကြောင့်သူသည် စိတ်ပျက်စွာ ထွက်
သွားလေ၏။
၂၃ ထို့နောက် ယေရှုသည်နောက်လိုက် များကို
ကြည့်ပြီး "ချမ်းသာတဲ့သူတွေဟာ ဘုရားသခင်ရဲ့
နိုင်ငံတော်ကို ဝင်ဖို့သိပ်ခက်တယ်"ဟု မိန့်တော်
မူ၏။
၂၄ နောက်လိုက်တို့သည် ယေရှု၏ စကားကို
ကြားရသောအခါ အလွန်အံ့ဩသွားကြ၏။ ယေရှု
က"သားသမီးတို့ ဘုရားသခင်ရဲ့နိုင်ငံတော်ဝင်ဖို့
သိပ်ခက်တယ်။ ၂၅ ချမ်းသာတဲ့ သူတစ်ဦးဟာ ဘု

ရားသခင်ရဲ့ နိုင်ငံတော်ကို ဝင်ရဖို့ထက် ကုလားအုပ်
ကိုအပ်ပေါက်ထဲ လျှိုဖို့ကမှ ပိုပြီးလွယ်တယ်”ဟု
ထပ်မံမိန့်တော်မူ၏။
၂၆ နောက်လိုက်တို့သည် ပိုမိုအံ့ဩလျက် “ဒီလို
ဆိုရင် ဘယ်သူကယ်တင်ခြင်းရမှာလဲ” ဟုအချင်း
ချင်းမေးမြန်းကြ၏။
၂၇ ယေရှုသည် သူတို့ကိုကြည့်ပြီးမှ “ဒီအရာဟာ
လူမတတ်နိုင်တဲ့အမှုဖြစ်တယ်၊ ဒီအရာဟာအရာ
ခပ်သိမ်းကို တတ်နိုင်တဲ့ ဘုရားသခင်ထံတော်က
လာရမယ်”ဟု မိန့်တော်မူ၏။
၂၈ ပေတရုက “ကျွန်တော်တို့ဟာ ကိုယ်တော့်
နောက်လိုက်ဖို့ ရှိသမျှကိုစွန့်ခဲ့ကြပါပြီ” ဟုဆိုလျှင်၊
၂၉ ယေရှုက “ငါအမှန်အကန်ပြောမယ်၊ ငါ့
ကြောင့်ဖြစ်စေ၊ ဧဝံဂေလိသတင်းကြောင့် ဖြစ်စေ
မိမိအိမ်ရာ၊ မိဘ၊ ညီအစ်ကို မောင်နှမ၊ သားသမီး
နဲ့လယ်ယာတွေကို စွန့်တဲ့သူဟာ၊ ၃၀ မိမိတို့စွန့်တဲ့
အရာအတွက် အဆတစ်ရာမကအကျိုးကို ရကြ
လိမ့်မယ်။ အခုဘဝမှာ အိမ်ရာ၊ မောင်နှမ၊ မိခင်များ၊
သားသမီးများနဲ့ လယ်ယာများကို ရကြလိမ့်မယ်။
အဲဒါ တွေနဲ့အတူ ညှဉ်းပမ်းနှိပ်စက်ခြင်းလည်း ရှိ
လိမ့်မယ်။ ဒါ့အပြင် နောင်ဘဝမှာ ထာဝရအသက်
ကို ရလိမ့်မယ်၊ ၃၁ ခုချိန်မှာ အမြင့်ဆုံးကိုရောက်တဲ့
သူဟာ နောင်ကျရင် အနိမ့်ဆုံးကို ကျဆင်းလိမ့်
မယ်။ အခုအနိမ့်ဆုံးရောက်တဲ့သူအများဟာနောင်
ကျရင် အမြင့်ဆုံးကိုရောက်လိမ့်မယ်”ဟု မိန့်တော်
မူ၏။

## ယေရှုက မိမိအသက်စွန့်မည့်အကြောင်းကို ထပ်မံပြောဆိုခြင်း

*(မ ၂၀း၁၇-၁၉၊ လု ၁၈း၃၁-၃၄)*

၃၂ ယေရှုသည် မိမိနှင့်ရှိသောလူများ နှင့် အတူ
ယေရုရှလင်မြို့သို့ သွားကြ၏။ ယေရှုသည် ထိုသူတို့
ကိုဦးဆောင်သွားတော်မူ၏။ နောက်လိုက်တို့သည်
အံ့ဩကြ၏။ သို့ရာတွင် နောက်မှ လိုက်လာသော
သူတို့သည် ကြောက်ရွံ့ကြ၏။ ယေရှုသည် တမန်
တော်တစ်ဆယ့်နှစ်ပါးကို သီးသန့်ခေါ်ပြီး ယေရု
ရှလင်မြို့၌ဖြစ်ပျက်မည့်အရာကို ပြောပြ၏။ ၃၃ “ယေ
ရုရှလင်မြို့ကို သွားကြစို့၊ လူသားဟာ ယဇ်ပုရော
ဟိတ်နှင့်ကျမ်းပြုဆရာတို့လက်ထဲအပ်နှံခြင်း ခံရ
လိမ့်မယ်၊ သူတို့က လူသားကို အမှန်တကယ် သေ
ရမည်လို့ ပြောကြလိမ့်မယ်၊ သူတို့က လူသားကို
တပါးအမျိုးသားတို့ လက်ထဲ အပ်နှံလိမ့်မယ်။
၃၄ သူတို့ဟာ လူသားကို လှောင်ပြောင်ပြီး တံတွေး
နဲ့ထွေး၊ ကြာပွတ်နဲ့ ရိုက်နှက်၊ ပြီးတော့အသေသတ်
ကြလိမ့်မယ်၊ ဒါပေမယ့် သေပြီးသုံးရက်မြောက်နေ့
မှာ သူပြန်ရှင်လိမ့်မည်”ဟု မိန့်တော်မူ၏။

## ယာကုပ်နှင့် ယောဟန်တို့က အခွင့်အရေး တောင်းဆိုခြင်း

၃၅ ဇေဗေဒဲသားယာကုပ်နှင့်ယောဟန်တို့သည်
ယေရှုထံလာကြပြီး “ကိုယ်တော်၊ ကျွန်တော်တို့ တစ်
စုံတစ်ခုကို တောင်းဆိုချင်ပါတယ်”ဟု လျှောက်
ကြ၏။
၃၆ ယေရှုက “သင်တို့ ဘာကို အလိုရှိကြသလဲ”
ဟု မေးတော်မူ၏။
၃၇ သူတို့က “နိုင်ငံတော်မှာ ဘုန်းအသရေကို
ကိုယ်တော်ရတဲ့အခါ ကျွန်တော်တို့ နှစ်ယောက်ကို
လက်ယာတော်ဘက်မှာ တစ်ယောက်၊ လက်ဝဲ
တော်ဘက်မှာတစ်ယောက် ထိုင်ရတဲ့အခွင့်ကိုပေး
တော်မူပါ” ဟု လျှောက်ကြ၏။
၃၈ ယေရှုက “သင်တို့ဟာ ဘာကိုတောင်းနေ
ကြတယ်ဆိုတာ နားမလည်ကြဘူး၊ ငါခံရမယ့်
ညှဉ်းပမ်းနှိပ်စက်ခြင်းကို သင်တို့ခံနိုင်ကြမလား၊
ငါခံရမယ့်ဗတ္တိဇံကိုသင်တို့ခံနိုင်ကြမလား”ဟု မိန့်
တော်မူရာ၊
၃၉ သူတို့က“ကျွန်တော်တို့ ခံနိုင်ပါတယ်” ဟု
ဖြေကြ၏။ ထိုအခါ ယေရှုက “ငါခံရမယ့် ညှဉ်းပမ်း
နှိပ်စက်ခြင်းကို သင်တို့ခံရကြမယ်၊ ငါခံရမယ့်
ဗတ္တိဇံကိုလည်း သင်တို့ခံရကြမယ်၊ ၄၀ ဒါပေမယ့်
ငါ့ရဲ့လက်ယာဘက်၊ လက်ဝဲဘက်မှာ ထိုင်ရမယ့်
သူကို ငါမှာရွေးချယ်ခွင့် မရှိဘူး၊ အဲဒီနေရာကို
အချို့သောသူအတွက်ပြင်ဆင်ထားတယ်”ဟု မိန့်
တော်မူ၏။
၄၁ ဤအရာကို ကျန်နောက်လိုက်ဆယ်ဦး ကြား
ကြသောအခါ သူတို့သည် ယာကုပ်နှင့် ယောဟန်
တို့ကို စိတ်ဆိုးကြ၏။ ၄၂ ယေရှု က နောက်လိုက်တို့
အား ခေါ်ပြီး“တပါးအမျိုးသားတို့မှာ အုပ်ချုပ်သူ
များရှိတယ်၊ အဲဒီအုပ်ချုပ်သူများဟာ လူတို့အပေါ်
အာဏာပြရတာကို နှစ်သက်ကြတယ်။ သူတို့ရဲ့အရေး
ပါတဲ့ အကဲအမှူးတွေဟာ လူတို့အပေါ် အာဏာရ
တာကို နှစ်သက်ကြတယ်၊ ၄၃ ဒါပေမယ့် သင်တို့
မှာ ဒီလိုဖြစ်ဖို့ ငါအလိုမရှိဘူး၊ သင်တို့ထဲက တစ်စုံ
တစ်ယောက်ဟာ ခေါင်းဆောင်ဖြစ်ချင်ရင် သူဟာ
ကျွန်လိုအစေခံရမယ်။ ၄၄ သင်ဟာ အရေးပါတဲ့သူ
ဖြစ်ချင်ရင် အားလုံးရဲ့အစေကို ခံရမယ်။ ၄၅ ဒီလိုပဲ၊
လူသားဟာ လူတို့ကို စေခိုင်းဖို့လာခဲ့တာ မဟုတ်

ဘူး။ ဒါပေမယ့် လူတို့ရဲ့အစေကို ခံဖို့ကြွလာတာ
ဖြစ်တယ်၊ သူဟာ ကိုယ့်အသက်ကိုစွန့်ပြီး လူတွေ
ကို ကယ် ဖို့ကြွလာတာဖြစ်တယ်''ဟု မိန့်တော်မူ၏။

**မျက်စိကန်းသူတစ်ဦးအား ကုသပေးခြင်း**

*(မ ၂၀း၂၉-၃၄၊ လု ၁၈း၃၅-၄၃)*

၄၆ ထို့နောက် သူတို့သည် ယေရိခေါမြို့သို့
ရောက်ကြပြီးနောက် ကိုယ်တော်သည် နောက်
လိုက်တို့အပါအဝင်လူများစွာတို့နှင့် ထိုမြို့မှ ထွက်
လာခဲ့ကြ၏။ ဗာတိမဲဟု ခေါ်သော (တိမဲ၏သား)
မျက်မမြင်တစ်ယောက်သည် လမ်းဘေးတွင် ထိုင်
၍ အမြဲတောင်းရမ်းနေ၏။ ၄၇ သူသည် နာဇရက်မြို့
သားယေရှုကြွလာသည်ကို ကြားသောအခါ၊ ''ဒါဝိဒ်
၏ သားတော်ယေရှု၊ ကျွန်တော်ကို ကူမတော်မူပါ''
ဟု အော်ဟစ်လေ၏။

၄၈ လူတို့က ထိုမျက်မမြင်အား ငေါက်ငမ်း
ကာ ထိုသို့မအော်ရန် တားကြ၏။ သို့ရာတွင် ထိုသူ
သည် ပို၍ကျယ်သောအသံဖြင့် ''ဒါဝိဒ်၏သားတော်
ယေရှု၊ ကျွန်တော့်ကို ကူမတော်မူပါ''ဟု အော်ဟစ်
လေ၏။

၄၉ ယေရှုသည် ရပ်တော်မူလျက် ''အဲဒီလူကို
ငါ့ဆီခေါ်ခဲ့''ဟု မိန့်တော်မူ၏။

ထို့ကြောင့် သူတို့သည် ထိုမျက်မမြင်ကို ခေါ်
ပြီး''စိတ်ချမ်းသာတော့၊ ထပါ။ ယေရှု သင့်ကို ခေါ်
တော်မူပြီ''ဟု ဆိုကြ၏။ ၅၀ ထိုမျက်မမြင်သည် လျင်
မြန်စွာထပြီး မိမိအဝတ်ကို ထားရစ်ကာ ယေရှုထံ
သို့ သွား၏။

၅၁ ယေရှုက ထိုသူအား''သင့်ကို ဘာလုပ်ပေးရ
မလဲ''ဟု မေးတော်မူလျှင်၊

ထိုသူက ''သခင်၊ ကျွန်တော်မျက်စိပြန် မြင်
ချင်ပါတယ်''ဟု ဖြေလေ၏။

၅၂ ယေရှုက ''သွားလော့၊ သင်ဟာ ယုံကြည်
တဲ့အတွက် ကျန်းမာပြီ''ဟု မိန့်တော်မူ၏။ ထိုအခါ
ထိုသူသည် မျက်စိပြန် မြင်လေ၏။ သူသည် လမ်း
တစ်လျှောက် ယေရှုနောက်တော်သို့ လိုက်လေ၏။

**ယေရှုသည် ရှင်ဘုရင်တစ်ပါးကဲ့သို့
ယေရုရှလင်မြို့သို့ ဝင်တော်မူခြင်း**

*(မ ၂၁း၁-၁၁၊ လု ၁၉း၂၈-၄၀၊ ယော ၁၂း၁၂-၁၉)*

၁၁ ယေရှုနှင့် နောက်လိုက်တို့သည် ယေရုရှ
လင်မြို့နှင့်ပိုနီးလာ၏။ သူတို့သည် သံလွင်
တောင်ခြေရှိ ဗက်ဖာဂေနှင့် ဗေသနိရွာသို့ ရောက်
လာကြ၏။ ယေရှုသည် နောက်လိုက်နှစ်ဦးအား၊
၂ ''မြို့ထဲသို့ သွားကြပါ၊ မြို့ထဲဝင်တဲ့အခါ တံခါးဝ
မှာချည်ထားတဲ့ မြည်းငယ်တစ်ကောင်ကို သင်တို့
တွေ့ကြလိမ့် မယ်၊ အဲဒီမြည်းကို ဘယ်သူမှ မစီးဖူး
သေးဘူး၊ ကြိုးကိုဖြည်ပြီး ငါ့ဆီကို ယူလာခဲ့ကြပါ။
၃ တစ်ယောက်ယောက်က ဘာကြောင့်မြည်းကို ယူ
သွားကြသလဲ''လို့ မေးရင်၊ သခင်အလိုရှိတယ်၊ ခဏ
ကြာရင် ပြန်ပို့ပေး ပါမယ်''ဟု ပြောရန် မှာလိုက်၏။

၄ နောက်လိုက်တို့သည် မြို့ထဲသို့ဝင်သွားကြ၏။
သူတို့သည် လမ်းနားရှိ အိမ်တံခါး၌ ချည်ထားသော
မြည်းကလေးတစ်ကောင်ကို တွေ့ကြ၏။ သူတို့သည်
မြည်းကို ချည်ထားသောကြိုးကို ဖြည်ကြ၏။ ၅ ထို
နေရာတွင် ရပ်နေကြသော လူအချို့က ''ဘာကြောင့်
မြည်းကြိုးကို ဖြည်ရသလဲ''ဟု မေးလျှင်၊ ၆ နောက်
လိုက်တို့က သခင် မှာထားသည်အတိုင်း ဖြေကြ၏။
ထိုလူများက မြည်းကို ယူသွားရန်ခွင့်ပြုကြ၏။

၇ နောက်လိုက်တို့သည် မြည်းကို ယေရှုထံသို့
ဆွဲခေါ်လာကြ၏။ သူတို့သည် မြည်းကျောပေါ်တွင်
သူတို့၏အင်္ကျီများကို ခင်းကြ၏။ ထို့နောက် ယေရှု
သည် မြည်းကို စီးတော်မူ၏။ ၈ လူများစွာတို့သည်
မိမိတို့ ၏ အဝတ်များကို ယေရှုကြွတော်မူရာလမ်း
တွင် ခင်းကြ၏။ အချို့တို့က လယ်တောမှ သစ်ရွက်
သစ်ကိုင်းများကို ခုတ်ဖြတ်ကာ လမ်းပေါ်တွင် ခင်း
ကြ၏။ ၉ အချို့သည် ယေရှု၏ရှေ့မှသွားကြပြီး အချို့
မှာမူ နောက်တော်မှ လိုက်ကြ၏။ သူတို့အားလုံးက၊

''ဘုရားသခင်ကို ချီးမွမ်းကြပါ
ထာဝရဘုရားရဲ့နာမတော်နဲ့
ကြွလာတဲ့ သူဟာ မင်္ဂလာရှိတယ်၊
*ဆာလံ ၁၁၈း၂၅-၂၆*

၁၀ ငါတို့အဘ ဒါဝိဒ်မင်းရဲ့နိုင်ငံဟာ
တည်လုနီးပြီ၊
ထိုနိုင်ငံဟာ မင်္ဂလာရှိပါစေ၊
ကောင်းကင်ဘုံမှာ စံပါယ်တော်မူတဲ့
ဘုရားသခင်ကို ချီးမွမ်းကြပါ''
ဟု အော်ဟစ်ကြွေးကြော်ကြ၏။

၁၁ ယေရှုသည် ယေရုရှလင်မြို့သို့ ရောက်သော
အခါ ဗိမာန်တော်သို့ ဝင်တော်မူ၏။ ကိုယ်တော်
သည် ဗိမာန်တော်ရှိအရာရာကို ကြည့်တော်မူ၏။
သို့ရာတွင် အချိန်နောက်ကျနေပြီဖြစ်သဖြင့် တမန်
တော်တစ်ဆယ့်နှစ်ပါးတို့နှင့်အတူ ဗေသနိမြို့သို့
ကြွသွားတော်မူ၏။

### ယေရှုက သင်္ဘောသဖန်းပင်သေရမည်ဟု ပြောတော်မူခြင်း

*(မ ၂၁း၁၈-၁၉)*

၁၂ နောက်တစ်နေ့တွင် ယေရှုသည် ဗေသနိမှ
ထွက်ခွာလာ၏။ ကိုယ်တော်သည် ဆာလောင်လျက်
ရှိ၏။ ၁၃ ကိုယ်တော်သည် သင်္ဘောသဖန်းပင်ကို
တွေ့လေ၏။ ထို့ကြောင့် အသီးရှိ မရှိကို သိနိုင်ရန်
ထိုသင်္ဘောသဖန်းပင်ကို သွားကြည့်၏။ သို့ရာတွင်
အပင်၌ အသီးကို မတွေ့ရ။ အရွက်များသာရှိ၏။
သင်္ဘောသဖန်းသီး သီးသောအချိန်လည်းမဟုတ်။
၁၄ထို့ကြောင့် ယေရှုက "လူတို့သည် သင့်အသီးကို
ဘယ်တော့မှ မစားရ"ဟု သင်္ဘောသဖန်းပင်အား
မိန့်တော်မူ၏။ နောက်လိုက်တို့သည် ကိုယ်တော်
မိန့်တော်မူသောစကားကို ကြားကြ၏။

### ယေရှုသည် ဗိမာန်တော်သို့သွားတော်မူခြင်း

၁၅ယေရှုသည် ယေရုရှလင်မြို့သို့ရောက်လာပြီး
ဗိမာန်တော်သို့ဝင်လာ၏။ ကိုယ်တော်သည် ဗိမာန်
တော်အတွင်းရောင်းဝယ်နေသူများကိုမောင်းထုတ်
လေ၏။ ငွေအလဲအလှယ်လုပ်သော စားပွဲခုံများကို
လည်း မှောက်လှန်ပစ်လိုက်၏။ ခိုငှက်ရောင်းသော
ခုံတန်းရှည်များကိုလည်း မှောက်လှန်ပစ်၏။ ၁၆ ဗိမာန်
တော်ပိုင်နက်ကို ဖြတ်သန်းလျက် ပစ္စည်းများ
သယ်ယူသူတို့ကိုလည်း ခွင့်မပြု။ ၁၇ ထို့နောက်ယေရှု
သည် လူတို့အား"ကျမ်းစာမှာ ငါ့အိမ်တော်ကို လူ
များအတွက် ဆုတောင်းရာအိမ်ဟုခေါ်ကြလိမ့်မယ်
လို့ ရေးထားတယ်၊ ဒါပေမယ့် သင်တို့ဟာ ဘုရား
သခင်ရဲ့အိမ်တော်ကို သူခိုး ခိုအောင်းရာ နေရာဖြစ်
စေကြပြီ"ဟု မိန့်တော်မူ၏။
၁၈ ယဇ်ပုရောဟိတ်အကြီးအကဲတို့နှင့် ကျမ်း
ပြုဆရာတို့သည် ဤအကြောင်းကိုကြားကြ၏။ သူတို့
သည် ယေရှုကိုသတ်ရန် နည်းလမ်းကို စတင်ရှာ
ကြံကြ၏။ လူအားလုံးတို့သည် ကိုယ်တော်၏ သွန်
သင်ချက်ကို အံ့ဩမိန်းမောကြသောကြောင့် သူတို့
သည် ကိုယ်တော့်အား ကြောက်ကြ၏။ ၁၉ ထိုည
တွင် ယေရှုနှင့် နောက်လိုက်တို့သည် ထိုမြို့မှထွက်
သွားကြ၏။

### ယေရှုက ယုံကြည်ခြင်းတန်ခိုးကို ပြတော်မူခြင်း

၂၀ နောက်တစ်နေ့တွင် ယေရှုသည် နောက်
လိုက်တို့နှင့်အတူ လျှောက်လာကြ၏။ သူတို့သည်
မနေ့ကယေရှုဒဏ်ခတ်ခဲ့သော သင်္ဘောသဖန်းပင်
ကိုတွေ့ရသောအခါ ထိုအပင်သည် အမြစ်ထိအောင်
ခြောက်သွေ့ပြီး သေလျက်ရှိ၏။ ၂၁ ပေတရုက မနေ့
ကယေရှုထိုအပင်အား အမိန့်ပေးခဲ့သည်ကို သတိရ
ပြီး "သခင် ကြည့်ပါဦး၊ မနေ့က ကိုယ်တော်အမိန့်
ပေးခဲ့တဲ့အပင်ဟာ ခြောက်သွေ့ပြီး အခုသေနေ
ပြီ"ဟု ပြောလိုက်၏။
၂၂ ယေရှုက "ဘုရားသခင်ကို ယုံကြည်ပါ၊ ၂၃ ငါ
အမှန်အကန်ပြောမယ်၊ လူတစ်ဦးတစ်ယောက်ဟာ
သံသယကင်းပြီး ယုံကြည်ရင် သူပြောတဲ့အတိုင်း
ဖြစ်လိမ့်မယ်၊ ဒီတောင်ကို ရွှေ့သွားလော့၊ ဒီနေရာ
မှ ပင်လယ်ထဲကျလော့လို့ဆိုရင် ဆိုတဲ့အတိုင်းဖြစ်
လိမ့်မယ်၊ ဘုရားသခင်က သူ့အတွက် လုပ်ဆောင်
ပေးလိမ့်မည်။ ၂၄ သင်တို့တောင်းတဲ့အရာတွေကို
ရပြီလို့ယုံကြည်ပြီး တောင်းရင်တောင်းသမျှတို့ကို
ရကြလိမ့်မယ်။ ၂၅ သင်ဆုတောင်းတဲ့အခါ သူတပါး
အပေါ်အပြစ်တင်စရာရှိရင် သူ့အပြစ်ကို လွှတ်ပါ။
အဲဒီလိုလုပ်ရင် ကောင်းကင်ဘုံမှာရှိတော်မူတဲ့
သင်တို့အဘကလည်း သင်တို့ရဲ့ အပြစ်ကို လွှတ်
လိမ့်မယ်၊ ၂၆ ဒါပေမယ့် သင်ဟာ သူတပါးကို ခွင့်
မလွှတ်ရင် ကောင်းကင်ဘုံမှာ ရှိတော်မူတဲ့ သင့်
အဖကလည်း သင့်အပြစ်တွေကို ခွင့်လွှတ်မှာ
မဟုတ်ဘူး"ဟု မိန့်တော်မူ၏။

### ယေရှု၏အခွင့်အာဏာအပေါ် ယုဒခေါင်းဆောင်များ သံသယရှိခြင်း

၂၇ ယေရှုနှင့်နောက်လိုက်တို့သည် ယေရုရှလင်
မြို့သို့ ပြန်သွားကြ၏။ ယေရှုသည် ဗိမာန်တော်သို့
သွားတော်မူစဉ် ယဇ်ပုရောဟိတ်အကြီးအကဲများ၊
ကျမ်းပြုဆရာများနှင့် ယုဒခေါင်းဆောင်များသည်
ကိုယ်တော့်ထံသို့လာကြ၏။ ၂၈ သူတို့က ယေရှုအား
"သင်ဟာ ဒီအရာတွေကို ဘယ်သူ့အခွင့်နဲ့လုပ်
တာလဲ၊ ဒီအခွင့်အာဏာကို သင့်ကို ဘယ်သူက
ပေးသလဲ" ဟု မေးလျှောက်ကြ၏။
၂၉ ယေရှုက "ငါတစ်ခုမေးမယ်၊ ငါမေးတဲ့
မေးခွန်းကို သင်တို့ဖြေနိုင်ရင် ငါဒီအမှု အရာတွေ
ကိုဘယ်သူ့အခွင့်အာဏာနဲ့ လုပ်တယ်ဆိုတာ သင်
တို့ကိုပြောပြမယ်"ဟုဖြေတော်မူ၏။ ၃၀ "ယောဟန်
ဗတ္တိဇံကိုပေးတာဟာ ဘုရားသခင်ထံက အခွင့်
အာဏာနဲ့ပြုသလား၊ လူတို့ထံကလာတာလား၊ ဒီ
မေးခွန်း ဖြေကြပါ"ဟု မေးတော်မူ၏။
၃၁ ယုဒခေါင်းဆောင်တို့သည် ယေရှု၏မေးခွန်း
နှင့်ပတ်သက်၍ ပြောဆိုကြ၏။ "ယောဟန်ရဲ့ဗတ္တိဇံ
ဟာ ဘုရားသခင်ဆီကလာတယ်လို့ ငါတို့ဖြေရင်
သူက ဒါဆိုရင် ယောဟန်ကို ဘာကြောင့်မယုံကြ
သလဲလို့ မေးလာလိမ့်မယ်၊ ၃၂ ဒါပေမယ့် ယောဟန်

ရဲ့ဗတ္တိဇံဟာ လူဆီကလာတယ်လို့လည်း ငါတို့မပြောနိုင်ဘူး'' (ဤခေါင်းဆောင်တို့သည် လူထုကြီးကို ကြောက်ကြ၏။ အဘယ်ကြောင့်ဆိုသော် လူထုက ယောဟန်အား ပရောဖက်တစ်ပါးဟု ယုံမှတ်ကြသောကြောင့်ဖြစ်၏)။

၃၃ ထို့ကြောင့် ယုဒခေါင်းဆောင်တို့က ''ကျွန်ုပ်တို့ မသိကြပါ''ဟု ပြန်ဖြေကြ၏။

ထိုအခါ ယေရှုက ''ဒါဆိုရင် ငါလည်း ဒီအရာတွေကို ဘယ်သူ့အခွင့်နဲ့လုပ်တယ်ဆိုတာကို ငါမပြောဘူး''ဟု မိန့်တော်မူ၏။

## ဘုရားသခင်သည် မိမိ၏သားတော်ကို စေလွှတ်တော်မူခြင်း

*(မ ၂၁း၃၃-၄၆၊ လု ၂၀း၉-၁၉)*

၁၂ ယေရှုသည် ပုံဥပမာများဖြင့် လူတို့အား သွန်သင်တော်မူ၏။ ယေရှုက ''လူတစ်ယောက်ဟာ မြေတစ်ကွက်ထဲမှာ စပျစ်ဥယျာဉ်ကို စိုက်ပျိုးတယ်၊ သူဟာ စပျစ်ခင်းကို ခြံခတ်ပြီး စပျစ်ရည်ညှစ်ဖို့ ကျင်းတွေကို တူးတယ်။ နောက်ပြီး မျှော်စင်တစ်ခုကိုလည်း လုပ်တယ်၊ သူက ယာသမားတွေကို အငှားချပြီး ခရီးထွက်သွားတယ်''

၂ ''မကြာခင် စပျစ်သီးခူးဆွတ်ရမယ့်အချိန်ရောက် လာတယ်။ ဒါကြောင့် ခြံရှင်က ယာသမားတွေဆီကိုအစေခံတစ်ယောက်လွှတ်ပြီးသူ့အတွက်ဝေစုကို အယူခိုင်းတယ်။ ၃ ဒါပေမယ့် ယာသမားတွေက အဲဒီကျွန်ကို ဖမ်းချုပ်ရိုက်နှက်ပြီး ဘာမှမပါဘဲ ပြန်လွှတ်လိုက်တယ်၊ ၄ အဲဒီနောက် ခြံရှင်က အခြားအစေခံတစ်ယောက်ကို ယာသမားဆီကို လွှတ်လိုက်ပြန်တယ်၊ ယာသမားတွေဟာ အဲဒီအစေခံကိုလည်း ရိုက်နှက်ပြီး အရှက်ခွဲလိုက်ပြန်တယ်၊ သူတို့ ဟာ ခြံရှင်ကို အရေးမစိုက်ဘူးဆိုတာ ပြသကြတယ်၊ ၅ ဒါကြောင့် ခြံရှင်က အခြားအစေခံတစ်ယောက်ကို လွှတ်လိုက်ပြန်တယ်။ ယာသမားတို့က အဲဒီအစေခံကို သတ်ပစ်လိုက်ကြတယ်၊ ခြံရှင်ဟာ တခြားအစေခံတွေကို ယာသမားတွေဆီ လွှတ်တယ်။ ယာသမားတို့က အချို့တို့အား ရိုက်နှက်ပြီး အချို့ကို သတ်ပစ်ကြတယ်''

၆ ''ခြံရှင်မှာ ယာသမားတွေဆီစေလွှတ်ဖို့ တစ်ဦးတည်းပဲ ကျန်တော့တယ်၊ အဲဒီလူဟာ သူချစ်တဲ့သားဖြစ်တယ်။ ဒါပေမယ့် ခြံရှင်ကတော့ သူ့သားကို ယာသမားတွေဆီ စေလွှတ်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့မှာနောက်ဆုံးစေလွှတ်ဖို့သားတစ်ယောက်ပဲ ကျန်တော့တယ်၊ ထိုသူက ယာသမားတွေက ငါ့သားကိုတော့ လေးစားကြမှာပါလို့ ပြောတယ်''

၇ ''ဒါပေမယ့် ယာသမားတို့က ဒီလူဟာ ခြံရှင်ရဲ့သားပဲ။ ဒီစပျစ်ခြံဟာ သူ့အတွက်ဖြစ် လိမ့်မယ်၊ သူ့ကို သတ်လိုက်ရင် ဒီခြံဟာငါတို့ အတွက်ဖြစ်သွားမယ်လို့ အချင်းချင်းပြောကြတယ်၊ ၈ ဒါကြောင့် သူတို့ဟာ ခြံရှင်ရဲ့သားကို သတ်ပစ်လိုက်ကြပြီး ခြံအပြင်ကို ထုတ်ပစ်ကြတယ်''

၉ ''ဒါကြောင့် စပျစ်ခြံရှင်သည် ဘာလုပ်မလဲ၊ သူဟာ စပျစ်ခြံကို သွားပြီး အဲဒီယာသမားတွေကို သတ်ပစ်ပြီး စပျစ်ခြံကို တခြားယာသမားတွေဆီ အငှားချလိမ့်မယ်''

၁၀ 'တိုက်ကို တည်လုပ်သူများပယ်ထားသော
ကျောက်သည် တိုက်ထောင့်အထွဋ်ဖျား
သို့ရောက်ရ၏။
၁၁ ဤအမှုကို သခင်ဘုရားပြုတော်မူသော
ကြောင့် ကျွန်ုပ်တို့အဖို့ အံ့ဩစရာဖြစ်၏'

*ဆာလံ ၁၁၈း၂၂-၂၃*

ဆိုတဲ့ ကျမ်းချက်ကိုသင်တို့မဖတ်ဖူးကြဘူးလား'' ဟု မိန့်တော်မူ၏။

၁၂ ယုဒခေါင်းဆောင်တို့သည် ယေရှုပြောသော ပုံဥပမာကို ကြားရသောအခါ ထိုပုံဥပမာသည် သူတို့ကို ရည်ရွယ်၍ပြောကြောင်းကို သိကြ၏။ ထို့ကြောင့် သူတို့သည် ကိုယ်တော့်ကို ဖမ်းဆီးရန် ကြိုးစားကြ၏။။ သို့ရာတွင် သူတို့သည် လူအုပ်ကြီးကို ကြောက်ကြ၏။ ထို့ကြောင့် သူတို့သည် ယေရှုထံမှ ထွက်ခွာသွားကြ၏။

## ဂျူးခေါင်းဆောင်တို့က ယေရှုအား လှည့်ဖြားရန် ကြိုးစားကြခြင်း

*(မ ၂၂း၁၅-၂၂၊ လု ၂၀း၂၀-၂၆)*

၁၃ နောက်မကြာမီတွင် ဂျူးခေါင်းဆောင်တို့သည် ဖာရိရှဲအချို့နှင့် ဟေရုဒ်မင်း၏ လူတို့ကို ယေရှုထံသို့ စေလွှတ်လိုက်ကြ၏။ သူတို့သည် ယေရှု၏ စကားအမှားကို စောင့်ဖမ်းကြရန်ဖြစ်၏။ ၁၄ ဖာရိရှဲတို့နှင့် ဟေရုဒ်မင်းတို့သည် ယေရှုထံသို့သွားကြပြီး ''ကိုယ်တော်၊ ကိုယ်တော်ဟာ ရိုးဖြောင့်သောသူဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ သိကြပါတယ်၊ လူတွေဘယ်လိုပဲထင်ထင်၊ ကိုယ်တော်မကြောက်ဘူး၊ လူမျက်နှာကို မထောက်၊ ဘုရားသခင်ရဲ့တရားလမ်းကို ဟုတ်မှန်တဲ့အတိုင်း သွန်သင်တော်မူတာကို ကျွန်ုပ်တို့ သိကြပါတယ်၊ ဒါကြောင့် ကဲသာဘုရင်ကို အခွန်ဆောင်တာဟာ မှန်သလား၊ မှားပါ

သလား၊ ကျွန်တော်တို့ အခွန်ဆောင်ရမလား၊
မဆောင်ဘဲနေရမလား၊ ကျွန်တော်တို့ကို မိန့်တော်
မူပါ”ဟု လျှောက်ကြ၏။
၁၅ ကိုယ်တော်က ဤသူများသည် မိမိအား က
လိမ်ဉာဏ်ဆင်လျက်ရှိကြောင်းကို သိတော်မူ၏။
ကိုယ်တော်က “သင်တို့သည် ဘာကြောင့် ငါ့စကား
အမှားကို စောင့်ဖမ်းချင်ကြတာလဲ၊ ငွေဒင်္ဂါးတစ်
ပြားကို ယူလာခဲ့ပါ၊ ငါကြည့်မယ်” ဟု မိန့်လေ၏။
၁၆ သူတို့သည် ငွေဒင်္ဂါးတစ်ပြားကို ယေရှုအားပေး
လျှင် ယေရှုက “ဒီဒင်္ဂါးအပေါ်မှာ ပါတဲ့ပုံက ဘယ်
သူ့ပုံလဲ၊ ဘယ်သူ့နာမည် ရေးထိုးထားသလဲ”ဟု
မေးသောအခါ သူတို့က “ကဲသာပုံနှင့် ကဲသာ၏
နာမည်ကို ရေးထိုးထားပါတယ်”ဟု ဖြေကြ၏။
၁၇ ထိုအခါ ယေရှုက “ကဲသာဘုရင်ရဲ့ဥစ္စာကို
ကဲသာဘုရင်ကို ပေးပါ။ ဘုရားသခင်ရဲ့ ဥစ္စာကို
ဘုရားသခင်ကို ပေးပါ”ဟု မိန့်တော်မူရာ ထိုသူ
တို့သည် အံ့ဩကြကုန်၏။

### ဇဒ္ဒုကဲအချို့ ယေရှုအား လှည့်ဖြားရန် ကြိုးစားကြခြင်း

*(မ ၂၂း၂၃-၃၃၊ လု ၂၀း၂၇-၄၀)*

၁၈ ဇဒ္ဒုကဲအချို့တို့သည် ယေရှုထံလာကြ၏။
(ဇဒ္ဒုကဲတို့က သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း
မရှိဟု ယုံကြည်သူများဖြစ်ကြ၏)။ သူတို့သည် ကိုယ်
တော့်အား မေးခွန်းထုတ်ကြ၏။
၁၉ သူတို့က “ဆရာ၊ မောရှေက လင်ယောကျ်ား
က သားသမီးမရဘဲ သေဆုံးရင် သူ့မိန်းမကို သူ့ညီ
က ပေါင်းသင်းရမယ်၊ ဒီလိုလုပ်မှ သေဆုံးသူအစ်ကို
အတွက် သားသမီးရနိုင်တယ်လို့ ရေးသားခဲ့ပါ
တယ်၊ ၂၀ ညီအစ်ကိုခုနစ်ယောက်တို့မှာ အကိုကြီး
ဟာ မင်္ဂလာဆောင်ပြီး သေဆုံးတယ်၊ သူ့မှာ ကလေး
မကျန်ရစ်ခဲ့ဘူး၊ ၂၁ ဒါကြောင့် သူ့ညီအကြီးဆုံးဟာ
အကိုရဲ့မိန်းမကို လက်ထပ်တယ်၊ သူလည်း ကလေး
မရဘဲ သေသွားတယ်။ တတိယအစ်ကိုလည်း အဲဒီ
အတိုင်းပဲဖြစ်တယ်၊ ၂၂ ညီအစ်ကို ခုနစ်ယောက်
စလုံး ဟာ အဲဒီမိန်းမကို ပေါင်းသင်းပြီး သေကုန်
တယ်၊ ဘယ်သူမှ အဲဒီမိန်းမနဲ့ ကလေးမရကြဘူး၊
နောက်ဆုံး အဲဒီမိန်းမလည်း သေသွားတယ်၊ ၂၃ ညီ
အစ်ကိုခုနစ်ယောက်စလုံးတို့ဟာ အဲဒီမိန်းမနဲ့
ပေါင်းသင်းခဲ့ကြတယ်၊ ဒါကြောင့် သူတို့ဟာ သေ
ခြင်းက ထမြောက်ပြီးတဲ့အချိန်မှာ အဲဒီမိန်းမဟာ
ဘယ်သူ့မိန်းမဖြစ်မလဲ”ဟု မေးမြန်းကြ၏။
၂၄ ယေရှုက “သင်တို့ဟာ ကျမ်းစာက ဘာပြော
သလဲဆိုတာနားမလည်ကြဘူး၊ ဘုရားသခင်ရဲ့တန်ခိုး
တော်ကိုလည်း မသိကြဘူး၊ ဒါကြောင့် သင်တို့ရဲ့
အယူအဆဟာ လွဲမှားနေတယ်၊ ၂၅ လူတို့ဟာ သေ
ခြင်းမှ ထမြောက်ပြီးတဲ့အချိန်မှာ ထိမ်းမြားခြင်း မရှိ၊
တစ်ဦးနဲ့တစ်ဦး လက်ထပ်ထိမ်းမြားခြင်း ရှိမှာမဟုတ်
ဘူး။ ကောင်းကင်ဘုံမှာ လူတို့ဟာ ကောင်းကင်
တမန်တွေလိုဖြစ်ကြလိမ့်မယ်၊ ၂၆ လူတို့ဟာ သေ
ရာမှ ထမြောက်မယ့်အကြောင်း မောရှေရဲ့ကျမ်းမှာ
ရေးထားတာကို မဖတ်ဖူးကြဘူး လား၊ ဘုရားသခင်
ဟာ မီးလောင်နေတဲ့ ခြုံထဲကနေ မောရှေကို ‘ငါဟာ
အာဗြဟံရဲ့ဘုရား၊ ဣဇက်ရဲ့ဘုရား၊ ယာကုပ်ရဲ့ဘုရား
ဖြစ်၏’လို့ မိန့်တော်မူတယ်။ ၂၇ ဘုရားသခင်ဟာ
သေလွန် သူတို့ရဲ့ ဘုရားမဟုတ်ဘူး။ အသက်ရှင်
သူတို့ရဲ့ ဘုရားသခင်ဖြစ်တော်မူတယ်။ ဒါကြောင့်
အသင်ဇဒ္ဒုကဲတို့ သင်တို့ဟာ အလွန်မှားကြတယ်”
ဟု မိန့်တော်မူ၏။

### မည်သည့်ပညတ်သည် အရေးအကြီးဆုံးဖြစ်သနည်း

*(မ ၂၂း၃၄-၄၀၊ လု ၁၀း၂၅-၂၈)*

၂၈ ကျမ်းပြုဆရာတစ်ယောက်သည် ယေရှုထံ
တော်သို့လာ၏။ ယေရှုသည် ဇဒ္ဒုကဲ၊ ဖာရိရှဲတို့နှင့်
အငြင်းပွားနေသည်ကို သူကြား၏။ ထိုသူတို့၏ မေး
ခွန်းကို ယေရှုက မှန်ကန်စွာဖြေလိုက်သည်ကို သူ
မြင်၏။ ထို့ကြောင့် သူသည် ယေရှုအား “မည်သည့်
ပညတ်သည် အရေးအကြီးဆုံးဖြစ်သနည်း”ဟု မေး
လျှောက်ရာ၊
၂၉ ယေရှုက “အရေးအကြီးဆုံးပညတ်မှာ ‘အို
ဣသရေလလူတို့နားထောင်ကြလော့၊ ငါတို့ရဲ့ဘုရား
သခင်ဟာ တစ်ဆူတည်းသော ထာဝရဘုရားဖြစ်
တယ်၊ ၃၀ သင်၏ဘုရားသခင် ကိုစိတ်နှလုံးအကြွင်း
မဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့’
ဆိုတဲ့ ပညတ်ချက်ဖြစ်တယ်။ ၃၁ ဒုတိယအရေးအကြီး
ဆုံးပညတ်က ‘သင်ဟာ ကိုယ့်ကိုယ်ကို ချစ်သလို
သူတစ်ပါးကိုလည်း ချစ်ပါ’၊ ဒီပညတ်ချက်နှစ်ခု
ဟာ အရေးအကြီးဆုံးဖြစ်တယ်”ဟု မိန့်တော်မူ၏။
၃၂ ထိုသူက “ဆရာ၊ ဒီအဖြေသည် မှန်သော
အဖြေဖြစ်ပါတယ်၊ ကိုယ်တော် ပြောသမျှစကားတွေ
ဟာ မှန်ပါတယ်။ ဘုရားသခင်ဟာ တစ်ဆူတည်းသော
ဘုရားဖြစ်တော်မူပါတယ်၊ အခြား ဘုရားမရှိဘူး၊
၃၃ လူဟာဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့၊ ကိုယ်
စွမ်းဉာဏ်စွမ်း ရှိသမျှနဲ့ ချစ်ရမယ်၊ မိမိကိုယ်ကို ချစ်
သလို သူများကိုလည်း ချစ်ရမယ်၊ ဒီပညတ်ချက်
တို့သည် ဘုရားသခင်ကိုပူဇော်တဲ့ ယဇ်ကောင်တွေ၊

ပူဇော်သက္ကာတွေထက် ပိုပြီးအရေးကြီးပါတယ်”ဟု
လျှောက်လေ၏။
၃၄ ထိုသူသည် ပညာရှိစွာဖြေဆိုကြောင်းကိုယေရှု
သိမြင်လေ၏။ ထို့ကြောင့် ယေရှုက ထိုသူအား “သင်
ဟာဘုရားသခင်၏နိုင်ငံတော်နဲ့မဝေး”ဟု မိန့်တော်
မူ၏။ ထိုအချိန်မှစ၍ ယေရှုအား မည်သူမျှ မေးခွန်း
မမေးဝံ့ကြ။

**ခရစ်တော်သည် ဒါဝိဒ်၏သားလော ဒါဝိဒ်၏ ဘုရားလော**

*(မ ၂၂း၄၁-၄၆၊ လု ၂၀း၄၁-၄၄)*

၃၅ ယေရှုသည် ဗိမာန်တော်၌ ဆုံးမသြဝါဒပေး
ရာတွင် “ခရစ်တော်ဟာ ဒါဝိဒ်ရဲ့ သားတော်ဖြစ်
တယ်လို့ ဘာကြောင့်ကျမ်းပြုဆရာတို့က ပြောရတာ
လဲ၊ ၃၆ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ကူမခြင်းနဲ့
ဒါဝိဒ်မင်းကိုယ်တိုင်က

‘ထာဝရဘုရားက
ငါ၏လက်ယာဘက်၌ ထိုင်နေလော့။
ငါသည် သင်၏ရန်သူတို့ကို
သင့်လက်ထဲ၌အပ်မည်ဟု
ငါ၏သခင်အား မိန့်တော်မူ၏’

*ဆာလံ ၁၁၀း၁*

လို့ပြောထားတယ် မဟုတ်လား”ဟု မေးတော်မူ၏။
၃၇ “ဒါဝိဒ်က ခရစ်တော်ကိုသခင်လို့ခေါ်တယ်။
ဒါကြောင့် ခရစ်တော်ဟာ ဘယ်လိုလုပ်ပြီး ဒါဝိဒ်ရဲ့
သားဖြစ်နိုင်ပါ့မလဲ”ဟု မိန့်တော်မူ၏။ လူတို့သည်
ကျေနပ်အားရစွာဖြင့် ယေရှု၏စကားတော်ကို နား
ထောင်ကြ၏။

**ယေရှုက ကျမ်းပြုဆရာတို့အား ဝေဖန်တော်မူခြင်း**

*(မ ၂၃း၁-၃၆၊ လု ၂၀း၄၅-၄၇)*

၃၈ ယေရှုက ဆက်လက်ပြီး ဆုံးမသြဝါဒပေး
တော်မူရာ “ကျမ်းပြုဆရာတို့ကို သတိပြုကြပါ၊ သူ
တို့ကို အရေးပါတယ်လို့ လူအများ ထင်မြင်လာ
စေဖို့ ဝတ်ရုံကိုဝတ်ပြီး လမ်းပေါ်မှာ လူလုံးပြရတာ
ကို နှစ်သက်ကြတယ်။ ဈေးမှာ လူတွေက သူတို့ကို
အရိုအသေပေးကြတာကို ကျေနပ်ကြတယ်။ ၃၉ ဗိ
မာန်တော်နဲ့ ဧည့်ခံပွဲတွေမှာ အရေးပါတဲ့ထိုင်ခုံ
တွေမှာ ထိုင်ရတာကိုလည်း သဘောတွေ့ကြတယ်၊
၄၀ သူတို့ဟာ မုဆိုးမတွေရဲ့အိမ်ကိုလှည့်ဖြားပြီး မ
တရားလုယူတတ်ကြတယ်၊ နောက်ပြီး သူတို့ကို လူ
တွေကြည်ညိုကြစေဖို့ အကြာကြီး ဆုတောင်းပဌနာ
ပြုတတ်ကြတယ်၊ ဘုရားသခင်ဟာ သူတို့ကိုပြင်းစွာ
အပြစ်ပေးတော်မူလိမ့်မယ်”ဟု မိန့်တော်မူ၏။

**ပေးလှူခြင်း၏အဓိပ္ပာယ်ကို ပြသောမုဆိုးမ**

*(လု ၂၁း၁-၄)*

၄၁ ယေရှုသည် ဗိမာန်တော်ရှိ ငွေသေတ္တာအနီး
တွင် ထိုင်တော်မူပြီး လာရောက်ထည့် ဝင်သောသူ
များကိုကြည့်ရှုတော်မူ၏။ ချမ်းသာသောသူများသည်
များစွာသောငွေကို ထည့်ဝင်ကြ၏။ ၄၂ ထိုစဉ် ဆင်းရဲ
လှသောမုဆိုးမသည် တစ်ပဲနိမ့်မျှပင်မတန်သော
ကြေးနီပြားနှစ်ပြားကို ငွေသေတ္တာထဲသို့ ထည့်လှူ၏။
၄၃ ယေရှုသည် နောက်လိုက်အား ခေါ်ယူပြီး
“ငါအမှန်အကန်ပြောမည်။ ဒီမုဆိုးမက ကြေးနီပြား
နှစ်ပြားကိုပဲ ပေးလှူတယ်။ ဒါပေမယ့် သူမရဲ့အလှူ
ဟာ ချမ်းသာတဲ့သူအားလုံးထက် ပိုများတယ်။
၄၄ သူတို့ဟာ သူတို့ပိုင်ဆိုင်တဲ့အထဲက မလိုအပ်
တဲ့ ငွေကိုသာ ပေးလှူကြတယ်၊ ဒီမုဆိုးမဟာ
အလွန်ဆင်းရဲတယ်၊ ဒါပေမယ့် သူမဟာ သူမမှာ
ရှိသမျှအားလုံးကို ပေးလှူတယ်။ အဲဒီငွေစကလေး
ဟာ သူမအသက်ရှင်ဖို့အတွက် လိုအပ်တယ်”ဟု
မိန့်တော်မူ၏။

**ဗိမာန်တော်ပျက်စီးမည့်အကြောင်း မိန့်တော်မူခြင်း**

*(မ ၂၄း၁-၄၄၊ လု ၂၁း၅-၃၃)*

၁၃ ယေရှုသည် ဗိမာန်တော်မှ ထွက်ခွာတော်
မူ၏။ နောက်လိုက်တစ်ယောက်က “ဆရာ၊
ကြည့်ပါဦး၊ ကျောက်တုံးတွေနဲ့ ဆောက်လုပ်ထား
တဲ့ ဒီဗိမာန်တော်ကြီးက အရမ်းလှပတာပဲ”ဟု
လျှောက်၏။
၂ ယေရှုက “ဒီအဆောက်အဦကြီးကို သင်တို့
မြင်ကြတယ်မဟုတ်လား၊ ဒီအဆောက်အဦအားလုံး
ပြိုကျလိမ့်မည်။ ကျောက်တုံးအားလုံး မြေပေါ်မှာ
ပြားပြားဝပ်ပြိုကျလိမ့်မယ်၊ ကျောက်တုံးတစ်တုံးနဲ့
တစ်တုံးထပ်လျက် မကျန်ရစ်ရ”ဟု မိန့်တော်မူ၏။
၃ များမကြာမီ ယေရှုသည် သံလွင်တောင်ပေါ်
မှာ ရပ်နေတော်မူ၏။ ကိုယ်တော်နှင့်အတူ ပေ
တရု၊ ယာကုပ်၊ ယောဟန်နှင့် အန္ဒြေတို့သာရှိကြ၏။
သူတို့အားလုံးသည် ဗိမာန်တော်တစ်ခုလုံးကိုကောင်း
စွာမြင်ရကြသည်။ သူတို့က ယေရှုအား၊ ၄ “ဒီအရာ
သည် ဘယ်အချိန်မှာ ဖြစ်ပျက်မလဲ၊ ဒီအရာတွေ
ဖြစ်ခါနီးရင် ကျွန်တော်တို့ ဘယ်လိုသိနိုင်မလဲ”ဟု
မေးလျှောက်ကြ၏။
၅ ယေရှုသည် နောက်လိုက်တို့အား “ဘယ်သူ

မှသင်တို့ကို မလှည့်စားမိစေဖို့ သတိထားကြပါ၊
၆လူတွေက ငါ့နာမကို အသုံးပြုကြ လိမ့်မယ်၊ သူတို့
က ငါဟာခရစ်တော်ဖြစ်တယ်လို့ ပြောပြီး သင်တို့
ကို လှည့်ဖြား ကြလိမ့်မယ်၊ ၇ သင်တို့ဟာ စစ်တိုက်
တဲ့သတင်းတွေကို ကြားကြရလိမ့်မယ်၊ စစ်ဖြစ်
မယ့်သတင်းတွေ ကို ကြားကြရလိမ့်မည်၊ ဒါပေမယ့်
မကြောက်ကြနဲ့၊ နောက်ဆုံးသောအချိန်မရောက်
ခင် ဒီအရာတွေဖြစ်လိမ့်မယ်၊ ၈ လူမျိုးတစ်မျိုးနဲ့
အခြားတစ်မျိုးတို့ဟာ စစ်ဖြစ်ကြလိမ့်မယ်၊ တစ်နိုင်ငံ
နဲ့ တစ်နိုင်ငံစစ်တိုက်ကြလိမ့်မယ်၊ လူတို့ဟာ စား
စရာမရှိတဲ့အချိန်ရောက်လာလိမ့်မယ်၊ နေရာအနှံ့
မှာ မြေငလျင်လှုပ်လိမ့်မယ်၊ ဒီအမှုအရာတွေဟာ
ဒုက္ခဆင်းရဲရဲ့အစဖြစ်တယ်”
၉ “သင်တို့တွေ သတိထားကြပါ။ လူတွေက
သင်တို့ကိုဖမ်းပြီး တရားစီရင်ကြလိမ့်မယ်။ သူတို့
က သင်တို့ကို တရားဇရပ်တွေမှာ ရိုက်နှက်ကြ
လိမ့်မယ်။ သင်တို့ဟာ ရှင်ဘုရင်နဲ့ အာဏာပိုင်
တွေ ရှေ့မှောက်မှာ ရပ်ရကြမယ်၊ သင်တို့ဟာ ငါ့
အကြောင်းကို ပြောပြကြရမယ်၊ ဘာကြောင့်လည်း
ဆိုရင် သင်တို့ဟာ ငါ့နောက် လိုက်များဖြစ်ကြတဲ့
အတွက်ကြောင့် ဖြစ်တယ်။ ၁၀ လူတိုင်း ဧဝံဂေလိ
သတင်းကိုကြားပြောပြီးမှ ဒီအမှုအရာတွေဖြစ်လိမ့်
မယ်၊ ၁၁ သင်တို့ဟာ အဖမ်းခံရပြီးနောက် စီရင်
ခြင်းကိုလည်း ခံရကြလိမ့်မယ်၊ ဒါပေမယ့်လည်း
သင်တို့ ဘာပြန်ပြောရမယ်ဆိုတာကို မစိုးရိမ်ကြနဲ့၊
အဲဒီအချိန်ရောက်ရင် သင်တို့ပြောရမယ့်စကားကို
ဘုရားသခင်ပေးလိမ့်မယ်၊ အဲဒီစကားကို သင်တို့
ပြောနေတာမဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်
က ပြောတာဖြစ်တယ်”
၁၂ “ညီအစ်ကိုအရင်းအချင်းချင်း ဆန့်ကျင်ကြ
ပြီး သတ်ဖို့အပ်ကြလိမ့်မယ်၊ အဖေကလည်း
သားသမီးတွေကို အသေသတ်ဖို့ အပ်လိမ့်မယ်၊
သားသမီးများတို့သည်လည်း မိဘတွေကိုဆန့်ကျင်
ပြီး သတ်ဖို့ အပ်ကြလိမ့်မယ်၊ ၁၃ လူတို့က သင်တို့
ကို ငါ့နောက်လိုက်ကြတဲ့အတွက်မုန်းကြလိမ့်မယ်၊
ဒါပေမယ့် အဆုံးထိခံရပ်နိုင်ရင် ကယ်တင်ခြင်းရ
လိမ့်မယ်”
၁၄“ပျက်စီးခြင်းကိုဖြစ်စေတဲ့ကြောက်ဖို့ကောင်း
တဲ့အရာတွေကို သင်တို့ မြင်ရကြလိမ့်မယ်၊ အဲဒီ
အရာကို မရှိသင့်သောနေရာမှာ သင်တို့ မြင်ရကြ
လိမ့်မယ်။(စာဖတ်သူသည် ဤ အကြောင်းအရာ၏
ဆိုလိုရင်းကို နားလည်လိမ့်မည်)။ အဲဒီအချိန်မှာ
ယုဒပြည်ကလူတွေဟာ တောင်ပေါ်ကို ပြေးတက်
ကြလိမ့်မယ်၊ ၁၅ လူတို့ဟာ အချိန်မဆွဲ၊ နောက်ဆံ
မတင်းဘဲဆက်ပြေးကြလိမ့်မယ်၊ အိမ်ခေါင်မိုးပေါ်
ရောက်နေ ရင် တစ်စုံတစ်ခုကို ယူဖို့အတွက် အိမ်
ထဲကို ပြန်မဝင်ရဘူး၊ ၁၆ လယ်ထဲရောက်နေသူဟာ
မိမိအဝတ်ကိုပြန်မယူရဘူး၊ ၁၇အဲဒီကာလမှာ ကိုယ်
ဝန်ဆောင်တဲ့မိန်းမတို့နဲ့ နို့စို့ကလေးငယ်ရှိတဲ့မိန်းမ
တို့ဟာ အလွန်ခက်ခဲကြလိမ့်မယ်၊ ၁၈ ဒီအဖြစ်အ
ပျက်တွေဟာ ဆောင်းတွင်းမှာမဖြစ်ဖို့ ဆုတောင်း
ကြပါ၊ ၁၉ ဘာကြောင့်လည်းဆိုရင် အဲဒီနေ့ရက်မှာ
ဒုက္ခပြဿနာတွေနဲ့ ပြည့်နေလိမ့်မယ်၊ ဘုရားသခင်
က ကမ္ဘာမြေကို စတင်ဖန်ဆင်းကတည်းကဖြစ်ခဲ့
ပြီးတဲ့ဒုက္ခ အပေါင်းတို့ထက် ပိုဆိုး လိမ့်မယ်၊ နောင်
မှာ လည်း အဲဒီလိုဒုက္ခမျိုး ထပ်ဖြစ်မှာမဟုတ်ဘူး၊
၂၀ ဒီလိုကြောက်ဖို့ကောင်းတဲ့အချိန်ကာလတိုစေဖို့
ဘုရားသခင် ဆုံးဖြတ်တော်မူတယ်၊ အဲဒီလိုကာလ
မတိုတောင်းစေခဲ့ရင် ဘယ်သူမှ ဆက်လက်
အသက်ရှင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် ဘုရားသခင်
က မိမိရွေးချယ်ထား တဲ့သူတွေကို ကူမဖို့အတွက်
အဲဒီကာလကို တိုတောင်းစေတော်မူလိမ့်မယ်”
၂၀“အဲဒီကာလမှာ လူတစ်ယောက်က ကြည့်ပါ၊
ဒီမှာ ခရစ်တော်ရှိတယ်၊ နောက်တစ်ယောက်က
ဟိုမှာခရစ်တော်ရှိတယ်လို့ ဆိုကြလိမ့်မယ်၊ ဒါပေ
မယ့် သူတို့ကို မယုံကြနဲ့။ ၂၂ ခရစ်တော်အတု၊
ပရောဖက်အတုတို့ ပေါ်လာပြီး နိမိတ်လက္ခဏာ
တွေ၊ အံ့ဩဖွယ်အမှုအမျိုးမျိုးတွေကို ပြကြလိမ့်
မယ်၊ သူတို့က ဒီအမှုအရာတွေကို ဘုရားသခင်
ရွေးကောက် ထားတဲ့သူတွေကို ပြကြလိမ့်မယ်။ ဒီ
အရာတွေကို ပြခြင်းအားဖြင့် ရွေးချယ်ထားတဲ့သူ
တွေကို လှည့်ဖြားကြလိမ့်မယ်။ ၂၃ ဒါကြောင့် သတိ
ထားကြပါ၊ ဒီအရာတွေမဖြစ်ခင် သင်တို့ကို အခု
ငါသတိပေးထားတယ်”

၂၄ ဤဒုက္ခများဖြစ်ပျက်ပြီး နောက်နေ့မှာ
နေဟာ မည်းမှောင်လိမ့်မယ်၊
လဟာလည်းအလင်းရောင်ကို မပေးနိုင်ဘဲ၊
၂၅ ကြယ်များဟာ ကောင်းကင်မှ
ကြွေကျလိမ့်မယ်၊
ကောင်းကင်မှာ ရှိသမျှတို့ဟာ
ပြောင်းလဲသွားလိမ့်မယ်။

*ဟေရှာယ ၁၃း၁၀၊ ၃၄း၄*

၂၆“အဲဒီနောက် လူသားဟာမိုးတိမ်ထဲမှာ ဘုန်း
တန်ခိုးတော်နဲ့ ကြွလာတာကို လူတို့မြင်ရကြလိမ့်

မယ်။ ၂၇ လူသားဟာ ကောင်းကင်တမန်တို့ကို
ကမ္ဘာအရပ်ရပ်ကို စေလွှတ်တော်မူလိမ့်မယ်၊ အဲဒီ
ကောင်းကင်တမန်တို့ဟာ ကမ္ဘာတစ်ဝှမ်းကရွေးချယ်
ထားတဲ့လူတို့ကို စုဝေးစေလိမ့်မယ်”
၂၈ “သဖန်းပင်က ငါတို့ကို သင်ခန်းစာပေးခဲ့
တယ်၊ သဖန်းပင်ရဲ့အကိုင်းအခက်တွေဟာ ရွက်နု
တက်လာပြီး စိမ်းစိုဝေဆာလာရင် နွေရာသီရောက်
တော့မယ်ဆိုတာကို သင်တို့ သိရကြတယ်။ ၂၉ အဲဒီ
လိုပဲ၊ ငါပြောပြခဲ့တဲ့အကြောင်းအရာအားလုံးဖြစ်လာ
တာကို သင်တို့မြင်ရတဲ့အခါ ငါလာဖို့အချိန်ရောက်
ခါနီးတာကို သင်တို့သိကြလိမ့်မယ်။ ၃၀ ငါအမှန်
အကန်ပြောမယ်၊ ဒီအမှုအရာဖြစ်တဲ့အချိန်အထိ အခု
ရှိတဲ့လူတွေအသက်ရှင်ဆဲရှိကြလိမ့်မယ်၊ ၃၁ ကောင်း
ကင်နဲ့ မြေကြီးပေါ်မှာ ရှိသမျှတို့ဟာ ပျက်စီးကြ
လိမ့်မယ်။ ငါပြောတဲ့စကားဟာ ဘယ်တော့မှ မ
ပျက်စီးဘူး”ဟု မိန့်တော်မူ၏။
၃၂ “အဲဒီအချိန်ကာလကို ဘယ်သူမှမသိဘူး၊
သားတော်နဲ့ ကောင်းကင်တမန်တွေလည်း မသိ
ရကြဘူး၊ အဖဘုရားတစ်ပါးတည်း သိတော်မူတယ်။
၃၃ သတိရှိကြပါ၊ အမြဲအဆင်သင့်ရှိနေကြပါ၊ အဲဒီ
အချိန်ကာလဟာ ဘယ်အချိန်မှာ ရောက်လာမယ်
ဆိုတာ သင်တို့မသိကြဘူး”ဟု မိန့်တော်မူ၏။
၃၄ “ဒီအရာဟာ မိမိအိမ်မှထွက်ခွာပြီး ခရီးသွား
တဲ့ လူတစ်ယောက်နဲ့တူတယ်၊ သူက အစေခံတွေ
ကို သူ့အိမ်ကို စောင့်ရှောက်ဖို့ အပ်ထားခဲ့တယ်၊
သူက မိမိအစေခံတစ်ယောက်ချင်းစီကို အထူး တာ
ဝန်တစ်ခုစီ ပေးအပ်ခဲ့တယ်၊ အစေခံတစ်ယောက်
ဟာ တံခါး စောင့်တာဝန်ကို ရပြီး သူက အစေခံကို
အမြဲ တမ်းအဆင်သင့်ရှိနေဖို့မှာတယ်၊ သင်တို့ကို
အခုငါပြောတဲ့အရာဟာ ဒီအတိုင်းပဲဖြစ်တယ်”ဟု
မိန့်တော်မူ၏၊ ၃၅ သင်တို့ဟာ အမြဲအဆင်သင့်
ရှိနေကြရမယ်၊ အိမ်ရှင်ပြန်လာမယ့်အချိန်ကို သင်
တို့မသိကြဘူး၊ သူဟာ မွန်းတည့်အချိန်မှာဖြစ်ဖြစ်၊
သန်းခေါင်အချိန် မှာဖြစ်ဖြစ်၊ မနက်စောစောဖြစ်
ဖြစ်၊ နေထွက်ချိန်ဖြစ်ဖြစ်ပြန်လာနိုင်တယ်။ ၃၆ အိမ်
ရှင်ဟာ အမြန်ပြန်လာလိမ့်မယ်၊ သင်တို့အမြဲ အဆင်
သင့်ရှိနေရင် သင်တို့အိပ်ပျော်နေမှာ မဟုတ်ဘူး။
၃၇ ဒီအကြောင်းကိုသင်တို့ကို ငါပြောတယ်၊ လူတိုင်း
ကိုလည်း ငါပြောပြတယ်၊ အဆင်သင့်ရှိကြပါ” ဟု
မိန့်တော်မူ၏။

## ဂျူးခေါင်းဆောင်တို့က ယေရှုကို သတ်ရန် ကြံစည်ခြင်း

*(မ ၂၆း၁-၅၊ လု ၂၂း၁-၂၊ ယော ၁၁း၄၅-၅၃)*

၁၄ ထိုနေ့သည် ပသခါပွဲမတိုင်မီ နှစ်ရက်
အလိုတွင်ဖြစ်၏။ အဇုမပွဲနေ့လည်းဖြစ်
၏။ ယဇ်ပုရောဟိတ်အကြီးအကဲများနှင့် ကျမ်းပြု
ဆရာများသည် ယေရှုကို တိတ်တဆိတ်ဖမ်းဆီး
ရန် ကြိုးစားနေကြသည်။ သို့မှသာ ယေရှုကို သတ်
နိုင်မည်ဖြစ်သည်။ ၂ သူတို့က “သူ့ကို ပွဲတော်ရက်
အတွင်း ငါတို့ဖမ်းလို့မဖြစ်ဘူး၊ လူတွေဒေါသထွက်
ပြီး ရုတ်ရုတ် သဲသဲမဖြစ်ချင်ဘူး”ဟု ဆိုကြ၏။

## အမျိုးသမီးတစ်ယောက်၏အထူးလုပ်ဆောင်မှု

*(မ ၂၆း၆-၁၃၊ ယော ၁၂း၁-၈)*

၃ ယေရှုသည်ဗေသနိရွာတွင်ရှိမုန်ဟုခေါ်သော
လူနူတစ်ယောက်၏ အိမ်၌ စား သောက်နေ၏။ ထို
စဉ် အမျိုးသမီးတစ်ယောက်သည် ကိုယ်တော်ထံ
သို့လာ၏။ သူမ၌ ကျောက်ဖြူခွက်နှင့်ထည့်ထား
သော အဖိုးတန်ဆီမွှေး ရှိ၏။ ထိုဆီမွှေးကို နာဒုစစ်
စစ်ဖြင့် ပြုလုပ်ထား၏။ ထိုမိန်းမသည် ကျောက်ဖြူ
ခွက်အဖုံးကိုဖွင့်ပြီး ဆီမွှေးများကို ယေရှု၏ ခေါင်း
ပေါ်သို့ လောင်းချလိုက်လေ၏။
၄ ထိုနေရာတွင်ရှိသော နောက်လိုက်အချို့တို့
သည် ဤအမှုကို မြင်ကြသောအခါ စိတ်ပျက်စွာ
ဖြင့် ညည်းညူကြ၏။ “ဘာဖြစ်လို့ ဆီမွှေးကိုဖြုန်းတီး
ရတာလဲ။ ၅ ဆီမွှေးရဲ့တန်ဖိုးက တစ်နှစ်လုံးလုပ်အား
ခလောက်ရှိတယ်မဟုတ်လား၊ ဆီမွှေးကို ရောင်း
ပြီး ရတဲ့ငွေကို ဆင်းရဲသားတွေကို ဝေငှပေးနိုင်
တယ်”ဟု ထိုမိန်းမအား ပြင်းစွာဝေဖန်ပြစ်တင်ကြ
၏။
၆ ယေရှုက “ဒီအမျိုးသမီးကို မနှောင့်ယှက်ကြ
ပါနဲ့၊ ဘာကြောင့် သူ့ကို ပြဿနာလုပ်ကြတာလဲ၊
သူက ငါ့အတွက် အကောင်းဆုံးအရာကို လုပ်ပေး
တယ်၊ ၇ ဆင်းရဲသားတွေက သင်တို့နဲ့အမြဲရှိနေမှာ
ပဲ၊ သင်တို့ဟာ သူတို့ကို အချိန်မရွေး ကူညီပေးနိုင်
တယ်၊ ဒါပေမယ့် ငါဟာသင်တို့နဲ့အမြဲရှိနေမှာ
မဟုတ်ဘူး၊ ၈ ဒီမိန်းမက ငါ့အတွက် လုပ်ပေးနိုင်
တာလေးကို လုပ်ပေးသွားတယ်။ သူမက ငါ့ကိုယ်
ပေါ်ကို ဆီမွှေးလောင်းချတယ်၊ ငါမသေခင် ငါ့
အလောင်းသင်္ဂြိုဟ်ဖို့ ဆီမွှေးလိမ်းပြီး သူပြင်ဆင်ပေး
တယ်၊ ၉ ငါအမှန်အကန်ပြောမယ်၊ ဝမ်းမြောက်ဖွယ်
သတင်းကောင်းကို ကမ္ဘာ အရပ်ရပ်မှာရှိတဲ့ လူတို့
ကိုဟောပြောရလိမ့်မယ်၊ ဒီဝမ်းမြောက်ဖွယ်သတင်း

ကောင်းကိုပြောတဲ့နေရာတိုင်းမှာ ဒီမိန်းမလုပ်ဆောင်
ခဲ့တဲ့ အကြောင်းကိုလည်း ပြောပြကြလိမ့်မယ်၊သူမ
လုပ်ဆောင်သမျှကို ပြန်ပြောကြရင်းနဲ့ လူတွေက
သူမကို သတိရအောက်မေ့ကြလိမ့်မယ်”ဟု မိန့်
တော် မူ၏။

## ယုဒသည် ယေရှု၏ရန်သူတို့ကို ကူညီရန် သဘောတူညီခြင်း

*(မ ၂၆း၁၄-၁၆၊ လု ၂၂း၃-၆)*

၁၀ တမန်တော်တစ်ဆယ့်နှစ်ပါးအထဲမှ တစ်ပါး
သည် ယဇ်ပုရောဟိတ်ခေါင်းဆောင်များထံ သွား
ရောက်စကားပြော၏။ သူ၏အမည်မှာ ယုဒရှကာ
ရုတ်ဖြစ်သည်။ ယုဒက ယေရှုအား ထိုသူတို့လက်
ထဲအပ်ချင်၏။ ၁၁ ထိုဖြစ်ရပ်ကြောင့် ယဇ်ပုရောဟိတ်
တို့သည် အလွန်ဝမ်းသာကြ၏။ သူတို့က ယုဒအား
၎င်းလုပ် ဆောင်မှုအတွက် အခကြေးငွေပေးမည်
ဟု ကတိပြုကြ၏။ ထိုကြောင့် ယုဒသည် ယေရှုအား
သူတို့လက်ထဲအပ်ရန် အချိန်ကောင်းကို စောင့်နေ
၏။

## ပသခါစားသောက်ပွဲ

*(မ၂၆း၁၇-၂၅၊လု၂၂း၇-၁၄၊၂၁-၂၃၊ယော၁၃း၂၁-၃၀)*

၁၂ ထို့နေ့သည် တဆေးမဲ့ပွဲတော်၏ ပထမနေ့
ဖြစ်၏။ ပသခါသိုးကို ပူဇော်သည့်အချိန်ဖြစ်၏။
ယေရှု၏နောက်လိုက်တို့သည် အထံတော်သို့လာကြ
၏။ သူတို့က“ကိုယ်တော် ကျွန်တော်တို့ ပသခါ
စားပွဲကို ပြင်ဆင်ဖို့သွားပါမယ်၊ စားသောက်ပွဲကို
ဘယ်နေရာမှာ ပြုလုပ်လိုပါသလဲ”ဟု မေးလျှောက်
ကြ၏။
၁၃ ယေရှုသည် နောက်လိုက်နှစ်ဦးကို မြို့ထဲသို့
စေလွှတ်တော်မူ၏။ ကိုယ်တော်သည် သူတို့အား
“လူတစ်ယောက် ရေခရားတစ်ခု သယ်လာတာကို
သင်တို့တွေ့ရလိမ့်မယ်၊ သူဟာ သင်တို့ဆီကိုလာ
လိမ့်မယ်၊ သူ့နောက်ကို လိုက်သွားကြပါ၊ ၁၄ သူ
ဟာ အိမ်တစ်အိမ်ကို ဝင်လိမ့်မယ်၊ အဲဒီအိမ်ရှင်ကို
ပြောလိုက်ပါ၊ ဆရာနှင့် နောက်လိုက်တွေ ပသခါ
စားသောက်ပွဲကျင်းပမယ့် အခန်းဟာဘယ်မှာလဲ၊
ဆရာကမေးခိုင်းလိုက်တယ်လို့ ပြောလိုက်ပါ၊ ၁၅ အိမ်
ရှင်က အပေါ်ထပ်မှာရှိတဲ့အခန်းကျယ်ကို လိုက်
ပြလိမ့်မယ်၊ အဲဒီအခန်းက သင်တို့အတွက် အဆင်
သင့်ပဲ၊ ငါတို့အတွက် အစာကို အဲဒီမှာ ပြင်ကြပါ”
ဟု မိန့်တော်မူ၏။
၁၆ ထိုနောက် နောက်လိုက်တို့သည် ထိုနေရာမှ
မြို့ထဲသို့ဝင်သွားကြ၏။ အရာရာသည် ယေရှုပြော
သည့်အတိုင်းဖြစ်၏။ သူတို့သည် ပသခါစားပွဲကို
ပြင်ဆင်ကြ၏။
၁၇ ထိုညနေတွင် ယေရှုသည် တမန်တော်တစ်
ဆယ့်နှစ်ပါးနှင့်အတူ ထိုအိမ်ထဲသို့ဝင်ကြ၏။ ၁၈ သူ
တို့သည် စားပွဲ၌စားသောက်နေစဉ် ယေရှုက “ငါ
အမှန်အကန်ပြောမယ်၊သင်တို့အထဲက တစ်ယောက်
ဟာ ငါ့ကို ပုန်ကန်လိမ့်မယ်၊ အခု ငါနဲ့အတူ စား
သောက်နေတဲ့သူတွေထဲကဖြစ်တယ်”ဟုမိန့်တော်
မူ၏။
၁၉ နောက်လိုက်တို့သည် ထိုစကားကို ကြားရ
သောအခါ အလွန်စိတ်ထိခိုက်သွားကြ၏။ “ကျွန်
တော်ကတော့ သခင့်ကို လုံးဝဆန့်ကျင်မှာ မဟုတ်
ဘူး”ဟု အသီးသီးပြောကြ၏။
၂၀ ယေရှုက“သင်တို့တစ်ဆယ့်နှစ်ယောက်အထဲ
ကတစ်ယောက် ငါ့ကိုပုန်ကန်မယ်၊အဲဒီတစ်ယောက်
ကတော့ ငါ့နှိုက်တဲ့မုန့်ခွက်ကို နှိုက်တဲ့သူပဲ၊
၂၁ ကျမ်းစာကပြောတဲ့အတိုင်း လူသားဟာ နာကျင်
ခြင်း ဝေဒနာကို ခံရမယ်၊ ဒါပေမယ့် လူသားကို
သတ်ဖို့ အပ်နှံတဲ့သူဟာ အမင်္ဂလာဖြစ်မယ်။ ဒီလို
လူမျိုးဟာ မွေးမလာခဲ့ရင် သူ့အတွက် ပိုကောင်း
ဦးမယ်”ဟု မိန့်တော်မူ၏။

## သခင်ဘုရား၏ညစာ

*(မ ၂၆း၂၆-၃၀၊ လု ၂၂း၁၅-၂၀၊ ၁ကော ၁၁း၂၃-၂၅)*

၂၂ စားသောက်နေကြစဉ်ယေရှုသည် မုန့်အနည်း
ငယ်ကို ယူ၏။ ကျေးဇူးတော်ကိုချီးမွမ်းပြီး မုန့်ကို
ဖဲ့တော်မူ၏။ ထိုနောက် နောက်လိုက်များကို ပေး
ဝေပြီး “ဒီမုန့်ကိုယူပြီးစားကြပါ၊ ဒီမုန့်ဟာ ငါ့ရဲ့ခန္ဓာ
ကိုယ်ဖြစ်တယ်” ဟု မိန့်တော်မူ၏။
၂၃ ထို့နောက် ယေရှုသည် စပျစ်ရည်ခွက်ကို ယူ
၏။ ကျေးဇူးတော်ကို ချီးမွမ်းပြီး နောက်လိုက်တို့
အား ပေးလေ၏။ သူတို့အားလုံးသည် ခွက်ထဲမှ
စပျစ်ရည်ကို သောက်ကြ၏။
၂၄ ထိုနောက် ယေရှုက “ဒီစပျစ်ရည်က ငါ့ရဲ့
သွေးဖြစ်တယ်၊ ငါ့ရဲ့သွေးဟာ ဘုရားသခင်က လူ
တို့ကိုပေးတဲ့ ပဋိညာဉ်တရားသစ်ရဲ့အစဖြစ်တယ်။
ဒီအသွေးကို လူများစွာအတွက်ပေးတာဖြစ်တယ်။
၂၅ ငါအမှန်အကန်ပြောမယ်၊ ဘုရားသခင်ရဲ့နိုင်ငံ
တော်မှာ စပျစ်ရည်သစ်ကို သောက်ရမယ့်အချိန်
မရောက်ခင် ဒီစပျစ်ရည်ကို ငါသောက်ရမှာမဟုတ်
ဘူး”ဟု မိန့်တော်မူ၏။
၂၆ သူတို့အားလုံးတို့သည် သီချင်းဆိုကြ၏။ ထို့
နောက် သံလွင်တောင်သို့ သွားကြ၏။

## ယေရှု၏နောက်လိုက်အားလုံးတို့သည် သူ့အား စွန့်ခဲ့ကြခြင်း

*(မ ၂၆း၃၁-၃၅၊ လု ၂၂း၃၁-၃၄၊ ယော ၁၃း၃၆-၃၈)*

၂၇ ထို့နောက် ယေရှုက နောက်လိုက်တို့
အား“သင်တို့အားလုံး ယုံကြည်ခြင်းအားလျော့ ကုန်
လိမ့်မယ်၊ ကျမ်းစာက

‘ငါသည် သိုးထိန်းကို သတ်မည်။
သိုးတို့သည် ထွက်ပြေးကုန်လိမ့်မည်’

*ဇာခရိ ၁၃း၇*

လို့ ရေးသားထားတယ်”
၂၈ ဒါပေမယ့် ငါအသေခံပြီး၊ သေခြင်းကနေ ပြန်ပြီး
ထမြောက်မယ်၊ အဲဒီနောက် ငါဟာ ဂါလိလဲပြည်ကို
သွားမယ်။ သင်တို့ အဲဒီကို မသွားခင် ငါရောက်
နှင့်မယ်”ဟု မိန့်တော်မူ၏။
၂၉ ပေတရုက “ကိုယ်တော် ဒီနောက်လိုက်
တွေအားလုံး သူတို့ရဲ့ယုံကြည်ခြင်းတွေ အားလျော့
ကုန်ပေမယ့် ကျွန်တော့် ယုံကြည်ခြင်းကတော့
ဘယ်တော့မှ အားလျော့မှာမဟုတ်ဘူး”ဟုလျှောက်
လေ၏။
၃၀ ယေရှုက “ငါအမှန်အကန်ပြောမယ်၊ ဒီနေ့
ညမှာပဲ ငါ့ကို မသိဘူးလို့ သင်ပြောလိမ့်မယ်၊
ကြက်နှစ်ခါမတွန်ခင် ငါ့ကို မသိဘူးလို့ သင် သုံး
ကြိမ်ပြောလိမ့်မယ်”ဟု မိန့်တော်မူ၏။
၃၁ သို့ရာတွင် ပေတရုက စိတ်ထက်သန် စွာ
ဖြင့် “ကိုယ်တော့်ကို မသိဘူးလို့ ကျွန်တော် ဘယ်
တော့မှ မပြောဘူး။ ကိုယ်တော်နဲ့အတူ လိုက်သေ
မယ်”ဟု ဆိုရာ၊ အခြားနောက်လိုက်များကလည်း
ထိုနည်းတူ ပြောကြ၏။

## ယေရှုသည် တစ်ယောက်တည်း ဆုတောင်း တော်မူခြင်း

*(မ ၂၆း၃၆-၄၆၊ လု ၂၂း၃၉-၄၆)*

၃၂ ယေရှုသည် နောက်လိုက်တို့နှင့်အတူ ဂေသ
ရှေမန်ဟုခေါ်သောအရပ်သို့ သွားကြ၏။ ကိုယ်တော်
က “ငါဆုတောင်းနေတုန်း ဒီမှာ ထိုင်နေကြပါ”ဟု
မိန့်တော်မူ၏။ ၃၃ ကိုယ်တော်က ပေတရု၊ ယာကုပ်
နှင့် ယောဟန်တို့အား သူနှင့်အတူလိုက်ရန် ခေါ်
တော်မူ၏။ ထိုနောက် ကိုယ်တော်သည် အလွန်ဝမ်း
နည်းပြီး စိတ်ပူပန်ခြင်း စတင်ဖြစ်လေ၏။ ၃၄ ကိုယ်
တော်သည် ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့
အား “ငါ့စိတ်မှာ ဝမ်းနည်းခြင်းနဲ့ပြည့်နေပြီး၊ ငါ့
နှလုံးလည်း ကြေကွဲနေတယ်၊ ဒီနေရာက စောင့်
နေကြပါ”ဟု မိန့်တော်မူ၏။
၃၅ ယေရှုသည် သူတို့နှင့်ခပ်လှမ်းလှမ်းသို့
လျှောက်သွား၏။ ကိုယ်တော်သည် မြေပေါ်တွင်
ပြပ်ဝပ်လျက် ဆုတောင်းလေ၏။ ကိုယ်တော်က
ယခုအချိန်တွင် ခံစားရမည့် ဒုက္ခဝေဒနာကိုဖြစ်နိုင်
လျှင် လွဲသွားစေဖို့ ဆုတောင်းလေ၏။ ၃၆ ယေရှုက
“အိုအဘ၊ ခမည်းတော်၊ ကိုယ်တော်ဟာ အရာခပ်
သိမ်း ကိုတတ်နိုင်တော်မူပါတယ်။ ဒီဒုက္ခခွက်ကို
အကျွန်ုပ်ထံမှ လွှဲဖယ်တော်မူပါ။ ဒါပေမယ့်
အကျွန်ုပ်အလိုအတိုင်း မဖြစ်ပါစေနဲ့၊ ကိုယ်တော်
အလိုအတိုင်းသာဖြစ်စေတော်မူပါ” ဟု တောင်း
လျှောက်လေ၏။
၃၇ ထို့နောက် ကိုယ်တော်သည် နောက်လိုက်
များထံသို့ ပြန်သွား၏။ ကိုယ်တော်သည် သူတို့အိပ်
ပျော်နေကြသည်ကို တွေ့လေ၏။ ကိုယ်တော်က
ပေတရုအား“ရှိမုန်၊ ဘာကြောင့် အိပ်နေတာလဲ၊
သင်ဟာ ငါကိုတစ်နာရီတောင် မစောင့်နိုင်ဘူးလား၊
၃၈ စုံစမ်းခြင်းနဲ့ ကင်းလွတ်ဖို့ နိုးနိုးကြားကြားနဲ့
ဆုတောင်းနေကြပါ၊ သင်တို့ရဲ့ဝိညာဉ်က အမှန်ကို
လိုပေမယ့်လည်း သင်တို့ရဲ့ ကိုယ်ခန္ဓာကတော့
အားနည်းတယ်”ဟု မိန့်တော်မူ၏။
၃၉ ယေရှုသည် တစ်ဖန်သွားတော်မူပြီး ယခင်
အတိုင်းဆုတောင်းတော်မူ၏။ ၄၀ ထို့နောက် ကိုယ်
တော်သည် နောက်လိုက်များထံ ပြန်လာ၏။ သူတို့
အိပ်ပျော်နေကြသည်ကို တွေ့ရပြန်၏။ သူတို့၏
မျက်စိများသည် လေးလံထိုင်းမှိုင်း နေ၏။ ယေရှု
အား ဘာပြောရမည်ကို သူတို့ မသိကြ။
၄၁ ယေရှုသည် သုံးကြိမ်မြောက်ဆုတောင်းအပြီး
တွင် နောက်လိုက်များထံ ပြန်သွားလေ၏။ ကိုယ်
တော်က သူတို့အား “သင်တို့ဟာ ခုထိ အိပ်နေနား
နေကြတယ်၊ ဒီလောက်ဆို တော်ပါပြီ၊ လူသားကို
အပြစ်နဲ့ပြည့်နေတဲ့သူတွေလက်ထဲအပ်ရမယ့်အချိန်
ရောက်ပြီ။ ၄၂ ထကြ။ ငါတို့သွားရမယ်။ ဟိုမှာ ငါ့ကို
အပ်နှံမယ့်သူ လာနေပြီ”ဟု မိန့်တော်မူ၏။

## ယေရှုအဖမ်းခံရခြင်း

*(မ ၂၆း၄၇-၅၆၊ လု ၂၂း၄၇-၅၃၊ ယော ၁၈း၃-၁၂)*

၄၃ ယေရှုစကားပြောနေစဉ် ယုဒသည် ထိုနေရာ
သို့လာ၏။ သူသည် တမန်တော်တစ်ဆယ့်နှစ်ပါး
အထဲကဖြစ်၏။ သူအတူနှင့် လူများစွာပါလာ၏။ ထို
သူတို့မှာ ယဇ်ပုရောဟိတ်အကြီးအကဲများ၊ ကျမ်းပြု
ဆရာများနှင့် ဂျူးလူမျိုးအကြီးအကဲတို့ စေလွှတ်
လိုက်သောသူများ ဖြစ်ကြ၏။ ယုဒနှင့်ပါလာသူတို့
၏လက်ထဲတွင် ဓားများ၊ တုတ်များကို ကိုင်ဆောင်

ထားကြ၏။
၄၄ ထိုသူတို့အား မည်သူသည် ယေရှုဖြစ် သည်
ကိုပြရန် ယုဒသည် အစီအစဉ်ပြုလုပ်ထား၏။ ယုဒ
က"ငါနမ်းတဲ့သူဟာ ယေရှုဖြစ်တယ်၊ သူ့ကိုဖမ်းပြီး
စောင့်ကြပ်ခေါ်သွားကြပါ"ဟုကြိုတင်ပြောထားနှင့်
၏။ ၄၅ သို့ဖြစ်၍ ယုဒသည် ယေရှုထံသို့ သွားပြီး
"ဆရာ" ဟု ခေါ်၏။ ပြီးမှ ယေရှုကို နမ်းလေ၏။
၄၆ ထို့နောက် လူများက ယေရှုအား ဖမ်းချုပ်လိုက်
ကြ၏။ ၄၇ နောက်လိုက်တစ်ဦးသည် ယေရှုအား ဖမ်း
ချုပ်ထားရာအနီးတွင်ရပ်လျက် ဓားကိုဆွဲထုတ်ပြီး
ယဇ်ပုရောဟိတ်မင်း၏အစေခံတစ်ယောက်ကို ခုတ်
လိုက်ရာ နားရွက်ပြတ်သွားလေ၏။
၄၈ ယေရှုက "သင်တို့ဟာ ငါ့ကို ရာဇဝတ်သား
ကို ဖမ်းသလို တုတ်တွေ၊ ဓားတွေနဲ့လာကြသလား၊
၄၉ နေ့တိုင်း သင်တို့နဲ့အတူ ဗိမာန်တော်မှာ ဆုံးမ
သြဝါဒပေးခဲ့တယ်။ သင်တို့ဟာ ငါ့ကိုအဲဒီမှာတော့
မဖမ်းကြဘူး။ ဒါပေမယ့် ဒီလိုဖြစ်ရတာကလည်း
ကျမ်းစာကပြောထားတာပြည့်စုံဖို့ဖြစ်တယ်"ဟု မိန့်
တော်မူ၏။ ၅၀ ထို့နောက် ယေရှု၏ နောက်လိုက်တို့
သည် ထွက်ပြေးသွားကြလေ၏။
၅၁ ကိုယ်တော့်နောက်သို့ လူရွယ်တစ်ဦးလိုက်ပါ
လာ၏။ သူသည် ပိတ်စအင်္ကျီကိုသာ ဝတ်ဆင်ထား
၏။ လူတို့သည် ထိုလူရွယ်ကိုလည်း ဖမ်းဆွဲထားကြ
၏။ ၅၂ ထိုသူဝတ်ဆင်ထားသော ပိတ်စအင်္ကျီလျှော
ကျသွားပြီး သူသည် အဝတ်မပါဘဲ ထွက်ပြေးသွား
လေ၏။

## ဂျူးခေါင်းဆောင်များရှေ့မှောက်ရောက်ယေရှု

*(မ ၂၆း၅၇-၆၈၊ လု ၂၂း၅၄-၅၅၊ ၆၃-၇၁၊ ယော ၁၈း၁၃-၁၄၊ ၁၉-၂၄)*

၅၃ ထိုသူတို့သည်ယေရှုအား ဖမ်းဆီးချုပ်နှောင်
ပြီး ယဇ်ပုရောဟိတ်မင်းနေအိမ်သို့ ခေါ် သွားကြ၏။
ယဇ်ပုရောဟိတ်ခေါင်းဆောင်များ၊ ဂျူးလူမျိုးအကြီး
အကဲများနှင့် ကျမ်းပြုဆရာတို့သည် ထိုနေရာတွင်
စုဝေးနေကြ၏။ ၅၄ ပေတရုသည် ယေရှုနောက်သို့
လိုက်လာ၏။ သို့ရာတွင် အနားသို့မလာရဲပေ။ ပေ
တရုသည် ယဇ်ပုရောဟိတ်မင်း၏ခြံဝင်း ထိအောင်
လိုက်ပါလာ၏။ ပေတရုသည် ခြံဝင်းထဲဝင်လာ၏။
သူသည် အစောင့်များနှင့်အတူ ထိုင်လျက် မီးလှုံ
နေ၏။
၅၅ ယဇ်ပုရောဟိတ်မင်းနှင့် ဂျူးကောင်စီဝင်တို့
သည် ယေရှုကို သတ်နိုင်ရန် ယေရှုကျူးလွန်သော
အမှားတစ်စုံတစ်ရာကို ထောက်ပြနိုင်ရန် ကြိုးစား
ရှာနေကြ၏။ သို့ရာတွင် ယေရှုအားသတ်ခွင့်ပေးနိုင်
လောက်သည့် သက်သေအထောက်အထားကို
မတွေ့ကြ။ ၅၆ လူတို့သည် မမှန်သောသက်သေများ
ကို ထွက်ဆိုကြ၏။ သို့ရာတွင် သူတို့၏ထွက်ဆို
ချက်များသည် ညီညွတ်ခြင်းမရှိ။ သဘောချင်း
မတိုက်ဆိုင်ဖြစ်နေ၏။
၅၇ ထို့နောက် လူအချို့တို့သည် ထ၍ ယေရှုကို
ဆန့်ကျင်လျက် မမှန်သောသက်သေကို ထွက်ဆို
ကြ၏။ သူတို့က ၅၈ "ဒီလူက လူတွေ ဆောက်ထား
တဲ့ ဗိမာန်တော်ကို ငါဖျက်ဆီးမယ်၊ နောက်သုံး
ရက်အကြာမှာနောက်ဗိမာန်တော်တစ်ခုကိုငါဆောက်
မယ်၊ လူတွေလက်နဲ့တော့မဟုတ်ဘူးလို့ ပြောတာ
ကို ကျွန်တော်တို့ ကြားခဲ့ပါတယ်"ဟု ပြောဆိုကြ
၏။ ၅၉ သို့ရာတွင်သူတို့သက်သေထွက်ဆိုချက်များ
ကိုသည် တူညီမှုမရှိပေ။
၆၀ ထို့နောက် ယဇ်ပုရောဟိတ်မင်းသည် လူတို့
ရှေ့တွင် ရပ်လျက် ယေရှုအား "ဒီလူတွေအားလုံး
သင့်ကို ဆန့်ကျင်ပြောဆိုနေကြပြီ။ သူတို့ပြောတာ
တွေနဲ့ပတ်သက်လို့ သင့်မှာ ပြောစရာရှိသလား၊
သူတို့ပြောတာတွေဟာ အမှန်တွေပဲလား"ဟု မေး
၏၊ ၆၁ သို့ရာတွင် ယေရှုသည် စကားပြောဆို ဖြေ
ကြားခြင်းကို ပြုတော်မမူ။
ယဇ်ပုရောဟိတ်မင်းက နောက်မေးခွန်းတစ်ခု
ကို မေးလေ၏။ "သင်ဟာ ခရစ်တော်လား၊ မင်္ဂလာ
ရှိတဲ့ဘုရားရဲ့သားတော်လား"ဟု မေးလျှင်၊
၆၂ ယေရှုက"ဟုတ်တယ်၊ ငါဟာဘုရားသခင်ရဲ့
သားတော်ဖြစ်တယ်၊ နောင်တစ်ချိန် ကျရင် လူသား
ဟာ အကြီးမြတ်ဆုံးဘုရားရဲ့ လက်ယာဘက်မှာ ထိုင်
နေတာကိုသင်တို့ တွေ့ရကြလိမ့်မယ်၊ အဲဒီနောက်
လူသားသည် ကောင်းကင်မှ မိုးတိမ်စီးပြီး ကြွလာ
တာကိုသင်တို့တွေ့မြင်ရကြလိမ့်မယ်"ဟု မိန့်တော်
မူ၏။
၆၃ ယဇ်ပုရောဟိတ်မင်းသည် ဤစကားကိုကြား
သောအခါ စိတ်ဆိုး၍ မိမိအဝတ်ကို ဆွဲဆုတ်လေ
၏။ သူက "ငါတို့မှာ နောက်ထပ် ဘာသက်သေလို
သေးသလဲ၊ ၆၄ သူပြောတာကို သင်တို့အားလုံး ကြား
ကြတယ်မဟုတ်လား၊ သူဟာ ဘုရားကိုဆန့်ကျင်
တယ်၊ သင်တို့ ဘယ်လို ထင်ကြသလဲ"ဟု ပြောဆို
လေ၏။
ထိုလူအားလုံးတို့က ယေရှုကို မှားသည်ဟုပြော
ကြ၏။ သူတို့က ယေရှု၌အပြစ်ရှိသောကြောင့် သတ်
ရမည်ဟု ဆိုကြ၏။ ၆၅ လူအချို့တို့က ယေရှုအား

တံတွေးဖြင့်ထွေးကြ၏။ သူ တို့သည် ယေရှု၏မျက်စိ
ကို အဝတ်နှင့်ပတ် စည်းပြီး လက်သီးဖြင့် ထိုးကြ၏။
သူတို့က “သင့်ကို ဘယ်သူထိုးသလဲဆိုတာ ပရော
ဖက်ပြုပါဦး” ဟု ဆိုကြ၏။ ထို့နောက် အစောင့်အ
ကြပ်တို့က ယေရှုကို ခေါ်ဆောင်သွားကြပြီး ရိုက်
နှက်ကြ၏။

**ပေတရုက ယေရှုကို သိကြောင်း ဝန်ခံရန် ကြောက်ရွံ့ခြင်း**

*(မ ၂၆း၆၉-၇၅၊ လု ၂၂း၅၆-၆၂၊ ယော ၁၈း၁၅-၁၈၊ ၂၅-၂၇)*

၆၆ ထိုအချိန်တွင် ပေတရုသည် ခြံဝင်းထဲတွင်
ရှိနေဆဲဖြစ်သည်။ ယဇ်ပုရောဟိတ်မင်း၏ အစေခံ
မိန်းကလေးတစ်ယောက်သည် ပေတရုရှိရာသို့
ရောက်လာ၏။ ၆၇ သူမသည် မီးလှုံနေသော ပေတရု
ကို တွေ့လေ၏။ သူသည် ပေတရုအနားသို့ တိုးကပ်
သွား၏။

ထို့နောက်သူမက “သင်ဟာ နာဇရက်မြို့ သား
ယေရှုနဲ့အတူရှိနေတဲ့သူပဲ” ဟု ဆိုလေ၏။
၆၈ သို့ရာတွင် ပေတရုက သူသည် ယေရှုနှင့်
မည်သည့်အခါကမှ မရှိခဲ့ကြောင်း ပြောလေ၏။ သူ
က “ငါမသိဘူး၊ သင်ပြောနေတာတွေကို ငါ နားမ
လည်ဘူး” ဟု ပြန်ပြော၏။ ထို့နောက်သူသည် ထို
နေရာမှ ထွက်၍ ခြံပေါက်ဝ သို့ သွားလေ၏။
၆၉ ထိုအစေခံမိန်းကလေးသည် ပေတရုအား
ထိုနေရာတွင် ထပ်တွေ့ပြန်၏။ ထိုအခါ သူမက
အနီးတွင် ရပ်နေသောသူအား “ဒီလူဟာ ယေရှု
နောက်ကို လိုက်တဲ့သူတွေအထဲက တစ်ယောက်
ပဲ” ဟု ပြောပြန်၏။ ၇၀ ပေတရုက မဟုတ်ကြောင်း
ငြင်းပြန်၏။

များမကြာမီ လူအချို့တို့သည် ပေတရုအနား
တွင် ရပ်နေကြ၏။ ထိုသူတို့က “သင်ဟာ ယေရှု
နောက်လိုက်တဲ့သူတွေအထဲက တစ်ယောက်ပဲ၊
သင်လည်းပဲ ဂါလိလဲလူဖြစ်တယ်” ဟု ဆိုကြ၏။
၇၁ ပေတရုသည် ကျိန်ဆိုလေ၏။ “ဘုရားသခင်
ဆီ ငါကျိန်ဆိုတယ်။ သင်တို့ပြောတဲ့ သူကို ငါ
မသိဘူး” ဟု ပြောလေ၏။
၇၂ ထိုသို့ပေတရုပြောပြီးသည်နောက်တွင်ကြက်
သည် နှစ်ကြိမ်မြောက်တွန်လေ၏။ ထိုအခါသူသည်
ယေရှုပြောခဲ့သော “ကြက်မတွန် ခင် ငါကိုမသိဘူး
လို့ သင်သုံးကြိမ်ငြင်းလိမ့် မယ်” ဟူသော စကားကို
ပြန်သတိရလေ၏။ ထို့နောက် ပေတရုသည် ဝမ်း
နည်းစွာ ငိုကြွေးလေ၏။

**ယေရှုအား မြို့တော်ဝန်ပိလတ်က မေးခွန်းများမေးခြင်း**

*(မ ၂၇း၁-၂၊ ၁၁-၁၄၊ လု ၂၃း၁-၅၊ ယော ၁၈း၂၈-၃၈)*

၁၅ နံနက်စောစောတွင် ယဇ်ပုရောဟိတ်
အကြီးများ၊ အသက်ကြီးသော ဂျူးခေါင်း
ဆောင်များနှင့် ကျမ်းပြုဆရာတို့သည် ယေရှုအား
မည်သို့ပြုကြမည်ကို ဆုံးဖြတ်ချက် ချကြ၏။ သူတို့
သည် ယေရှုအား ချည်နှောင်ကာမြို့တော်ဝန်ပိလတ်
မင်းထံခေါ်ဆောင်လာပြီး အပ်နှံလိုက်ကြသည်။
၂ ပိလတ်မင်းက “သင်ဟာဂျူးလူမျိုးများရဲ့ဘုရင်
ဆိုတာ ဟုတ်သလား” ဟု မေးလျှင်၊
၃ ယေရှုက “ဟုတ်တယ်၊ အဲဒါအမှန်ပဲ” ဟု ဖြေ
တော်မူ၏။
၃ ယဇ်ပုရောဟိတ်မင်းတို့သည် ယေရှုအား စွဲ
ချက်အမျိုးမျိုးတင်ကြ၏။ ၄ ပိလတ်မင်းသည် ယေရှု
အား “ဒီလူတွေ သင့်ကို အမျိုးမျိုး စွဲချက်တင်ကြ
တာ သင့်အမြင်ပဲ၊ ဘာကြောင့် သင်မဖြေရှင်းရ
တာလဲ” ဟု နောက်မေးခွန်း တစ်ခုကို မေးပြန်၏။
၅ သို့ရာတွင် ယေရှုသည် ဘာမျှပြန်မပြောဘဲ
နေ၏။ ထို့ကြောင့် ပိလတ်မင်းသည် အလွန် အံ့သြ
လေ၏။

**ပိလတ်မင်းက ယေရှုအား လွှတ်ပေးရန် ကြိုးစားသော်လည်း မအောင်မြင်**

*(မ ၂၆း၁၅-၃၁၊ လု ၂၃း၁၃-၂၅၊ ယော ၁၈း၃၈-၃၈)*

၆ နှစ်စဉ်နှစ်တိုင်း ပသခါပွဲတော်ကာလတွင်
မြို့တော်ဝန်သည် ရာဇဝတ်သားတစ်ဦးအား လွှတ်
ငြိမ်းချမ်းသာခွင့်ပေးလေ့ရှိသည်။ လူအများကလွှတ်
ပေးစေလိုသောသူကို သူက လွှတ်ပေးလေ့ရှိသည်။
၇ ထိုအချိန်တွင် ဗာရဗ္ဗအမည်ရှိသော လူတစ်
ယောက်သည် ထောင်ကျလျက်ရှိ၏။ သူသည်
ပုန်ကန်သူဖြစ်သောကြောင့် သူပုန်တို့နှင့်အတူ
ထောင်ကျခြင်း ဖြစ်သည်။ ဤသူပုန်တို့သည် ရုန်း
ရင်းဆန်ခတ် ဖြစ်စဉ်က လူသတ်မှုကို ကျူးလွန်ခဲ့
ကြသူများဖြစ်သည်။ ၈ လူများတို့သည် ပိလတ်မင်း
ထံလာပြီး အကျဉ်းသားတစ်ဦးကို လွှတ်ပေးမြဲ ထုံးစံ
ရှိသည်အတိုင်း လွှတ်ပေးရန် တောင်းဆိုကြ၏။
၉ ပိလတ်မင်းက “ဂျူးတို့ရဲ့ဘုရင်ကို လွှတ်
ပေးစေချင်ကြသလား” ဟု လူများကို မေးလေ၏။
၁၀ ယဇ်ပုရောဟိတ်ခေါင်းဆောင်တို့က ယေရှုအား
အပ်လာမည်ကို ပိလတ်မင်း သိနေသည်။ အဘယ်
ကြောင့်ဆိုသော ထိုသူတို့သည် ယေရှုအား မနာလို
ဖြစ်နေကြသော ကြောင့်ဖြစ်၏။ ၁၁ သို့ရာတွင် ယဇ်

ပုရောဟိတ်ခေါင်းဆောင်တို့သည် ယေရှုအစား
ဗာရဗ္ဗကိုလွှတ်ပေးရန်တောင်းဆိုကြမည်ဟုလူတို့
အား လှုံ့ဆော်ထား၏။
၁၂ နောက်တစ်ဖန် ပိလတ်မင်းက "ဒါဆိုရင်
သင်တို့ပြောတဲ့ ယုဒဘုရင်ကို ငါဘယ်လို လုပ်ရ
မလဲ"ဟု လူတို့အား မေးပြန်၏။
၁၃ လူတို့က "ကားတိုင်ပေါ်မှာ တင်ပြီး သတ်
လိုက်ပါ"ဟု အော်ဟစ်ကြ၏။
၁၄ ပိလတ်မင်းက"ဘာကြောင့်လဲ၊ သူဘာ အမှား
လုပ်ခဲ့သလဲ"ဟု မေး၏။
သို့ရာတွင် လူတို့သည် ပို၍ပို၍ကျယ်လောင်
သောအသံဖြင့် "ကားတိုင်ပေါ်မှာ တင်ပြီးသတ်
လိုက်ပါ"ဟု အော်ဟစ်ကြ၏။
၁၅ ပိလတ်မင်းသည် ထိုသူတို့ကျေနပ်စေရန်
ဗာရဗ္ဗကို လွှတ်ပေးလိုက်၏။ ယေရှုကို ကြာပွတ်
နှင့်ရိုက်ရန် စစ်သားတို့အား အမိန့်ပေးလေ၏။ ထို့
နောက် ပိလတ်မင်းသည် ယေရှုအား ကားတိုင်
တင်သတ်ရန် စစ်သားတို့၌ အပ်လိုက်လေ၏။
၁၆ စစ်သားတို့သည် ယေရှုအား မြို့တော်ဝန်
ခြံဝင်းထဲမှ ထုတ်ဆောင်သွားကြ၏။ အခြား စစ်သား
များကိုလည်း အတူခေါ်သွားကြ၏။ ၁၇ စစ်သားတို့
သည် ယေရှုအား နီမောင်းသော ဝတ်ရုံကို ဝတ်စေ
ကြ၏။ ထို့နောက်တွင် သူတို့သည် ဆူးခက်များကို
ရစ်ခွေပြီး သရဖူ ပြုလုပ်ကာ ယေရှု၏ခေါင်းပေါ်
တွင် စွပ်ပေးလိုက်ကြ၏။ ၁၈ ထိုနောက် သူတို့က
"ဂျူးလူမျိုးတို့ရဲ့ရှင်ဘုရင်ကြီးကို နှုတ်ဆက်ပါတယ်"
ဟု ဆိုကြ၏။ ၁၉ စစ်သားများသည် ယေရှု၏ ခေါင်း
တော်ကို တုတ်ဖြင့် အကြိမ်ကြိမ်ရိုက်ကြ၏။ တံတွေး
ဖြင့် ထွေးကြ၏။ ထို့နောက်သူတို့သည် ယေရှု၏ ရှေ့
တော်တွင် ဒူးထောက်ဦးညွှတ်အရိုအသေပေး
ဟန်ပြုလျက် လှောင်ပြောင်ကြ၏။ ၂၀ ထိုသို့ လှောင်
ပြောင်ပြီးနောက် စစ်သားများသည် ယေရှုကိုယ်
ပေါ်မှဝတ်ရုံကို ချွတ်လိုက်ကြပြီး ကိုယ်တော်၏
အဝတ်တော်ကို ပြန်ဝတ်စေ၏။ ၎င်းနောက်တွင်
သူတို့သည် ယေရှုအား ကားတိုင်တင်သတ်မည့်
နေရာသို့ ခေါ်ဆောင်သွားကြ၏။

**လက်ဝါးကပ်တိုင်ပေါ်တွင်**
**ယေရှုအသတ်ခံရခြင်း**

*(မ ၂၇:၃၂-၄၄၊ လု ၂၃:၂၆-၄၃၊ ယော ၁၉:၁၇-၂၇)*

၂၁ ကုရေနေမြို့မှ လူတစ်ဦးသည် မြို့ထဲသို့ ဝင်
လာသည်။ သူသည် အာလေဇန္ဒြုနှင့်ရုဖုတို့၏ဖခင်
ရှိမုန်ဖြစ်၏။ သူသည် လယ်ထဲမှ ပြန်လာခြင်းဖြစ်
သည်။ စစ်သားတို့သည် ရှိမုန်ကိုတွေ့သောအခါ
ယေရှုအား ကားတင်သတ် မည့် လက်ဝါးကပ်တိုင်
ကို အတင်းအကြပ် ထမ်းခိုင်းကြ၏။ ၂၂ သူတို့သည်
ယေရှုအား ဂေါလဂေါသဟုခေါ်သောအရပ်သို့ခေါ်
သွားကြ၏ (ဂေါလဂေါသ၏အဓိပ္ပာယ်မှာ "ဦးခေါင်း
ခွံ အရပ်"ဖြစ်၏)။ ၂၃ ဂေါလဂေါသအရပ်သို့ရောက်
သောအခါ စစ်သားများက ယေရှုအား မုရန်နှင့်
ရောစပ်ထားသောစပျစ်ရည်ကို သောက်ရန်ပေးကြ
၏။ သို့ရာတွင် ယေရှုက မသောက်။ ၂၄ စစ်သားများ
သည် ယေရှုအား လက်ဝါးကပ် တိုင်ပေါ်တွင်တင်
ပြီး သံနှင့်ရိုက်ထားကြ၏။ ထို့နောက် ကိုယ်တော်၏
အဝတ်တော်ကို အံစာမဲချပြီး ခွဲယူကြ၏။
၂၅ ယေရှုကို ကားတိုင်ပေါ်တွင် သတ်သော
အချိန်မှာ မနက်ကိုးနာရီဖြစ်၏။ ၂၆ ယေရှုအား တင်
သောစွဲချက် ဆိုင်းဘုတ်ကိုလည်း အပေါ်၌ ချိတ်
ဆွဲထား၏။ ရေးသားထားသည်မှာ "ဂျူးလူမျိုးများ
၏ရှင်ဘုရင်"ဟူ၍ ဖြစ်လေ၏။ ၂၇ သူတို့သည် ဓားပြ
နှစ်ယောက်ကိုလည်း ယေရှု၏ ဘယ်ဘက်၌ တစ်
ယောက်၊ ညာဘက်၌တစ်ယောက် ကားတိုင်ပေါ်
တွင် ရိုက်ထားကြ၏။ ၂၈ သူတို့သည် ယေရှုအား ရာဇ
ဝတ်သားနှင့် အတူထားကြ၏။
၂၉ ထိုနေရာမှဖြတ်လျှောက်ကြသူအချို့က ယေရှု
အား ကဲ့ရဲ့ပြောဆိုကြ၏။ သူတို့သည် ခေါင်းကို
ငဲ့စောင်းလျက် "ဗိမာန်တော်ကို ဖျက်ပြီး သုံးရက်
အတွင်း ပြန်ဆောက်မယ်လို့ သင် ပြောခဲ့တယ်
မဟုတ်လား၊ ၃၀ ကိုယ့်ကိုယ်ကို ကယ်ပါလား၊ ကား
တိုင်ပေါ်က ဆင်းခဲ့လေ"ဟုအော်ဟစ်ပြောင်လှောင်
ကြ၏။
၃၁ ယဇ်ပုရောဟိတ်အကြီးအကဲတို့နှင့်အတူ
ကျမ်းပြုဆရာတို့သည်လည်း ထိုနေရာတွင်ရှိကြ၏။
သူတို့ကလည်း ယေရှုအား အခြားသူများနည်းတူ
ကဲ့ရဲ့လှောင်ပြောင်ကြ၏။ သူတို့က "သူက သူများ
ကိုတော့ ကယ်တင်ပြီး ကိုယ့်ကိုယ်ကို မကယ်တင်
နိုင်ပါလား၊ ၃၂ သူဟာ ဣသရေလလူမျိုးတွေရဲ့ဘုရင်
ခရစ်တော်မှန် ရင် လက်ဝါးကပ်တိုင်ပေါ်က ဆင်း
ပါစေ၊ ဒါကို မြင်ရရင်တော့ ငါတို့ယုံကြည်မယ်"
ဟုအချင်းချင်းပြောဆိုကြ၏။ ယေရှု၏ဘေးရှိ လက်
ဝါးကပ်တိုင်ပေါ်မှ ဓားပြတစ်ယောက်ကလည်း ထို
နည်းတူပင် ကဲ့ရဲ့ပြောဆိုလေ၏။

**ယေရှုသေဆုံးခြင်း**

*(မ ၂၇:၄၅-၅၆၊ လု ၂၃:၄၄-၄၉၊ ယော ၁၉:၂၈-၃၀)*

၃၃ နေ့မွန်းတည့်အချိန်တွင် မြေတပြင်လုံး

မှောင်မိုက်အတိဖြစ်လေသည်။ ထိုသို့မှောင်မိုက်
သည်မှာ ညနေသုံးနာရီအထိဖြစ်လေ၏။ ၃၄ သုံးနာရီ
အချိန်တွင် ယေရှုက *"ဧလိ၊ ဧလိ၊ လာမရှာဗာခ
သာနိ"* ဟု ကျယ်လောင်စွာ ကြွေးကြော်တော်မူ၏။
အဓိပ္ပာယ်မှာ အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား၊
အဘယ်ကြောင့် အကျွန်ုပ်ကို တစ်ယောက်တည်း
စွန့်ထားသနည်း"ဟူ၍ဖြစ်၏။
၃၅ ထိုအနားတွင်ရပ်နေသောလူအချို့တို့သည်
ထိုစကားကို ကြားသောအခါ သူတို့က "နားထောင်
ကြပါ၊ သူဟာ ဧလိယကို ခေါ်နေတယ်"ဟု ပြော
ကြ၏။
၃၆ ထိုနေရာမှလူတစ်ယောက်သည် ပြေးလာပြီး
တုတ်တံတွင် ရေမြှုပ်ကိုတပ်ကာ ပုန်းရည်တွင်
နှစ်လိုက်၏။ ထို့နောက် ထို တုတ်တံကို အသုံးပြု
လျက် ပုန်းရည်ကို ယေရှုသောက်နိုင်ရန် ထိုးပေး
၏။ ထိုသူက "ဧလိယလာပြီး သူ့ကို ကားတိုင်ပေါ်
က ချမချ စောင့်ကြည့်ကြစို့"ဟု ပြောလေ၏။
၃၇ ထို့နောက် ယေရှုသည် ကျယ်လောင်သော
အသံဖြင့် ဟစ်ကြွေးပြီး အသက်ထွက်တော်မူ၏။
၃၈ ယေရှုအသက်ထွက်တော်မူချိန်တွင် ဗိမာန်
တော်ရှိ ကုလားကာသည် အထက်စွန်းမှ အောက်
စွန်းတိုင်အောင် နှစ်ပိုင်းစုတ်ပြတ်သွားလေ၏။
၃၉ လက်ဝါးကပ်တိုင်ရှေ့တွင်ရပ် နေသောစစ်ဗိုလ်
သည် ယေရှုသေသည့်အချိန်တွင် ဖြစ်သည့်အရာ
ကို တွေ့လေ၏။ ထိုစစ်ဗိုလ်က "ဒီလူဟာ အမှန်တ
ကယ်ပဲ ဘုရားသခင်ရဲ့သားတော်ဖြစ်တယ်"ဟု ဆို
လေ၏။
၄၀ အမျိုးသမီးအချို့တို့သည် ခပ်လှမ်းလှမ်း
တွင် ရပ်လျက် ကားတိုင်ဆီသို့ စောင့်ကြည့် နေကြ
၏။ သူတို့အထဲတွင် မာဂဒလရွာသူမာရိ၊ ရှာလုံ၊
ယာကုပ်ငယ်နှင့်ယောသေတို့၏မိခင်မာရိတို့လည်း
ပါဝင်၏။(ယာကုပ်ငယ်သည်ယောသေ၏ညီအထွေး
ဆုံးဖြစ်သည်)။ ၄၁ ဤအမျိုးသမီးများသည် ယေရှု
ကိုပြုစုရန် ဂါလိလဲနယ်မှ လိုက်လာကြခြင်းဖြစ်သည်။
ယေရှုနှင့် အတူယေရုရှလင်မြို့မှ လိုက်လာကြသော
အခြား အမျိုးသမီးများစွာတို့လည်းရှိကြ၏။

## ယေရှုအား သင်္ဂြိုဟ်ခြင်း

*(မ ၂၇:၅၇-၆၁၊ လု ၂၃:၅၀-၅၆၊ ယော ၁၉:၃၈-၄၂)*

၄၂ ထိုနေ့အား အဖိတ်နေ့ဟုခေါ်၏ (ဥပုသ်နေ့
မတိုင်မီဟု အဓိပ္ပာယ်ရ၏)။ မှောင်စပြုလာပြီဖြစ်
၏။ ၄၃ အရိမသဲမြို့သားယောသပ်ဆိုသူသည်ရောက်
လာပြီး ပိလတ်မင်းထံသို့ ရဲဝံ့စွာဝင်လျက် ယေရှု၏
အလောင်းတော်ကို တောင်း လေ၏။ ယောသပ်
သည် ဂျူးကောင်စီတွင် အရေးပါသူတစ်ဦးဖြစ်၏။
သူသည် ဘုရားသခင်၏ နိုင်ငံတော်တည်ထောင်
မည်ကို မျှော်လင့်သောသူဖြစ်၏။
၄၄ ပိလတ်မင်းသည် ယေရှုသေဆုံးသွားသည်
ကိုကြားသိရသောအခါ အံ့အားသင့်သွား၏။ ပိလတ်
မင်းသည် ယေရှုအား စောင့်ကြပ်သောစစ်ဗိုလ်ကို
ခေါ်လေ၏။ ပိလတ်မင်းက "ယေရှုသေသွားပြီလား"
ဟု မေးမြန်း၏။ ၄၅ ထိုစစ်ဗိုလ်က ယေရှုသည် သေ
ဆုံးပြီဖြစ်ကြောင်း ပြောပြလေ၏။ ထိုအခါ ပိလတ်
မင်းသည် ယောသပ်အား ယေရှု၏အလောင်းတော်
ကို ယူသွားခွင့်ပြုလိုက်၏။
၄၆ ယောသပ်သည် ပိတ်ချောအထည်အချို့ကို
ဝယ်လေ၏။ သူသည် အလောင်းတော်ကို ကားတိုင်
ပေါ်မှချပြီးလျှင် ပိတ်ချောနှင့် ပတ် စည်းလေ၏။
ထို့နောက် ယောသပ်သည် ကျောက်နံရံကို ထွင်း
ထားသောသင်္ချိုင်းဂူထဲတွင် သင်္ဂြိုဟ်လေ၏။ ထို
နောက်တွင် ယောသပ်သည် သင်္ချိုင်းဂူအဝင်ဝ၌
အလွန်ကြီးသောကျောက်တုံးကိုလှိမ့်၍ပိတ်ထားလေ
၏။ ၄၇ မာဂဒလရွာသူမာရိ နှင့်ယောသေမိခင်မာရိ
တို့သည် ယေရှုအား သင်္ဂြိုဟ်သည့်နေရာကို တွေ့
သွားကြ၏။

## ယေရှု သေရာမှ ပြန်ရှင်လာသည့်သတင်း

*(မ ၂၈:၁-၈၊ လု ၂၄:၁-၁၂၊ ယော ၂၀:၁-၁၀)*

၁၆ ဥပုသ်နေ့လွန်ပြီး နောက်တစ်နေ့တွင်
မာဂဒလမာရိ၊ ရှာလုံနှင့်အတူ ယာကုပ်
၏ မိခင်မာရိတို့သည် အမွှေးနံ့သာများကို ဝယ်ယူ
ကြ၏။ သူတို့သည် ယေရှု၏အလောင်းတော်ကို အ
မွှေးနံ့သာဖြင့် မွှမ်းမံလိုကြ၏။ ၂ ရက်သတ္တပတ်၏
ပထမဆုံးနေ့ရက်၊ နံနက်စောစောတွင် ထိုအမျိုး
သမီးတို့သည် သင်္ချိုင်းသို့ သွားကြ၏။ နေထွက်ပြီးစ
အချိန်ဖြစ်၏။ ၃ ထိုအမျိုးသမီးတို့သည် "ဂူအဝမှာ
ပိတ်ထားတဲ့ ကျောက်တုံးကြီးကို ဘယ်သူရွှေ့ပေး
မှာလဲ"ဟု အချင်းချင်းပြောဆိုကြ၏။
၄ ၎င်းနောက် ထိုအမျိုးသမီးတို့သည်ကြည့်လိုက်
သောအခါ ကျောက်တုံးကြီးရွှေ့နေသည်ကို တွေ့
မြင်ရသည်။ ကျောက်တုံးကြီးသည် အလွန်ကြီးမား
သော်လည်း ဂူအဝင်ပေါက်မှ ရွှေ့နေလေ၏။ ၅ ထို
အမျိုးသမီးတို့သည် သင်္ချိုင်းဂူထဲသို့ဝင်သွားကြ၏။
သူတို့သည် ဖြူစင်သော ဝတ်လုံကို ဝတ်ဆင်ထား

သောလူငယ်တစ်ဦးကို တွေ့မြင်ကြ၏။ ထိုသူသည်
ဂူ၏ညာဘက်တွင် ထိုင်နေ၏။ ထိုအမျိုးသမီးတို့
သည် ထိတ်လန့်သွားကြ၏။
၆ သို့ရာတွင် ထိုသူက “မကြောက်ကြနဲ့။
လက်ဝါးကားတိုင်ပေါ်မှာ အသတ်ခံရတဲ့ နာဇရက်
မြို့သားယေရှုကိုသင်တို့ရှာနေကြတယ် မဟုတ်လား။
သူဟာ သေခြင်းကနေ ရှင်ပြန်ထမြောက်သွားပြီ။
သူဒီမှာမရှိတော့ဘူး။ အလောင်းတော်ကို သူတို့
ထားခဲ့တဲ့နေရာကို ကြည့်ကြပါ၊ ၇ အခုပဲ နောက်
လိုက်တွေနဲ့ ပေတရုဆီကို သွားပြီးပြောလိုက်ပါ။
‘ယေရှုဂါလိလဲကိုသွားနှင့်ပြီ၊ သင်တို့ ရှေ့ကရောက်
နှင့်နေပြီ။ သူပြောထားနှင့်တဲ့အတိုင်း သင်တို့ သူ့
ကို အဲဒီမှာ တွေ့ရလိမ့်မယ်’လို့ သူတို့ကို ပြော
လိုက်ပါ”ဟု ပြောဆို၏။
၈ ထိုအမျိုးသမီးတို့သည် ထိတ်လန့်ခြင်းနှင့်
အတူ စိတ်ရှုတ်ထွေးသွားကြပြီး သင်္ချိုင်းမှ ပြေး
ထွက်လာကြ၏။ သူတို့သည် ကြောက်ရွံ့ထိတ်လန့်
နေကြသောကြောင့် ဤအမှုအရာကို မည်သူ့ကိုမျှ
မပြောကြ။

## နောက်လိုက်အချို့တို့က ကိုယ်တော်ကိုမြင်တွေ့ခြင်း

*မ ၂၈း၉-၁၀၊ လု ၂၄း၁၃-၃၅၊ ယော ၂၀း၁၁-၁၈)*

၉ ယေရှုသည် ရက်သတ္တပတ်၏ပထမနေ့တွင်
သေခြင်းမှရှင်ပြန်ထမြောက်ခဲ့၏။ ကိုယ်တော်သည်
ဦးစွာပထမ မာဂဒလမာရိထံ ကိုယ်ကို ထင်ရှားပြ
၏။ ယေရှုသည် တစ်ချိန်က မာရိအထဲမှ နတ်ဆိုး
ခုနစ်ပါးကိုမောင်းထုတ်ခဲ့ဖူး၏။ ၁၀ မာရိသည်ယေရှု
ကို မြင်ပြီးနောက် နောက်လိုက်တို့ထံသွား၍ ပြော
ပြလေ၏။ သူတို့သည် ဝမ်းနည်းစွာငိုကြွေးကြ၏။
၁၁ သို့ရာတွင် မာရိက ယေရှုအသက်ရှင်လျက်ရှိ
ကြောင်းကို သူတို့အား ပြောပြ၏။ သူမက ယေရှု
အား သူမမြင်ခဲ့သည်အတိုင်း ပြောပြလေ၏။ သို့ရာ
တွင် သူမကို သူတို့မယုံကြ။
၁၂ ၎င်းနောက် ယေရှုသည် တောရွာထဲတွင်
လမ်းလျှောက်နေကြသော နောက်လိုက်နှစ်ယောက်
တို့ထံ ကိုယ်ကိုထင်ရှားပြလေ၏။ သို့သော် ယေရှု၏
ရုပ်အဆင်းမှာ အသတ်မခံရမီကပုံနှင့် ကွဲပြားလေ
၏။ ၁၃ ဤနောက်လိုက်နှစ်ဦးသည် အခြားနောက်
လိုက်တို့ထံသို့ ပြန်သွားကြပြီး အဖြစ်အပျက်ကို
ပြောပြကြ၏။ သူတို့ပြောသည်ကို ထိုနောက်လိုက်
တို့က မယုံကြ။

## ယေရှု တမန်တော်တို့အား စကားပြောခြင်း

*(မ ၂၈း၁၆-၂၀၊ လု ၂၄း၃၆-၄၉၊ ယော ၂၀း၁၉-၂၃၊ တ
၁း၆-၈)*

၁၄ ရက်အနည်းငယ်အကြာတွင် ယေရှုသည်
နောက်လိုက်တစ်ဆယ့်တစ်ဦးတို့ စားသောက်နေ
ကြစဉ် ကိုယ်ထင်ရှားပြတော်မူ၏။ ကိုယ်တော်သည်
နောက်လိုက်တို့အား အပြစ်တင်လေ၏။ အဘယ်
ကြောင့်ဆိုသော် သူတို့သည် ယုံကြည်ခြင်းအားနည်း
ကြ သောကြောင့်ဖြစ်၏။ သူတို့သည် ယေရှုသည်
သေခြင်းမှ ရှင်ပြန်ထမြောက်ကြောင်း တွေ့မြင်၍
ပြောပြသူများကို ယုံကြည်ရန် ခေါင်းမာစွာငြင်းဆန်
နေကြ၏။
၁၅ ကိုယ်တော်က နောက်လိုက်တို့အား “ကမ္ဘာ
အရပ်ရပ်ကိုသွားပြီး လူတို့ကို ဝမ်းမြောက်ဖွယ်သ
တင်းကောင်းကို ပြောပြကြပါ၊ ၁၆ ယုံကြည်ပြီး ဗတ္တိဇံ
ခံသူတိုင်း ကယ်တင်ခြင်း ကိုရကြလိမ့်မယ်၊ ဒါပေ
မယ့် မယုံကြည်တဲ့သူဟာ အပြစ်စီရင်ခြင်းကို ခံရ
လိမ့်မယ်၊ ၁၇ ယုံ ကြည်တဲ့သူများဟာ ဒီမှာရေးထား
တဲ့သက်သေများကိုပြကြလိမ့်မယ်၊ သူတို့ဟာ ငါ့
နာမကို အသုံးပြုပြီး လူတို့အထဲက နတ်ဆိုးများကို
နှင်ထုတ်ကြလိမ့်မယ်၊ သူတို့ဟာ သူတို့မသိတဲ့
ဘာသာစကားတွေကို ပြောကြလိမ့်မယ်၊ ၁၈ သူ တို့
ဟာ မြွေဆိုးတွေကို ဘေးအန္တရာယ်မရှိဘဲ ဖမ်းဆီး
ကြလိမ့်မယ်၊ အဆိပ်ကို ဘေးအန္တရာယ်မရှိဘဲ
သောက်ကြလိမ့်မယ်၊ သူတို့ ထိကိုင်တာနဲ့ဖျားနာ
နေတဲ့သူတွေဟာ ကျန်းမာခြင်း ရကြလိမ့်မယ်”ဟု
မိန့်တော်မူ၏။

## ယေရှုကောင်းကင်သို့ တက်ကြွတော်မူခြင်း

*(လု ၂၄း၅၀-၅၃၊ တ ၁း၉-၁၁)*

၁၉ ယေရှုသည်နောက်လိုက်တို့အားဤအကြောင်း
အရာများကို မိန့်တော်မူပြီးသည့်နောက် ကောင်း
ကင်သို့ဆောင်ယူခြင်းကို ခံတော်မူ၏။ ထိုနေရာ
တွင်ယေရှုသည်ဘုရားသခင်၏ညာဘက်တွင်ထိုင်
နေ၏။ ၂၀ နောက်လိုက်တို့သည် ကမ္ဘာအရပ်ရပ်သို့
သွားပြီးလူတို့အားဝမ်းမြောက်ဖွယ်သတင်းကောင်း
ကို ကြားပြောကြ၏။ သခင်ဘုရားသည် သူတို့အား
ကူမလေ၏။ သခင်ဘုရားသည် သူတို့ပြောပြသော
ဝမ်းမြောက်ဖွယ်သတင်း မှန်ကန်ကြောင်းကို သက်
သေပြရန် နောက်လိုက်တို့အား အံ့ဖွယ်နိမိတ်လက္ခ
ဏာများကို ပြနိုင်သောတန်ခိုးကို ပေးတော်မူ၏။

ရှင်မာကုခရစ်ဝင်ကျမ်းပြီး၏။